ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

## ကာမဂုဏ်၌ မတပ်မက်၊ မငြီးတွယ်

ပန်းခူးသောသူသည် ကောင်းနိုးရာရာပန်းများကို ခူးသကဲ့သို့ ကာမဂုဏ်တရားတို့ကို ရယူသိမ်းပိုက်တတ်ကြ၏။ ထိုသူတို့သည် ကာမဂုဏ်တို့၌ ကပ်ငြိတွယ်တာသောစိတ်ဖြင့် မည်သည့်အခါမျှ မရောင့်ရဲနိုင်သောကြောင့် သေမင်းနိုင်ငံသို့လိုက်ရသည်သာ ဖြစ်၏။ ကာမဂုဏ်တို့ကို မတောင့်တ၊ မငြီးတွယ်ဘဲ ရောင့်ရဲတတ်သူကား သေမင်း၏လက်မှ လွတ်မြောက်ရ၏။ ကာမဂုဏ်တို့၌ မတပ်မက်၊ မငြီးတွယ်ဘဲ နေနိုင်အောင်ကြိုးစားရာ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၈)

၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်၊ တနင်္လာနေ့။ 18, Monday July 2016 (၈၆၂၆)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျင်ဂစ်ခန်ရုပ်တု အဆောက်အအုံကို ကြည့်ရှုလေ့လာ



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ ဂျင်ဂစ်ခန်ရုပ်တုအဆောက်အအုံရှိ ရှေးဟောင်းသုတေသနဆိုင်ရာ မွန်ဂိုလီးယားလူမျိုးတို့၏ ယဉ်ကျေးမှု လက်ရာပစ္စည်းများအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၁၇**

(၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီတွင် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ရှိ ဂျင်ဂစ်ခန်ရုပ်တုအဆောက်အအုံကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဂျင်ဂစ်ခန်ရုပ်တုကို မွန်ဂိုလီးယားနိုင်ငံ မြို့တော် အူလန်ဘာတာ၏ အရှေ့ဘက် ၅၄ ကီလိုမီတာအကွာရှိ တုလ်လွန်မြစ်ကမ်းနားဘေး၌ မြင်း၏ကျောကုန်းပေါ်တွင် ဂျင်ဂစ်ခန်ထိုင်နေသောပုံစံဖြင့် အရှည်မီတာ ၄၀ ရှိ ရုပ်တုထုလုပ်ထားခြင်းဖြစ်သည်။ ဒဏ္ဍာရီသမိုင်းများအရ ဂျင်ဂစ်ခန်သည် ရွှေကြာပွတ်ကို ရှာဖွေတွေ့ရှိခဲ့သော နေရာဖြစ်ကြောင်းကိုလည်း သိရသည်။

အဆိုပါရုပ်တုကို ဂျင်ဂစ်ခန်၏မွေးရပ်ဇာတိရှိရာ အရှေ့အရပ်ဆီသို့ ညွှန်ပြသည့်အနေအထားဖြင့် တည်ဆောက်ထားပြီး ရုပ်တုအောက်ခြေတွင် ဂျင်ဂစ်ခန်မှ လစ်ဒန်ခန်အထိ ခေတ်ပေါင်း ၃၆ ခေတ်ကို ကိုယ်စားပြုသည့် ၁၀ မီတာအမြင့်ရှိ စာတိုင်ပေါင်း ၃၆ တိုင်ဖြင့် ၂၀၀၈ ခုနှစ်တွင် ဖွဲ့စည်းတည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါရုပ်တု၏ မြင်းဦးခေါင်းပိုင်းမှစတင်ကာ လည်ပင်းနှင့် ရင်ဘတ်ပိုင်းတစ်လျှောက်မှနေ၍ မွန်ဂိုလီးယားဒေသ၏ ရေမြေရှုမျှော်ခင်းအလှကို မြင်ကွင်းကျယ်ကြည့်ရှုနိုင်ရန် စီစဉ်ထားသည်။ ရုပ်တုတည်ရှိရာ ဧရိယာအနောက်ဘက် မြေဧက ၅၂၀ ပေါ်တွင် ကမ္ဘာလှည့်ခရီးသွားများ အနားယူအပန်းဖြေနိုင်ရန် မွန်ဂိုလီးယားရွက်ဖျင်တဲစခန်း **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✱

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UNFC ခေါင်းဆောင်များ ရင်းနှီးသောမိသားစုဝင်များအဖြစ် တွေ့ဆုံဆွေးနွေး

သတင်း စာမျက်နှာ » ၃





ကြေးမုံ

## အကျိုးမဲ့သောပြုမူခြင်းသည် မကောင်းမှုပင်

လောကတွင် လူတို့တစ်ဦးနှင့်တစ်ဦး နောက်ပြောင်တတ်၏။ စနောက်တတ်၏။ တစ်ဦးတစ်ယောက်အပေါ်တွင် ထိခိုက်နစ်နာမှုမရှိဘဲ ပျော်စေပြက်စေသဘောဖြင့် စနောက်ခြင်းမှာ ဆိုစရာမရှိသော်လည်း တစ်ဦးတစ်ယောက်အပေါ်တွင် ထိခိုက်နစ်နာအောင်၊ ထိတ်လန့်တုန်လှုပ်ပြီး နစ်နာအောင် နောက်ပြောင်မိမည်ဆိုပါက မိမိတွင်လည်း အပြစ်မကင်းဖြစ်ကာ တစ်ချိန်ချိန်တွင် ကိုယ်ပြုသည့်ကံ ကိုယ်ပြန်ခံရတတ်ပေသည်။

တစ်စုံတစ်ခုဖြင့် နောက်ပြောင်စေလိုသောအခါ မမှန်သောအပြုအမူကို ပြုရသည်။ မမှန်သောစကားကို ဆိုရသည်။ မှန်ကန်သောပြုမူမှု၊ မှန်ကန်သောပြောဆိုမှု မဟုတ်သောကြောင့် ကုသိုလ်မဖြစ်၊ အကုသိုလ်ဖြစ်စေ၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်က သားတော်ရာဟုလာအား "ချစ်သားရာဟုလာ မုသားဆိုလျှင် ရယ်ဖွယ်မျှပင် မပြောလင့်"ဟု မိန့်တော်မူခဲ့သည်ကို မှတ်သားဖူးသည်။ အပျော်အပြက်ပါဟူ၍ ပေါ့ပေါ့တန်တန်သဘောဖြင့် လိမ်ညာမိရာမှ အတည်လိမ်မိသည်အထိ ဖြစ်တတ်သည်။

လိမ်ညာခြင်းဟူသည် အပျော်အပြက်ပင်ဖြစ်စေ၊ အတည်ပင်ဖြစ်စေ မုသာဝါဒပင်ဖြစ်သည်။ အမှန်ကိုမပြု၊ အမှန်သိမဖြစ်ဘဲ အမှားသိဖြစ်လေ့ဖြစ်ထရှိရာမှ မှားယွင်းသောအပြုအမူတို့ကို ဆက်ဆက်လုပ်မိတတ်လေသည်။ အရင်းစစ်လျှင် အသေးအဖွဲလိမ်ညာမိမှုမှနေ၍ မကောင်းမှုကို အကြီးအကျယ်ကျူးလွန်မိတတ်သည်အထိ လိမ်ညာမှု မုသာဝါဒကို ထည်လဲသုံးမိတတ်သည့် အချက်ပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လူမှုဘဝတွင် အသေးအဖွဲလိမ်ညာမှု(နောက်ပြောင်မှုအပါအဝင်) အစပြုရာမှ ဆက်ကာဆက်ကာ လိမ်ညာမိသည်အထိ ဖြစ်တတ်သည့်အတွက် မုသာဝါဒကို အသေးစားပင်ဖြစ်စေ၊ အလတ်စားပင်ဖြစ်စေ၊ အကြီးစားပင်ဖြစ်စေ မပြောဆိုမိစေဘဲ ပြုမူနေထိုင်ကျင့်ကြံသွားကြရမည်ဖြစ်သည်။

မျက်မှောက်လောကတွင် အလွယ်ကူဆုံးကျူးလွန်မိကြသည့်အမှုမှာ လိမ်ညာမှု(မုသာဝါဒ) ပင်ဖြစ်သည်။ အကြီးစား၊ အလတ်စား၊ အသေးစား အမျိုးမျိုးအဖုံဖုံလိမ်ညာမှုများကို လူမှုဘဝလောကအလယ်တွင် မြင်တွေ့နေရသည်။ ယင်းတို့အနက် မကြာသေးမီက မိမိလည်းအကျိုးမရှိ အများသူငါလည်းအကျိုးမရှိသည့် နောက်ပြောင်လိမ်ညာမှုများ ကျူးလွန်လာသည်ကို တွေ့ရသည်။ အစောပိုင်းက လူမှုကွန်ရက်စာမျက်နှာမှ မမှန်သတင်းများဖြန့်ဝေပြီး ပြည်သူတို့အား အထိတ်တလန့်ပြုလုပ်နေရာမှ ယခုအခါ မီးရေးထင်းရေး၊ လုံခြုံရေးကိစ္စများတွင်ပါ မမှန်သတင်းပေး နောက်ပြောင်လိမ်ညာမှုများ ပြုလုပ်လာသည်ကို တွေ့ရသည်။

၁၉၉ ဟူသော လုံခြုံရေးဆိုင်ရာအရေးပေါ် ဖုန်းသတင်းလက်ခံရာဌာန စတင်ဖွင့်လှစ်သည့်အချိန်မှစ၍ ၁၀ ရက်အတွင်း နေ့စဉ်ဆက်သွယ်လာသော ဖုန်းများတွင် ဖြစ်စဉ်အမှန်ကို ဆက်သွယ်သည့်သူထက် စနောက်ပြီး မမှန်သတင်းပေးသူမှာ ထက်ဝက်ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အသိပေးထားသည်။ ဖုန်းဆက်အကြောင်းကြားမှု အကြိမ်ရေ ၁၂၀ ခန့်တွင် ဖြစ်စဉ်အမှန်မှာ အကြိမ် ၄၀ ရှိပြီး မမှန်သတင်းပေးမှု အကြိမ် ၃၀ နှင့် စနောက်မှုအကြိမ် ၅၀ ခန့်ရှိကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

သတင်းပေးအကြောင်းကြားလာသောအခါ ရဲတပ်ဖွဲ့မှ အချိန်မီသွားရောက်ပြီး အတည်ပြုချက်ယူရာတွင် မှန်ကန်မှုမရှိသောအခါ အချိန်ကုန်လူပန်းဖြစ်ရသည့်အပြင် ယင်းအချိန်တွင် အမှန်တကယ်သတင်းပို့မှုနှင့် တိုက်ဆိုင်နေပါက အစစ်အမှန်ဖြစ်ပွားသောနေရာသို့ အချိန်မီရောက်ရှိရန် နှောင့်နှေးခြင်း၊ တပ်ဖွဲ့အင်အားလျော့နည်းခြင်းတို့နှင့် ကြုံတွေ့နိုင်သဖြင့် ရဲတပ်ဖွဲ့ဝင်များသာမက ပြည်သူလူထုလည်း နစ်နာမှုများဖြစ်ပေါ်ရသည်။

ကျား၊ ကျားဟု နောက်ပြောင်ကာ လူတို့အားထိတ်လန့်စေသော ပုံပြင်ကဲ့သို့ သတိပြုရမည်ဖြစ်သည်။ ပုံပြင်တွင် ကျား၊ ကျားဟုဆိုသဖြင့် ရွာလူထုမှာ တုတ်၊ ဓားဆွဲကာ ကျားအန္တရာယ်ကိုကာကွယ်ရန် စုရုံးသွားရောက်ကြသော်လည်း မမှန်သတင်းနောက်ပြောင်ခြင်းသာဖြစ်ကြောင်း သိရှိလာသောအခါ အမှန်တကယ် ကျားသတ္တဝါ ရောက်လာသောအခါ လူတို့စုရုံးကာကွယ်ခြင်းမပြုတော့သဖြင့် အဆိုပါ ကျားဟုဆိုသူပင် အသက်ဆုံးရသကဲ့သို့ မိမိပြုခဲ့သော မုသာဝါဒကံသည် မိမိထံသို့ပြန်လည်ရောက်ရှိပြီး ဘေးဒုက္ခရောက်တတ်ကြောင်း ဥပမာမှာ လိမ်ညာနောက်ပြောင်မှုများအတွက် မှတ်သားသင့်သည့်ဥပမာဖြစ်သည်။

ယခုအခါ သက်ဆိုင်ရာတာဝန်ရှိသူများအား အနှောင့်အယှက်ဖြစ်ခြင်း၊ ပြည်သူလူထုတို့အား အထိတ်တလန့်ဖြစ်စေခြင်းသို့ ရောက်စေနိုင်သော မမှန်သတင်းပေးခြင်း၊ နောက်ပြောင်သတင်းပေးခြင်းတို့သည် မုသာဝါဒ လိမ်ညာခြင်းကို အလွယ်တကူကျူးလွန်နေကြခြင်းသာဖြစ်သည်။ ထိုသို့ ပြုသောသူသည် မကောင်းမှုပြုသော သူသာဖြစ်၍ စခြင်း၊ နောက်ပြောင်ခြင်းသဘောဖြင့် ထိုကဲ့သို့သောအမှုကိစ္စများအား အလွယ်တကူ မကျူးလွန်မိကြရန်နှင့် သတိထားဆင်ခြင်ကြရန်လိုအပ်ပါကြောင်း။ ။

## ကလေးအလုပ်သမားအရေးနှင့်ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၇**



အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) မှ ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းရှိ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီအဖွဲ့ဝင်များအား ကလေးအလုပ်သမားအရေး (Child Labour) နှင့် ပတ်သက်သည့် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းတွင် ပြုလုပ်ခဲ့သည်။

ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဝင်များအနေဖြင့် ကလေးအလုပ်သမားပြဿနာများအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က "လူမှုဝန်ထမ်းဦးစီးဌာနနဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)တို့ ပူးပေါင်းပြီး (Child Labour)နှင့် ပတ်သက်တဲ့ အချက်အလက်တွေကို မြို့နယ်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ကော်မတီဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ရခြင်းကတော့(ILO)အနေနဲ့ မြို့နယ်တွေမှာ သီးသန့်ဖွဲ့စည်းထားတဲ့ ကော်မတီဝင်တွေမရှိတဲ့အတွက် ကလေးသူငယ်လုပ်ငန်းများနဲ့ ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေနဲ့အညီ ဖွဲ့စည်းထားတဲ့၊ လက်ရှိလည်း ဆောင်ရွက်နေတဲ့အဖွဲ့ဖြစ်တဲ့ မြို့နယ်ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့နဲ့ အခုလိုဆွေးနွေးရခြင်းဖြစ်ပါတယ်။ နောင်မှာလည်း (Child Labour)နဲ့ ပတ်သက်တာတွေကို အသိပညာပေးဆွေးနွေးပွဲတွေကို တိုင်းဒေသကြီးအဆင့် ပြုလုပ်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် ကလေးလုပ်သား အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထားခံယူချက်များ၊ မြန်မာနိုင်ငံရှိ ကလေးအလုပ်သမားများ အခြေအနေ၊ နိုင်ငံတော်အဆင့် ဆောင်ရွက်ရမည့်မူဘောင်နှင့် နိုင်ငံတကာစံချိန်စံနှုန်းများ၊ မြန်မာနိုင်ငံ၏ ကလေးလုပ်သား လျှော့ချရေးအစီအစဉ်များ၊ တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ရန် ကနဦး ရွေးချယ်ထားသည့်ကျေးရွာအုပ်စုများ၊ ကလေးလုပ်သား၏ အဓိကကျသော ပြဿနာများကို ဖြေရှင်းပေးမည့် ရေရှည်နည်းလမ်းများကို လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်နှင့် (ILO)မှ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်မှ အကြီးတန်းအကြံပေးအရာရှိ Mr. Selim Benaissa နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသူများက ဆွေးနွေးခဲ့သည်။

မြို့နယ်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်က "ဒီနေ့ ပြုလုပ်တဲ့ ဆွေးနွေးပွဲကနေ အလုပ်လုပ်နေတဲ့ ကလေးတွေနဲ့ပတ်သက်ပြီး အကောင်းဆုံး အကျိုးစီးပွားခံစားနိုင်ရေးနဲ့ အလုပ်လုပ်နေတဲ့ ကလေးတွေကို ကာကွယ်နိုင်မယ့် အခွင့်အရေး၊ ရရှိနိုင်မယ့် အကျိုးကျေးဇူးတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မြို့နယ်ပေါင်း ၄၅ မြို့နယ်ရှိတဲ့အထဲက ဒဂုံဆိပ်ကမ်းမြို့နယ်ကို ရွေးချယ်ဆောင်ရွက်ပေးတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်"ဟု ပြောသည်။

ကလေးအလုပ်သမား ပြဿနာများအား ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၏ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့်(ILO)တို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နှင့် မွန်ပြည်နယ် ရေးမြို့နယ်တို့တွင် အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ကလေးအလုပ်သမား ၁၆၈ သန်းရှိပြီး အန္တရာယ်ရှိသော လုပ်ငန်းခွင်တွင် ၈၅ သန်း လုပ်ကိုင်နေရကြောင်း အာရှနှင့် ပစိဖိတ်ဒေသတွင် အများဆုံးဖြစ်ပြီး ကလေးလုပ်သား ၇၈ သန်းရှိကြောင်း (ILO)က ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။ **(သီသီမင်း)**

## လူသားချင်းစာနာထောက်ထားမှု ကျား၊ မရေးရာနှင့် ဘေးအန္တရာယ်လျှော့ချရေး သင်တန်းဖွင့်

**စစ်တွေ ဇူလိုင် ၁၇**

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့(UNFPA) တို့ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှု လုပ်ဆောင်ချက်ရှိ ကျား၊ မရေးရာနှင့် ဘေးအန္တရာယ်လျှော့ချရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေဟိုတယ်၌ ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက အဖွင့်အမှာစကားပြောကြားပြီး ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)၊ Head of Office Sarah အဖွဲ့ ရခိုင်ပြည်နယ် တာဝန်ခံတစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစန်းစန်းအေး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (UNFPA) မှ တာဝန်ခံအဖွဲ့အစည်းများ၊ သင်တန်းတက်ရောက်မည့် ဌာနဆိုင်ရာအရာထမ်းများ၊ NGO, INGOs မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




## မိုင်းဆတ်၌ စိုက်ပျိုးမွေးမြူရေး သင်တန်းဖွင့်

**မိုင်းဆတ် ဇူလိုင် ၁၇**

မိုင်းဆတ်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးမွေးမြူရေးသင်တန်းကို ဇူလိုင် ၁၅ ရက်က ဆိုက်ခေါင်ကျေးရွာ၌ ဖွင့်လှစ်ရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးစိုင်းစိုးစိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း ပို့ချမည်ဖြစ်ပြီး တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေၚမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြီးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၀ အ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

## ဦးအောင်လင်းအား အမေရိကန်ပြည်ထောင်စုဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

**နေပြည်တော် ဇူလိုင် ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းအား အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**



## ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြ

ကမ္ဘာ့ဇာတ်ခုံကြီးမှာ ကမ္ဘာ့တေးသံလိုက်၍ ကနိုင်တဲ့ ဗမာပြည်ကြီးဖြစ်အောင် ဖန်တီးပြုပြင်ကြစို့။ ဗမာပြည်ကြီးကို လွတ်လပ်ပြီး တိုးတက်ထွန်းကားတဲ့တိုင်းပြည်ဖြစ်အောင် ကြံဆောင်ကြိုးစားကြစို့။ ယခုလက်ဝယ်ရှိတဲ့ လုပ်ငန်းတာဝန်အလိုက် ကျွန်တော်တို့ အလုပ်လုပ်ကြစို့။ ကျွန်တော်တို့အားလုံး စစ်သားရော၊ နိုင်ငံရေးသမားရော၊ စာရေးဆရာရော၊ ဗမာတစ်မျိုးလုံး ယခုပြောတဲ့အတိုင်း ခေတ်ပြောင်းအလုပ်ကို တူပြိုင်ပြိုင် လုပ်ကိုင်ကြပါစို့။

*(၁၉၄၉ ခုနှစ် အိုးဝေမဂ္ဂဇင်းတွင် ဖော်ပြခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အောင်မြင်ဆန်းသစ်သော အတွေးအခေါ်များမှ ကောက်နုတ်ချက်)*

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့် အမျိုးသားပြတိုက်တို့သို့ သွားရောက်ကြည့်ရှု

**ရန်ကုန် ဇူလိုင် ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရောက်ရှိပြီး ၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအတွက် ပြတိုက်အတွင်း ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအတွက် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၌ ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပြတိုက်အတွင်း အကြီးစားပြုပြင်မွမ်းမံပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ဆီလီကွန်ရုပ်တုပြသထားရှိမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း၏ရှားပါးဓာတ်ပုံများပြသရန် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက သူရဦးတင်ဦးတို့နှင့်အတူ ဒဂုံမြို့နယ်ရှိ အမျိုးသားပြတိုက်သို့ သွားရောက်ပြီး ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပန်းချီ ဦးမာလာ၏ ခေတ်စုံ အလှစုံ ပန်းချီပြပွဲကို ကြည့်ရှုအားပေးသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ပန်းချီဆရာကြီး ဦးမာလာက ၎င်းကိုယ်တိုင် လွန်ခဲ့သောဆယ်နှစ်ကျော်က ရေးဆွဲထားသည့် ရေဆေးပန်းချီကားကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ပန်းချီ ဦးမာလာ၏ ခေတ်စုံ အလှစုံ ပန်းချီပြပွဲကို ဇူလိုင် ၁၇ ရက်မှ ၁၉ ရက် အထိ ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ပြသသွားမည်ဖြစ်ပြီး ပန်းချီဆရာကြီး ဦးမာလာ၏ ပန်းချီကားပေါင်း ၃၀ ကို ပြသထားသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UNFCခေါင်းဆောင်များ ရင်းနှီးသောမိသားစုဝင်များအဖြစ် တွေ့ဆုံဆွေးနွေး



**ရန်ကုန် ဇူလိုင် ၁၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လ ဦးဆောင်သည့် အဖွဲ့ဝင်များသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC ) ရန်ကုန်ရုံးခွဲ၌ ရင်းနှီးသောမိသားစုဝင်များအဖြစ် ပထမဆုံးအကြိမ် တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ပါဝင်သင့်ပါဝင်ထိုက်သူများ ပါဝင်နိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရေးဆိုင်ရာများကို ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲတွင် အစိုးရဘက်မှ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ ဦးမိုးဇော်ဦးတို့ တက်ရောက်ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ(UNFC)ဘက်မှ UNFC ဥက္ကဋ္ဌ ဦးအင်ဘန်လ နှင့် အဖွဲ့ဝင် ဦးနိုင်ထောမွန်၊ ဦးခွန်းအေဘယ်တွိဒ်၊ ဦးဆေထင် နှင့် UNFC က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) ခေါင်းဆောင် ခူဦးရယ်အပါအဝင် အဖွဲ့ဝင်ရှစ်ဦးတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ၂၀၁၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၁၇**
၂၀၁၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ) မိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒဆရာတော်များ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီး၊ ပင့်ဖိတ်ထားသည့် ဒေသခံဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားမစတင်မီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အနော်ရထာခန်းမရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများကပ်လှူပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။



ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများထံသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီးတို့ကလည်းကောင်း၊ တက်ရောက်လာကြသူများကလည်းကောင်း ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်မြတ်က အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။ **(မြဝတီ)**

## ❐ ကျောဖုံးမှ

၂၀၁၆ ခုနှစ် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပမည့် ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်ပန်းခြံ အဝင်လမ်းနှင့် အများပြည်သူအဝင်လမ်းတို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်နှင့် မိန့်ခွန်းများ၊ ဗြိတိသျှနယ်ချဲ့တို့၏ သူ့ကျွန်ဘဝမှ မြန်မာတစ်မျိုးသားလုံး လွတ်မြောက်ရန် အားထုတ်ကြိုးပမ်းခဲ့ကြသော အာဇာနည်ခေါင်းဆောင်ကြီးများ၏ Graphic ပုံရိပ်များ၊ သခင်ကိုယ်တော်မှိုင်း၏ ရဟန်းရှင်လူပြည်သူတစ်ရပ်လုံး ကိုယ့်ထီး၊ ကိုယ့်နန်းပြန်လည်ရရှိရေးအတွက် ထူးခြားစူးရှသော အမျိုးသားရေးပုံရိပ်များကို ဗိုလ်ချုပ်အောင်ဆန်းဘွဲ့ကဗျာ၊ ဘာဝနာတမ်းချင်း၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းနှင့် အာဇာနည်ဗိမာန် စသည်များကို Graphic ဦးမော်လင်းရေးဆွဲ ဖော်ပြထားသည့် Graphic Board များကို အများပြည်သူများ ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် ယခုနှစ်ကျင်းပမည့် အာဇာနည်ဗိမာန်တွင် ယခင်နှစ်များနှင့်မတူဘဲ အာဇာနည်ဗိမာန် ကြယ်ဖြူကြီးနေရာတွင် မူလကြယ်ပုံသဏ္ဌာန်အပေါက်ဖောက်၍ ကြွေလွင့်သွားသော ကြယ်သည် ပန်းခြံအတွင်း ကျရောက်နေသည့် ပုံဖော်မှုပုံသဏ္ဌာန်နှင့် အာဇာနည်ဗိမာန် အမြောင်း ကိုးမြောင်း၏ အောက်ခြေတွင် ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ ဂူဗိမာန်လေးများအပေါ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရာဇဝင်များအား ကြေးပြားပေါ်၌ ကမ္ပည်းရေးထိုးထားမှုများ၊ ယခင်က ဗိမာန်၏အလယ်တွင်ရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား ဘယ်ဘက်သို့ အနည်းငယ် ရွှေ့ထားမှုပုံရိပ်များကို လေ့လာကြည့်ရှုနိုင်ရန် ယခုနှစ်တွင် ထူးခြားစွာပြင်ဆင်မွမ်းမံထားကြောင်း သိရသည်။

**သတင်း-ဓာတ်ပုံ (စောသိန်းဝင်း)**

# အာဇာနည်နေ့မတိုင်မီမှာပင် နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်ကြည့်ရှုသူများပြား

**မကွေး ဇူလိုင် ၁၇**
မြန်မာနိုင်ငံတစ်ဝန်း၌ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့ကို ဂုဏ်ပြုရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေကြသည်ကို မြင်တွေ့ကြားသိနေရသည်။ ထို့အတူ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သော မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ် ပြတိုက်၌လည်း အာဇာနည်နေ့မတိုင်မီကာလမှာပင် လာရောက်ကြည့်ရှုသူများ တဖွဲဖွဲလာရောက်နေသည်ကို တွေ့ရှိခဲ့ရသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်လေ့လာသူအရေအတွက်မှာ ပုံမှန်ရက်များတွင် ပျမ်းမျှ ၅၀ မှ ၇၀ ကြားရှိသော်လည်း ဗိုလ်ချုပ်မွေးနေ့ (ဖေဖော်ဝါရီ ၁၃ ရက်)နှင့် အာဇာနည်နေ့ (ဇူလိုင် ၁၉ ရက်)တို့တွင် လာရောက်သူဦးရေ ပိုမိုများပြားလေ့ရှိကြောင်း၊ ယခု အာဇာနည်နေ့တွင် လာရောက်သူများ အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ထားကြောင်း ဗိုလ်ချုပ်နေအိမ်ပြတိုက်မှ ပြတိုက်အမြဲတမ်းတာဝန်ခံက ပြောသည်။

နတ်မောက်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ယင်းနေ့တွင် ဓာတ်ပုံနှင့် ပန်းချီပြခန်းများ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အာဇာနည်နေ့မှာတော့ ဓာတ်ပုံနဲ့ ပန်းချီပြခန်းတွေ ပြသသွားဖို့ရှိပါတယ်။ ဓာတ်ပုံပြခန်းမှာတော့ ဓာတ်ပုံပေါင်း ၁၇၀ လောက်ပြသသွားဖို့ရှိပါတယ်။ အဲလိုပြသတဲ့အခါမှာလည်း ရှားပါးဓာတ်ပုံတွေကို အဓိကပြသသွားဖို့ရှိပါတယ်။ အခုလက်ရှိ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်မှာ ပြသထားတဲ့ ဓာတ်ပုံတွေနဲ့ မတူတာတွေကို ပြသသွားမှာပါ" ဟု မကွေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဦးစီးမှူး ဦးသက်ဝင်းအောင်က ရှင်းပြသည်။

အဆိုပါဓာတ်ပုံများအနက် အလှူရှင်များက လှူဒါန်းသည့် ဓာတ်ပုံများပါဝင်သလို ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ရှာဖွေစုဆောင်းထားသည်များလည်းပါဝင်ကြောင်း၊ ပြခန်းအဆောက်အအုံကို ယာယီသဘောမျိုးသာ လုပ်ဆောင်သွားမည်ဖြစ်ပြီး အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ပြသသွားမည်ဖြစ်ကာ ပြန်လည်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံပြခန်းနှင့် ပန်းချီပြခန်းများကို ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ဝင်းအတွင်း၌ (၁၀×၅၀)ပေ အခန်း ငါးခန်းဖြင့် ပြသသွားမည်ဖြစ်ပြီး လွမ်းသူ့ပန်းခွေချခြင်းကို ဗိုလ်ချုပ်ကြေးရုပ်တည်ရှိရာ ကြေးရုပ်ကွင်းအတွင်း ပြုလုပ်သွားမည်ဟု သိရသည်။

"ကျွန်တော်က နတ်မောက်မြို့ပေါ်မှာ နေပါတယ်။ နေအိမ်ပြတိုက်မှာ ဓာတ်ပုံနဲ့ ပန်းချီပြခန်းတွေ ပြသဖို့ရှိတယ်ဆိုလို့ လုပ်အားပေးလာတာပါ။ အာဇာနည်နေ့ဆိုတာ လူတိုင်း မမေ့အပ်တဲ့နေ့တစ်နေ့အဖြစ် ကျွန်တော့်ရင်ထဲမှာ အမှတ်တရရှိနေမှာပါ။ အခုခေတ်လူငယ်တွေကတော့ အာဇာနည်နေ့ဆိုတာ ဘာလဲ၊ ဘာဖြစ်လို့ဖြစ်ပေါ်လာရတာလဲဆိုတာ ဂဃနဏ သိတဲ့သူ တော်တော်ရှားသွားတာ တွေ့ရပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦးစလုံးရဲ့ အမည်နဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကို တိတိကျကျသိတဲ့သူ ရှားသွားတာ ဝမ်းနည်းစရာပါ။ အာဇာနည်နေ့မှာလည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်အလေးပြုမှာပါ"ဟု နတ်မောက်မြို့ ဒေသခံ ကိုမျိုးက ပြောသည်။

နတ်မောက်မြို့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချခြင်းကို ပါတီအလိုက်၊ အဖွဲ့အစည်းအလိုက် စနစ်တကျရှိစေရန်နှင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်တွင် ပြသမည့် ဓာတ်ပုံနှင့် ပန်းချီပြခန်းများအား လာရောက်လေ့လာမည့်ပြည်သူများ စနစ်တကျ ကြည့်ရှုနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စီစဉ်ထားကြောင်း၊ လွမ်းသူ့ပန်းခွေချရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုကိုအလယ်တွင်ထားကာ ကျန်သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ပုံများဖြင့် ဗွီပုံစံထားရှိလုပ်ဆောင်သွားမည်ဖြစ်ကြောင်း နတ်မောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်အတွင်းသို့ လာရောက်လေ့လာသူများအား တွေ့ရစဉ်။

အာဇာနည်နေ့ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဥဩဆွဲကာ လမ်းပေါ်၌ မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များမှအစ ပြည်သူအပေါင်းအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ငြိမ်သက်စွာ အလေးပြုနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ကျင်းပမည့် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြုသူများအနေဖြင့် ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို လေ့လာနိုင်ကြမည်ဖြစ်သည့်အပြင် ယင်းအနီးပတ်ဝန်းကျင် ဒီပင်္ကရာကျောင်းတိုက်အတွင်းရှိ ယခုနှစ် ဇွန် ၁၉ ရက်က ရွှေထီးတော်အသစ်တင်လှူပူဇော်ပြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း ဘိုးဘွားမိဘဘုရားဖြစ်သည့် သစ္စာအောင်၊ မေတ္တာအောင်၊ ပညာအောင် စေတီတော် သုံးဆူကိုလည်း ဝင်ရောက်ဖူးမြော်နိုင်ကြောင်း ပြတိုက်သို့ လာရောက်သည့် ဆရာတော်တစ်ပါးက မိန့်ကြားခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ ရာမည၊ နိုင်လင်းကြည်**

# အာဇာနည် ဦးရာဇတ်ရုပ်တု မန္တလေးတက္ကသိုလ်ရာဇတ်ခန်းမရှေ့၌ ထားရှိသွားမည်

**မန္တလေး ဇူလိုင် ၁၇**

ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်က လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ ရုပ်တုကို မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ ရာဇတ်ခန်းမဆောင်ရှေ့၌ စိုက်ထူထားရှိနိုင်ရေး အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်၊ အတွင်းရေးမှူး နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် (ငြိမ်း) ဦးပိုမြင့်နှင့် အဖွဲ့ဝင်များ၊ ဦးရာဇတ်၏ ဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ရုပ်တုထားရှိမည့်နေရာအတွက် မန္တလေးတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရေး၊ ကုန်ကျမှုများအတွက် ရန်ပုံငွေရရှိရေး၊ လုပ်ငန်းများအပ်နှံဆောင်ရွက်ရေး ကိစ္စများကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

၁၉၄၀ ပြည့်နှစ် အစောပိုင်းကာလက တက္ကသိုလ်၊ ကောလိပ်၊ စက်မှုလက်မှုပညာကျောင်း၊ ဥပဒေပညာနှင့် ဆရာအတတ်သင်ပညာအစရှိသည့် အသုံးချပညာများသင်ကြားသည့် ကျောင်းဟူသမျှကို ရန်ကုန်မြို့တွင်သာ ဖွင့်လှစ်ထားခဲ့ရာ ရန်ကုန်မြို့သို့ သွားရောက်မနေနိုင်ပါက အဆိုပါ ပညာရပ်များနှင့် ထိတွေ့မြည်းစမ်းခွင့်ပင်မရခဲ့ပေ။

၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအစိုးရအဖွဲ့တွင် ပညာရေးဝန်ကြီးဖြစ်လာသောအခါ ပွဲဦးထွက်လုပ်ငန်းအနေဖြင့် မန္တလေးမြို့တွင် ရန်ကုန်တက္ကသိုလ်နှင့် စင်ပြိုင်တက္ကသိုလ်တစ်ခု ပေါ်ပေါက်လာရေးအတွက် ဦးရာဇတ်သည် ၁၉၄၇ ခုနှစ် ဇွန် ၁၆ ရက်တွင် အစီအစဉ်ရေးဆွဲကာ မန္တလေး ကောလိပ်ကျောင်းသားဟောင်း ဆရာကြီး ဦးကိုလေးအား တာဝန်ပေးအပ်ကာ ယောကျ်ားလေး ဘော်ဒါဆောင်သာမက မိန်းကလေး ဘော်ဒါဆောင်ပါ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ဦးရာဇတ်ဟာ မန္တလေးတက္ကသိုလ်ကြီး ပေါ်ထွက်လာရေးအတွက် ဦးစွာမျိုးစေ့ချပေးခဲ့သူဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ အစိုးရအဖွဲ့မှာ ပညာရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရစဉ်က ဦးစွာပထမလုပ်ဆောင်ခဲ့ခြင်းဖြစ်ပါတယ်။ ဝန်ကြီးအဖြစ်တာဝန်ပေးအပ်ခြင်းမခံရမီက မန္တလေးအမျိုးသားကျောင်းကို တည်ထောင်ခဲ့ပြီး ကျောင်းတံဆိပ်အဖြစ် ခြသေ့်၊ ဆောင်ပုဒ်အဖြစ် မိမိကိုယ်သာကိုးကွယ်ရာလို့ အဓိပ္ပာယ်ရတဲ့ "အတ္တာဟိ အတ္တနော နာထော"ဆိုတဲ့ ဆောင်ပုဒ်ကို သတ်မှတ်ပြီး ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ဦးရာဇတ်ဟာ အစိုးရအဖွဲ့မှာ ပါဝင်ခဲ့ရပေမယ့် လွတ်လပ်ရေးရပြီးလို့ အားလုံးအထိုင်ကျသွားရင် ငါကျောင်းဆရာ ပြန်လုပ်မှာလို့လည်း ပြောခဲ့ပါတယ်။ ဒီလို ပညာရေးကို ချစ်မြတ်နိုးပြီး မန္တလေးတက္ကသိုလ်ကြီးဖြစ်မြောက်ရေးအတွက် ဦးစီးဆောင်ရွက်ပေးခဲ့တဲ့ ပုဂ္ဂိုလ်ကြီးရဲ့ရုပ်တု မန္တလေးတက္ကသိုလ်ဝင်းအတွင်းမှာ မကြာခင် ပေါ်ထွက်လာတော့မှာဖြစ်တဲ့အတွက် အင်မတန်ဝမ်းသာကြည်နူးမိပါတယ်"ဟု ရုပ်တုဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။ **(အေးမြ)**



## အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ ဂါရဝပြု လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- လက်ကိုင်ဖုန်းအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- ပုလင်း/ဘူးအမျိုးမျိုး
- အလံအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# လူငယ်များကပြောသော အာဇာနည်နေ့



ဝင်းလွင်အောင်



စိမ်းစို



အောင်ဟိန်းစိုး



ကျော်မျိုးဝင်း



ထက်နေဝန်း



မအေးမွန်ကျော်

**ဝင်းလွင်အောင်**
**[နိုင်ငံတကာဆက်ဆံရေး(ဒုတိယနှစ်) ရန်ကုန်တက္ကသိုလ်]**

အာဇာနည်နေ့ရောက်တိုင်း စိတ်မကောင်းဖြစ်ရပြီး သတိရတယ်။ သူတို့ကိုလည်း လေးစားရပါတယ်။ အာဇာနည်နေ့က ကျွန်တော်တို့နိုင်ငံအတွက် တကယ်ကို ကြိုးစားခဲ့တဲ့ ခေါင်းဆောင်ကြီးတွေရဲ့ ဝမ်းနည်းစရာနေ့ပါ။ နောင်လာနောက်သားတွေအတွက်လည်း အမှတ်ရသင့်တဲ့နေ့ဖြစ်တာကြောင့် တန်ဖိုးကြီးပါတယ်။

ဒီနေ့နဲ့ ပတ်သက်ပြီး နောင်လာနောက်သားတွေကို ခေါင်းဆောင်ကြီးတွေအကြောင်း သေသေချာချာ သိစေချင်တယ်။ ကျွန်တော်တို့ကိုယ်တိုင်ကလည်း ငယ်ငယ်ကဒါမျိုးတွေကို လေ့လာဖို့အတွက် အားနည်းခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်ပြီး ကျောင်းသင်ခန်းစာမှာ သင်ခဲ့ရတာတွေရှိပေမယ့် စာမေးပွဲအတွက် မကျက်ရတာတွေ အလုပ်ခံခဲ့ရတယ်။ အခုက လွတ်လပ်လာပြီဆိုတော့ အကုန်လုံးကို အာဇာနည်ခေါင်းဆောင်ကြီးတွေနဲ့ ပတ်သက်လို့ သေသေချာချာအမှတ်ရပြီး သိစေချင်တယ်။

**စိမ်းစို**
**[MCCI (တတိယနှစ်) ပုဂ္ဂလိက ကောလိပ်]**

အာဇာနည်နေ့ရောက်တိုင်း ဗိုလ်ချုပ်တို့ လုပ်ကြံမခံရရင် ကျွန်တော်တို့နိုင်ငံ အခုချိန်ဆို အများကြီးဖွံ့ဖြိုးတိုးတက်နေလောက်ပြီလို့ ခံစားရတယ်။ ဒီနှစ်မှာတော့ ပြည်သူကရွေးချယ်တဲ့ အစိုးရက ဦးဆောင်ပြီး ကျင်းပမှာဆိုတော့ ဝမ်းသာရတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ ကြိုးစားအားထုတ်မျှော်မှန်းခဲ့တဲ့ပြည်ထောင်စုစိတ်ဓာတ်အခြေခံတဲ့ နိုင်ငံတော်တစ်ခုဖြစ်လာအောင် ဒေါ်အောင်ဆန်းစုကြည်က ဆက်လက်ဦးဆောင်ပြီး နိုင်ငံသူနိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ကြရင်း ဗိုလ်ချုပ်တို့ရဲ့ ကျေးဇူးကို ဆပ်ကြရမယ်။

**အောင်ဟိန်းစိုး**
**(ကုမ္ပဏီဝန်ထမ်း)**

အာဇာနည်နေ့ရောက်တိုင်း ဝမ်းနည်းပူဆွေးရတယ်။ အာဇာနည်နေ့နဲ့ပတ်သက်ပြီး ပြောချင်တာက ခေါင်းဆောင်ကြီးတွေ မျှော်မှန်းတဲ့ တိုင်းပြည်မျိုးဖြစ်အောင် ကြိုးစားကြပါ။ ကိုယ့်အဘိုးခေတ်မှာလည်း မရွေ့ခဲ့ဘူး။ ကိုယ့်အဖေခေတ်မှာလည်း မရွေ့ခဲ့ဘူး။ ကိုယ့်ခေတ်မှာတော့ ရွေ့အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

ဝမ်းနည်းနေရုံနဲ့ မပြီးသေးဘဲ နိုင်ငံသားတာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်မယ်ဆိုတဲ့ စိတ်မျိုးနဲ့ အာဇာနည်နေ့ကို ဖြတ်သန်းကြပါလို့ ပြောချင်ပါတယ်။

**ကျော်မျိုးဝင်း**
**(စကားပြန်)**

အာဇာနည်ကြီးတွေကို အားကျကြည်ညိုလာအောင် အာဇာနည်နေ့လို အခမ်းအနားမျိုးတွေကို ကလေးတွေ၊ လူငယ်တွေ သတိထားငေးကြည့်ရတဲ့အထိ အစွမ်းကုန်ခမ်းနားသိုက်မြိုက်စွာ ကျင်းပစေချင်ပါတယ်။ ဒီနှစ်တစ်နိုင်ငံလုံး ကားတွေရပ်၊ ဥသြဆွဲတာမျိုးတွေလုပ်မယ်ဆိုတာကြားတော့ သိပ်ကောင်းပါတယ်။ အဲဒီအခါ ကလေးတွေ အာဇာနည်ကြီးတွေအကြောင်း မေးကြတော့မယ်။ ကလေးတွေစံထားအားကျတဲ့သူတွေဟာ အရည်အချင်းရှိပြီး အများအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံတတ်တဲ့သူတွေဖြစ်ဖို့လိုတယ်။ ဒါကြောင့် အာဇာနည်ကြီးတွေအကြောင်းကို ကလေးတွေ၊ လူငယ်တွေပိုသိလာအောင် လုပ်ပေးသင့်တယ်။

**ထက်နေဝန်း**
**[နိုင်ငံတကာဆက်ဆံရေး(ဒုတိယနှစ်)ရန်ကုန်တက္ကသိုလ်]**

အာဇာနည်ခေါင်းဆောင်တွေရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိတွေကို အာဇာနည်ဗိမာန်မှာ မရေးထားဘူး။ အာဇာနည်ကိုးဦးရဲ့ အကြောင်းအရာတွေကို စာပေဟောပြောပွဲတွေလုပ်ပြီးတော့ လူထုကို ပိုပြီး သိလာအောင် လုပ်သင့်တယ်။ အာဇာနည်နေ့ဆိုရင် ဗိုလ်ချုပ်ကိုပဲ လူတွေက သိကြတယ်လေ။ ကျန်တဲ့သူတွေရဲ့ အချက်အလက်တွေ၊ သူတို့တွေ ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာကို စာပေဟောပြောပွဲတွေလုပ်ပြီး ပြောပေးသင့်တယ်။

**မအေးမွန်ကျော်**
**[နိုင်ငံတကာဆက်ဆံရေး(ဒုတိယနှစ်) ရန်ကုန်တက္ကသိုလ်]**

အာဇာနည်နေ့ရောက်တိုင်း တိုင်းပြည်လွတ်လပ်အောင် ခေါင်းဆောင်ကြီးတွေက ကြိုးစားပြီး အသက်ပါ ပေးဆပ်သွားတာဆိုတော့ ဝမ်းနည်းမိတယ်။ အာဇာနည်နေ့ရောက်တိုင်း ခေါင်းဆောင်ကြီးတွေ ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတာ သိသင့်တယ်။

စာသင်ခန်းတွေမှာက များသောအားဖြင့် ကဗျာတွေပဲသင်တယ်။ ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးတိုက်ပွဲဝင်ရင်းကျသွားတယ်။ ဒီလောက်ပဲ။ သူတို့ ဘယ်လိုကြိုးစားခဲ့ရတယ်၊ ဘယ်လောက်ပေးဆပ်ခဲ့ရတယ်ဆိုတာ ကျောင်းသားတွေက သိပ်မသိခဲ့ရဘူး။ တခြားနိုင်ငံတွေမှာဆိုရင် သူတို့ခေါင်းဆောင်တွေကို ငယ်ငယ်ကတည်းကနေ အလေးထားတတ်ဖို့ မူလတန်းကတည်းက ကျောင်းသားတွေကို အာဇာနည်တွေအကြောင်း ပြောပြတယ်။ သူတို့ ဘယ်လို ကြိုးစားခဲ့ရသလဲပြောပြတယ်။ ဒီကနေ ဘာတွေကိုအတုယူပြီး ကိုယ်တွေက ဒီနိုင်ငံကို ဘယ်လိုကောင်းအောင် ဆက်လက်ထိန်းသိမ်းသွားသင့်သလဲ၊ တိုင်းပြည်အတွက် လူငယ်တွေက ဆက်ပြီး ကြိုးစားသင့်တယ်။

တွေ့ဆုံမေးမြန်း - ခင်ဇာလီ၊ ဓာတ်ပုံ - ကိုစ

## အောင်လံမြို့တွင် ဧရာဝတီမြစ်ရေ အနည်းငယ်တိုး၍ နေအိမ်များပြောင်းရွှေ့

**အောင်လံ ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၅၅၀ စင်တီမီတာတွင် ဇူလိုင် ၁၆ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၂၄၁၃ စင်တီမီတာသို့ ရောက်ရှိလာသဖြင့် သရက်တော(ဗိုလ်ကုန်း)ရပ်ကွက် မြောက်ဘက်ဖျား မြေနိမ့်ပိုင်းရှိ နေအိမ်များသို့ ရေများအနည်းငယ် ဝင်ရောက်လျက်ရှိပြီး ပြောင်းရွှေ့နေထိုင်မှုများရှိခဲ့ရာ အိမ်ထောင်စု ၁၈ စုမှ လူဦးရေ အမျိုးသား ၃၅ ဦး၊ အမျိုးသမီး ၄၂ ဦး စုစုပေါင်း ၇၇ ဦးတို့သည် နီးစပ်ရာဆွေမျိုးသားချင်းတို့၏ နေအိမ်များတွင်လည်းကောင်း၊ ရပ်ကွက်တွင်း အနီးနားများတွင် ယာယီတဲများ ထိုး၍လည်းကောင်း ပြောင်းရွှေ့နေထိုင်လျက်ရှိကြကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# နှစ်ပေါင်း ၇၀-၈၀ အထိ ကြိုတင်တွေးဆခဲ့သည့် ဗိုလ်ချုပ်၏ ဒီမိုကရေစီနိုင်ငံရေးအမြင်

## ခင်မောင်ဌေး(ပညာရေး)

ဇူလိုင်မိုးကားတဖွဲဖွဲနှင့် လွမ်းမောဖွယ်ရှိ၏။ တစ်မျိုးသားလုံး၏ အသည်းအူ နှလုံးကို ကြိမ်မီးအုံးပမာ ခံစားခဲ့ရသည့် ဇူလိုင်။ သမိုင်းစာမျက်နှာထက်တွင် မည်သည့်အခါမျှ ပြန်လည်ပြင်ဆင်ခွင့်မရနိုင်သည့် အဖြစ်ဆိုးနှင့်ကြုံခဲ့ရသည့် ဇူလိုင်။ သည်ဇူလိုင်ရောက်တိုင်း ကုန်လွန်ခဲ့သည့် ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမြင်ကွင်းကား ဆရာဇော်ဂျီ၏ ကဗျာလင်္ကာကြောင့် ကြေကွဲတမ်းတမိနေမြဲဖြစ်၏။

မိုးကစိုစို၊ ကျီးအုပ်ပြို၍
ထိုမှဤမှ၊ ထိုလမ်းမတွင်
ပျံကြဲဝဲကြ၊ ငရဲထသို့
အုံကြွမည်အာ၊ မသာယာသို့
ထိုနေ့တွင်ပင်၊ ထိုချိန်ထင်သည်
သခင်အောင်ဆန်း၊ ပြည်သူ့ပန်းသည်
ပွင့်လန်းခါစ၊ ကြွေလိုက်ရ၏
မြေခသတင်း၊ မိုးကြိုးခွင်းသို့
အိမ်တွင်းအိမ်ပြင်၊ တို့လမ်းခွင်တွင်
မချင့်မရဲ၊ ဝမ်းနည်းခံခက်
မျက်စိမျက်နှာ၊ ညှိုးကြရှာသည်
ရှာဦးပိုင်းမှ၊ သင်္ချိုင်းထိ။ ။

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့သည်မှာ (၆၉) နှစ်ရှိ၍ (၆၉)ကြိမ်ပင် တိုင်ခဲ့ပြီ။ ဗိုလ်ချုပ်အောင်ဆန်းသည် ဒီမိုကရေစီနိုင်ငံအဖြစ် တွေးဆမျှော်မှန်းခဲ့သူဖြစ်၏။ သို့သော်လည်း လွတ်လပ်ရေးရပြီးချိန်မှစ၍ ပြည်တွင်းစစ်မီး တောက်လောင်ခဲ့သည်။ လူအမျိုးမျိုး၊ အုပ်စုအဖုံဖုံကွဲကာ တောခိုသူခိုခဲ့သည်။ ပြည်တွင်းဆူပူသောင်းကျန်းမှုများ ကြုံခဲ့သည်။ အာဏာယစ်မူးစွာဖြင့် လွတ်လပ်ပြီး မြန်မာနိုင်ငံအား ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဖြောင့်မတ်အောင်တင်ပေးနိုင်ခဲ့ခြင်း မရှိခဲ့ပေ။

ဗိုလ်ချုပ်သည် မူလကပင် နိုင်ငံဖွံ့ဖြိုးတိုးတက်ချင်လျှင် ဒီမိုကရေစီနိုင်ငံ ထူထောင်မှရမည်ဟု ဆိုခဲ့ဖူးသည်။ သို့သော် ဒီမိုကရေစီနိုင်ငံထူထောင်လိုလျှင် လွယ်ကူလှသည်တော့ မဟုတ်ပေ။ ဒီမိုကရေစီနှင့် လိုက်ဖက်သည့် အပြုအမူ၊ အပြောအဆို ကျင့်ကြံမှုများလိုအပ်ပုံနှင့် ပတ်သက်၍-

"ကျွန်တော်တို့ မြန်မာပြည်ကို ဒီမိုကရေစီပုံစံနဲ့ အုပ်ချုပ်မယ်ဆိုရင် မြန်မာပြည်သူအားလုံး စိတ်တွေပြောင်းဖို့ လိုအပ်ပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့ အဘ(အဘိုး)ကျွန်တော်တို့ကို မေးချင်စိတ်ဖြစ်ပေါ်ပါလိမ့်မယ်။ ဒီမိုကရေစီဆိုတာ အပြောလွယ်ပေမယ့် လက်တွေ့မှာတော့ ခက်နေသလိုပဲ။ ဒီမိုကရေစီကိုလိုချင်ရင် ဒီမိုကရေစီနဲ့ထိုက်တန်တဲ့ အပြုအမူ၊ အပြောအဆိုတွေ ကျင့်ကြံအားထုတ်နိုင်မှ ဒီမိုကရေစီရဲ့ အနှစ်သာရကို ပြည့်ပြည့်ဝဝ ခံစားခွင့်ရမှာဖြစ်ကြောင်း" ပြောခဲ့တယ်။

ဗိုလ်ချုပ်သည် စာပေလေ့လာဖတ်ရှုရာတွင် နယ်ပယ်စုံနှံ့စပ်သူဖြစ်သည်။ လူပင်ငယ်သော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးအမြော်အမြင်ကြီးမားမှုအပေါ် အံ့သြဖွယ်ကောင်းလောက်အောင်ပင် ထူးချွန်ထက်မြက်လှသည်။ အထူးသဖြင့် အသက်ကြီးပြီး ဝါရင့်နိုင်ငံရေးသမားကြီးများထက်ပင် ပိုမိုသာလွန်သည့် နိုင်ငံရေးများကို လုပ်ဆောင်နိုင်ခဲ့သည်။ ဒီမိုကရေစီ၏အဓိပ္ပာယ်ကို ဖွင့်ဆိုရာတွင် "အဲဒီလိုစနစ်မျိုးနဲ့ သမ္မတအစိုးရမှသာ ကျုပ်တို့တိုင်းသူပြည်သားတွေရဲ့ အကျိုးထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှာပဲ။ ဒီမိုကရေစီတိုင်းတော့ ဒီမိုကရေစီ မဟုတ်ဘူး။ ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလည်း အများကြီးပဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာဘာလဲ။ လူလူချင်း၊ လူတန်းစားအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူကျပ်ပြည့်မရှိသမျှကာလပတ်လုံး ဒီမိုကရေစီကျပ်ပြည့်တင်းပြည့်မဟုတ်ဘူး" ဟု ဖွင့်ဆိုခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ ဝါရင့်နိုင်ငံရေးသမားတစ်ဦးက "ဗိုလ်ချုပ်အောင်ဆန်းဟာ နိုင်ငံရေးသမားပီသသလို စစ်ခေါင်းဆောင်တစ်ယောက်လည်း ပီသတယ်။ သူဟာ အပြောသမားတစ်ယောက်မဟုတ်၊ တကယ်တတ်တဲ့ နိုင်ငံရေးသမားတစ်ယောက်ပဲ။ နိုင်ငံရေးနဲ့ပတ်သက်ရင် မြန်မာနိုင်ငံမှာ သူ့လောက်တတ်တဲ့ နိုင်ငံရေးသမားမရှိသလောက် ရှားပါတယ်။ ဒါကြောင့် သူသေသွားတော့ ဘာပါသွားသလဲ။ ဘာမှပါမသွားဘူး။ သူလိုလူမျိုး မပေါ်နိုင်တော့ဘူး"ဟု ပြောသွားခဲ့သည်ကိုတွေ့ရ၏။

ပြည်တွင်းနိုင်ငံရေးသမားများသာမက အင်္ဂလိပ်အရာရှိများကလည်း ဗိုလ်ချုပ်ကို အထင်ကြီးလေးစားကြသည်။ တပ်မဟာထောက်လှမ်းရေးအရာရှိ ကပ္ပတိန်ဘားနက်က "မင်းတို့မြန်မာနိုင်ငံမှာ ဂျင်နရယ်အောင်ဆန်းလို ခေါင်းဆောင်မျိုးရှိနေတာ အလွန်ကံကောင်းတယ်လို့ဆိုရမယ်။ သူဟာ တကယ်ရိုးသား တည်ကြည်ဖြောင့်မတ်သူတစ်ယောက်ဖြစ်ကြောင်း သိသာထင်ရှားတယ်။ ဒါကြောင့် မင်းတို့လူငယ်တွေ သူ့ကိုကိုးကွယ်လုမတတ် ကြည်ညိုလေးစားကြတာ အံ့သြစရာမရှိဘူး"ဟု ဆိုခဲ့တယ်။

ဗြိတိသျှဗိုလ်ချုပ်ကြီးဝီလျံဆလင်းကိုယ်တိုင် စစ်ပြီးခေတ်မှာ ရေးသားခဲ့သည့် Defeat Into Victory စာအုပ်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ရိုးသားဖြောင့်မတ်မှု၊ ပွင့်လင်းမှု၊ တည်ကြည်မှုတို့ကို သဘောကျမိကြောင်း အတိအလင်းဝန်ခံရေးသားထားသည်ကို အကျယ်တဝင့်တွေ့ရ၏။

ဗိုလ်ချုပ်သည် ဒီမိုကရေစီနှင့်ပတ်သက်၍ ပြောကြားရာတွင် ပြည်သူတွေ ဘာကြောင့် ဒီမိုကရေစီလိုချင်ကြတာလဲ။ အမှန်မှာ လူသားများသည် အေးချမ်းသာယာစွာ နေထိုင်ချင်တတ်ကြသည်။ မိသားစုနှင့်အတူ ပျော်ရွှင်စွာနေချင်တတ်ကြသည်။ ထို့အတွက်ကြောင့် ဒီမိုကရေစီကို လိုလားတောင့်တနေကြသည်။ ဒီမိုကရေစီကိုလိုချင်ကြသူများသည် ဒီမိုကရေစီနှင့်ပတ်သက်၍ လေ့လာသင့်သည်။ လိုက်စားသင့်သည်။ နားလည်သဘောပေါက်အောင် လေ့လာထားကြပါရန် တိုက်တွန်းချင်သည်။ ဒီမိုကရေစီစနစ်ကို ထူထောင်လိုလျှင် ဒီမိုကရေစီဝါဒစစ်ကိုသာ ဖန်တီးရမည်ဟု ဆိုခဲ့သည်။

**ဒီမိုကရေစီဝါဒစစ်ဆိုသည်မှာ-**

"အဲဒီတော့ သမ္မတစနစ်ကိုလိုချင်တယ်။ သမ္မတစနစ်ဟာ တိုင်းသူပြည်သားတွေသာလျှင် အရင်းခံမူလဘူတဖြစ်တယ်ဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ လူလူချင်းအတူတူပဲဆိုတဲ့ သဘာဝကို ပြန်ဖော်တယ်။ ဒါပေမယ့် တစ်ခုသတိပြုရမယ်။ "အစိုးရ" ဆိုတဲ့အာဏာဟာ အင်မတန်အဖိုးတန်အသုံးဝင်တယ်။ အဲဒီအာဏာကိုလည်း ပစ္စည်းအင်အားကောင်းတဲ့ လူတွေအချင်းချင်း လုကြတယ်။ ရရင်လည်း လက်မလွှတ်ချင်ဘူး။ တိုင်းသူပြည်သားတွေဆိုတာကတော့ အဲဒီထဲမှာ ထုတ်လုပ်ပြီး အရိုက်ခံရမယ့်အခါ



ကျမှ ပါရတာပဲ။ ဒီလိုအာဏာလုကြတဲ့အခါ "ဒီမိုကရေစီ"ဆိုပြီး "ပြည်သူ့ဆန္ဒ၊ ပြည်သူ့အာဏာ" လို့ ကြွေးကြော်ဟစ်အော်ပြီး ညာတဲ့စနစ်တွေလည်းရှိတယ်။ လူတွေက၊ တိုင်းသူပြည်သားတွေက "အစိုးရ" အာဏာအပ်လိုက်တုန်းက ကျုပ်တို့အတွက်ကောင်းအောင်လုပ်ပေးပါဆိုပြီး အာဏာအပ်လိုက်တာပဲ။ ဒါပေမယ့် ကျုပ်တို့ကို ခင်ဗျားတို့အုပ်စိုးတဲ့ လူတွေအတွက် နှိပ်ကွပ်အုပ်ချုပ်ပါဆိုတဲ့ (သဘော)အချက်သာ ဖြစ်နေတာပဲ။ လူတွေက တင်မြှောက်ပြီး လူတွေရဲ့ အကျိုးကိုလုပ်တဲ့လူတွေရဲ့ အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီစစ်စစ် မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်" ဟု ဒီမိုကရေစီရေးနှင့်ပတ်သက်၍ ဗိုလ်ချုပ်၏အမြင်ကို ပြတ်ပြတ်သားသား ပြောဆိုခဲ့လေသည်။

ဗိုလ်ချုပ်သည် မြန်မာနိုင်ငံအတွက် ဒီမိုကရေစီစစ်စစ်ကို လိုလားခဲ့သူဖြစ်သည်။ ကျဆုံးခဲ့သည်မှာ နှစ်ပေါင်း ၇၀ နီးပါးရှိလေပြီ။ လွန်ခဲ့သည့်အစိုးရလက်ထက်မှစ၍ ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းခဲ့သည်။ ယခုအရပ်သားအစိုးရသစ်လက်ထက်တွင်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ဆက်၍လျှောက်ခဲ့သည်။ သို့သော်လည်း ယနေ့အချိန်ထိ ဒီမိုကရေစီလမ်းကြောင်းအမှန်သို့ မရောက်ရှိသေးသကဲ့သို့ ဒီမိုကရေစီ၏အရသာကိုလည်း ပြည်သူများအနေဖြင့် ပြည့်ပြည့်ဝဝ အမှန်မခံစားနိုင်ကြသေးပေ။

လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ နီးပါးက ဒီမိုကရေစီနှင့်ပတ်သက်သည့် ခံယူချက်အမြင်ကို ဗိုလ်ချုပ်က ဖွင့်ဟခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီကို လိုချင်လျှင် မည်သို့ ပြုမူကျင့်ကြံရမည်ကိုလည်း ပြောခဲ့၏။ ဒီမိုကရေစီ၏ သဘောကိုလည်း ဆိုခဲ့၏။ ဒီမိုကရေစီဝါဒအစစ်ကိုလည်း ချပြခဲ့၏။ ဗိုလ်ချုပ်သည် အနှစ် ၂၀-၃၀ သာမက အနှစ် ၇၀-၈၀ အထိ နိုင်ငံတစ်နိုင်ငံ၏ ရှေ့ရေးကို မျှော်မှန်းတွေးဆနိုင်ခဲ့သူဖြစ်၏။ ဗိုလ်ချုပ်ကို ချစ်ရုံ၊ နှစ်သက်မြတ်နိုးဂုဏ်ပြုနေရုံဖြင့်တော့ ပီပြင်သော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ရောက်ရှိနိုင်လိမ့်မည်မဟုတ်။ မိမိတို့ကိုယ်တိုင် ပြုပြင်ပြောင်းလဲမှု၊ ကျင့်ကြံအားထုတ်မှုများ မဖြစ်မနေ ဆောင်ရွက်ကြမှသာလျှင် ဒီမိုကရေစီနိုင်ငံအဖြစ် ဒီမိုကရေစီအရသာကို ပြည့်ပြည့်ဝဝ ခံစားနိုင်ကြမည်ဖြစ်သည်။ ။

***စာကိုး-ဗိုလ်ချုပ်ပြောခဲ့တဲ့ ဒီမိုကရေစီ(မင်းပုည)***

## ဇူလိုင်ဆယ့်ကိုးမှသည်

☆ ဆယ့်ကိုးဇူလိုင် မမေ့နိုင်ပြီ
သည်းစိုင်ဆွေးမြည့် ဤယနေ့ဝယ်
လွမ်းငွေ့ခုတိုင် မစဲတည်း။

☆ ရဟန်းရှင်လူ များပြည်သူတို့
သည်းအူနှလုံး ကြိမ်မီးအုံးနှယ်
ယူကျုံးမရ ပူဆွေးကြနှင့်
စီးကျပိုင်းလည် လွမ်းမျက်ရည်နှင့်
မကြည်စိတ်ဝမ်း သောကလွှမ်း၍
တမ်းတမှန်းဆ ခုခါဝယ်။

☆ သက်ပေါင်းများစွာ စတေးပါခဲ့
မြန်မာ့အရေး လွတ်လပ်ရေးလျှင်
မေးမှိန်ညှိုးခြောက် ကွယ်မပျောက်အောင်
စောင့်ရှောက်ကြပါ ထိန်းသိမ်းပါလော့
တို့မှာ တာဝန်ရှိတကား။

☆ သို့မှသာလျှင်
ငါတို့မျှော်မှန်း ဒီမိုနန်းသို့
တက်လှမ်းနိုင်မည် မလွဲပြီတည့်
ညီညာသမှု စည်းလုံးပြုလျက်
စက်မှုနိုင်ငံ ဝင့်ထည်လျှံဖို့
မိဋ္ဌာန်ကိုယ်စီ ပြုပါစို့။ ။

ရွှေကန်သား(ပခုက္ကူ)

(၆၉)နှစ်မြောက် အာဇာနည်နေ့ကို ဤကဗျာဖြင့် ဦးညွှတ်ပါ၏။

## (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပြခန်း ပြသမည်

**ပုသိမ် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ပြခန်းကို ယနေ့မှစ၍ မြို့တော်ခန်းမ၌ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြခန်းတွင် အာဇာနည်ခေါင်းဆောင်ကြီးကိုးဦး၏ ဓာတ်ပုံများနှင့် အတ္ထုပ္ပတ္တိများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုပုံများ၊ နတ်မောက်နှင့် ရန်ကုန်မြို့ တာဝါလိမ်းလမ်းရှိ ဗိုလ်ချုပ်နေခဲ့သော အိမ်နှင့် အသုံးအဆောင်ပစ္စည်းများ၏ ပုံများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရမှု သရုပ်ဖော်ပန်းချီကားများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဈာပနမှတ်တမ်းဓာတ်ပုံများ၊ အထိမ်းအမှတ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ဆုရစာမူများကို ပြသထားသည်။

အဆိုပါ ပြခန်းကို ဇူလိုင် ၁၇ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ပြသထားမည်ဖြစ်ကြောင်းနှင့် မည်သူမဆို လာရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**



# ကမ္ဘာ့အမြင့်ဆုံးလွင်ပြင်ဒေသ တိဘက်သို့ နှင်ခဲ့တဲ့ခရီး(၂)

## ဆွေညီ


တိဘက်မောင်နှံ မင်္ဂလာဦး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြစဉ်။

ကိုဒင်ရေ-
တိဘက်မြို့တော် လာဆာကို ရောက်ပြီး နောက်တစ်ရက်မှာ ဟိုတယ်ပေါ်ကနေ မြင်ရတဲ့မြင်ကွင်းက တကယ်ကြည့်ကောင်းလွန်းတာကြောင့် ဓာတ်ပုံတွေ ရိုက်ဖြစ်တယ်။ ကျောက်တောင်တွေ၊ တိမ်ဆိုင်၊ တိမ်လိပ်တွေ၊ အဆောက်အအုံတွေ ဆောက်လက်စ အထပ်မြင့် လူနေတိုက်ခန်းတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ၊ သပ်သပ်ခန့်ခန့်လေးနဲ့ ဆိတ်ဆိတ်ငြိမ်ငြိမ်လေး ရှိနေပုံက သိပ်ဆွဲဆောင်မှုရှိတယ်။

နောက်နေ့တွေ လာဆာမှာရှိတဲ့ ရုပ်မြင်သံကြားနဲ့ ရေဒီယိုစတေရှင်တွေ သွားလေ့လာရင်းလည်း ဓာတ်ပုံတွေ ရိုက်ဖြစ်တယ်။ တံတားအတော်များများကို ဖြတ်သွားရတယ်။ စိမ်းစိုကြည်လင်နေတဲ့ ရေကန်တွေလည်း တော်တော်များများ တွေ့ရတယ်။

ပြီးတာနဲ့ ဟိုတယ်က ဝိုင်ဖိုင်ကလည်း ကောင်း၊ ပါလာတဲ့အဖွဲ့က ဟိုကျော်ဒီခွ ဆော့ဖ်ဝဲတွေနဲ့လုပ်ပေးထားတာကြောင့် ဖေ့စ်ဘွတ်ဖွင့်လို့ရလို့ ဓာတ်ပုံလေးတွေ မျှဝေဖြစ်တယ်။ ပုံတွေ ကိုဒင်တွေ့မိမယ်ထင်ပါတယ်။ တရုတ်နိုင်ငံမှာ သူတို့ကိုယ်တိုင်ကတော့ WeChat ပဲသုံးကြတာ၊ ဖေ့စ်ဘွတ်ကို မသုံးကြဘူး။ ကျွန်တော်တို့လို နိုင်ငံခြားသားတွေပဲ ဖေ့စ်ဘွတ်တွေ၊ တွစ်တာတွေ၊ အင်စတာဂရမ်တွေ သုံးကြတာ။

ပြောရရင် လာဆာက လေယာဉ်ပေါ်ကနေ လှမ်းမြင်ရကတည်းက အလွန်ပဲ စိတ်ဝင်စားဖို့ကောင်းပြီး ဖမ်းစားခဲ့တယ်။ မြွေလိမ်မြွေကောက် တောင်ပေါ်လမ်းတွေ၊ တောင်ကြားလမ်းတွေ၊ မီးရထားလမ်းတွေ၊ အပြာရောင်ခြယ်သထားတဲ့ စက်ရုံကြီးတွေ၊ ရေကန်ကြီးတွေ၊ တိဘက်ပုံစံစေတီတွေကို မြင်ခဲ့ရတယ်။ မြို့လေဆိပ်ကနေ ဟိုတယ်ကိုလာတော့ ဥမင်လိုဏ်ခေါင်းတွေ သုံးခုလောက်ဖြတ်ရတယ်။ နောက်ပြီး လမ်းဘေးမှာ စပါးစိုက်ခင်းတွေ စိမ်းစိမ်းစို၊ ကျောက်တောင်ကြီးတွေ မြင့်မြင့်မား၊ တိမ်တိုက်တွေက မွမွဖြူဖြူနဲ့ ရှုခင်းကတော့ ကြည့်မဝပဲ။

နှစ်သိန်းသုံးလေးသောင်းလောက်ပဲရှိတဲ့ လာဆာမြို့လူဦးရေက နယ်မြေအကျယ်အဝန်းနဲ့စာရင် တော်တော်နည်းပါသေးတယ်။ ကျွန်တော် အရင်ဆောင်းပါးမှာ ရေးခဲ့သလို ဆောက်လက်စ အဆောက်အအုံတွေက လက်ညှိုးထိုးမလွဲ ရှိတယ်။ ဟိုတယ်တွေ၊ အထပ်မြင့် အဆောက်အအုံတွေဆိုတာလည်း တော်တော်များတယ်။ ဈေးတွေလည်း စနစ်တကျ သပ်သပ်ရပ်ရပ်ရှိတယ်။ ဈေးကို လမ်းဘေး ဘယ်၊ ညာမှာနဲ့ အထဲမှာ သီးခြားအကွက်ချပြီး ဆောက်ပေးထားတာ တွေ့ရတယ်။ သီးသီးသန့်သန့်ရှိတယ်။

လမ်းတွေက ခြောက်လမ်းသွား အပြင် ကားတစ်စီးစာ ဆိုင်ကယ်၊ စက်ဘီးလမ်း သီးခြား ပေးထားတယ်။ ပလက်ဖောင်းက ၁၅ ပေ၊ ပေ ၂၀ ရှိတယ်။ အဲဒီနောက်မှာမှ အိမ်တွေ၊ ဈေးဆိုင်တွေ။ ဒီတော့ ရှုပ်ထွေးမနေဘူး။

မော်တော်ယာဉ်တွေ တော်တော်များပါတယ်။ လူဦးရေနဲ့ မမျှလောက်အောင် များတယ်။ ကားမောင်းလည်း ကြမ်းကြတယ်။ တက္ကစီချင်း တိုက်ထားတာ၊ တက္ကစီနဲ့ ဘတ်စ်ကားနဲ့ တိုက်ထားတာ လမ်းမှာ နေ့တိုင်း တွေ့ခဲ့ရတယ်။ တိဘက်တွေက ကားမောင်းကြမ်းတဲ့နေရာ၊ ရမ်းတဲ့နေရာမှာတော့ ကျွန်တော်တို့ထက်သာမယ်။ ကားတစ်စီးနဲ့တစ်စီး ရှောင်တာများ တစ်ခါတလေ လက်တစ်လုံးလောက်လေးပဲ ကွာတယ်၊ တကယ်ပြောတာ။

ပြီးတော့ သူတို့မှာလည်း လက်ဖက်ရည်ဆိုင်တွေ ပေါတယ်။ ဒါပေမယ့် ကျွန်တော်တို့လို လမ်းဘေးမှာ ခုံခင်းပြီး ဖွင့်ထားတာမဟုတ်ဘူး။ ဆိုင်ကသိပ်အကြီးကြီးလည်း မဟုတ်ဘူး။ ရှစ်ပေ၊ ၁၀ ပေလောက်ဆိုင်ခန်းနဲ့ ဖွင့်ထားကြတာ။ လူအများကြီး တစ်ပြိုင်တည်း အားအားယားယား လာထိုင်မနေဘူး၊ အကြာကြီးထိုင်ပြီး လေဖောမနေဘူးဆိုတဲ့ သဘောပေါ့။ တချို့တလေ ဆိုင်ခန်းအပြင်ဘက်မှာ ထိုင်ခုံနည်းနည်းချထားတယ်။ ဒါပေမယ့် သူတို့ ဆိုင်ဧရိယာထဲမှာပဲ၊ လမ်းကို မကျူးကျော်ဘူး၊ ပလက်ဖောင်းပေါ် မရောက်ဘူး။ ပြီးတော့ လက်ဖက်ရည်ကို ခွက်နဲ့ ရောင်းတာ မဟုတ်ဘူး။ ဓာတ်ဘူးနဲ့ ရောင်းကြတာ။ ဓာတ်ဘူးတစ်ဘူးစာကို ၁၀ ယွမ် (၁၇၅၀ ကျပ်ကျော်) ပေးရတယ်တဲ့။ လူလေးငါးခြောက်ယောက်စာပေါ့။ လက်ဖက်ရည်ကြိုက်တဲ့ မသင်းသင်းသာတို့ တခုတ်တရ သွားထိုင်ကြ၊ သောက်ကြသေးတယ်။

လမ်းဘေးဆေးခန်းလေးတွေလည်း စိမ်းတဲ့ ဧည့်သည်တွေ ဖြစ်နိုင်သလို ဒီမှာ လာရောက်ထမ်းဆောင်တဲ့ တရုတ်ပြည်မကြီးက ဝန်ထမ်းအသစ်တွေထဲကလည်း ဖြစ်နိုင်တယ်။ ခဏလိုက်လာတဲ့ မိသားစုဝင်ထဲကလည်း ဖြစ်ချင်ဖြစ်မယ်။ အသက်ရှူမဝတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ အားလုံးလည်း ခံစားခဲ့ကြရတာပါ။ ဟိုတယ်က ကျွန်တော်တို့အားလုံးရဲ့ အခန်းတိုင်းမှာ အောက်ဆီဂျင်နှစ်ဘူးစီ ထားပေးထားတယ်။ ကျွန်တော်က တစ်ဘူးလောက်အသုံးပြုပြီး ကိုယ်ဝန်သည်ကြီးလို အော့အန်လူးလွန့်နေတဲ့ ဟန်သာကို တစ်ဘူးလက်ဆောင်ပေးလိုက်တယ်။

တိဘက်မှာ အများစုက ဒေသထွက် လက်ဆောင်ပစ္စည်းလောက်ပဲ ရှိတာလေ။ လက်ဖက်ခြောက်ကြိုက်တဲ့ တိဘက်က လက်ဖက်ခြောက်မထွက်ဘူး။ ဓားနဲ့ အသားတုံးကို အနေတော် လှီးဖြတ်ပေးရမလားလို့မေးပြီး စားပွဲထိုးက ဓားနဲ့ လှီးဖြတ်ပေးပေမယ့် သူတို့ချက်တာက ညှီတယ်လို့ ခံစားရလို့ မစားနိုင်ကြဘူး။ မယဉ်ပါးသေးတော့ ညှီတယ်။ အီတယ်။ အဲဒီလို ခံစားရတယ်။ ကျွန်တော်တို့အဖွဲ့ရဲ့ အများစုကတော့ တိဘက်ဒေသထွက် ယမကာကို စမ်းသပ်သောက်သုံးကြည့်ကြတယ်။ အိမ်ရှင်တွေကလည်း တစ်ယောက်ပြီးတစ်ယောက် ကမ်ပေ့၊ ချီးယားနဲ့ မြန်မာလို ဘယ်လိုခေါ်သလဲဆိုလို့ လက်တန်းသင်ပေးလိုက်တဲ့ ချကွာဆိုတာနဲ့ ပွဲစည်နေတာပဲ။

ဆိုင်ကအဖွဲ့တွေအတွက် ဗိုက်ခွေးနမ်းတဲ့နေ့လို့ပဲ မုဒိတာပွားမိတယ်။ ဟင်းတွေက အရာမှသိပ်မယွင်းဘဲလေ။ မှိုဟင်းတို့၊ အသီးအရွက်ကြော်ချက်တွေနဲ့ ဟင်းချိုသုံးလေးမျိုးဆို


ခြောက်လမ်းသွားလမ်း၊ ဆိုင်ကယ်၊ စက်ဘီးလမ်းနဲ့ ပလက်ဖောင်းက ၁၅ ပေ၊ ပေ ၂၀ ရှိတဲ့ လာဆာမြို့တွင်း တစ်နေရာ။

တွေ့ခဲ့တယ်။ ပုဂ္ဂလိက ဆေးခန်းတွေပေါ့။ မှန်ကနေ လှမ်းမြင်ရသလောက် အောက်ဆီဂျင်မဝလို့ အောက်ဆီဂျင်ရှူနေတဲ့၊ အအေးမိတဲ့ ပုံပေါက်တဲ့ လူနာတွေကို လှမ်းတွေ့ရတယ်။ အဲဒီ ဆေးခန်းမှာ ကျွန်တော်တို့အဖွဲ့ထဲက သီရိတို့၊ မေသော်တို့ကို မရှူနိုင် မကယ်နိုင်ဖြစ်လာရင် သွားပို့နိုင်ဖို့ အရေးပေါ် စဉ်းစားထားခဲ့သေးတယ်။ ခုတင်က လေးငါးဆယ်ခုတင်လောက် ရှိတာပါ။ ကျွန်တော်တို့လိုပဲ ဒေသနဲ့ လို့ ဒေသထွက်တဲ့ဆားနဲ့ အနီးက ယူနန်ပြည်နယ်ကနေ လက်ဖက်ခြောက်ကို လဲပြီးအသုံးပြုရတာ။ ဆန်ဆိုလည်း ဒေသထွက်နဲ့ မလုံလောက်လို့ ကျန်ဒေသတွေက ပံ့ပိုးရတယ်။ ကျောက်တောင်တွေများတော့ ဘယ်လို စိုက်ပျိုးမလဲ၊ ရှိတဲ့မြေလေးမှာ စနစ်တကျစိုက်လို့ ထွက်ရှိတာလေးနဲ့ ပြင်ပကနေ လိုတာထပ်ဖြည့်ရတာ။ ဆိုင်တွေမှာ တင်ရောင်းတဲ့ အဝတ်အထည်၊ ပိုက်ဆံအိတ်၊ ဖိနပ်၊ လက်ဆွဲအိတ်၊ လျှပ်စစ်ပစ္စည်း စတာတွေက တရုတ်ပစ္စည်းတွေဆိုတော့ ဈေးကတော့ မြောက်သလားမမေးနဲ့။ ဖြစ်လည်းဖြစ်သင့်ပါတယ်။ တောင်ပေါ် ပေ ၁၆၀၀၀ လောက်ခရီးကို သယ်လာဖို့က နည်းတဲ့ခရီးလား၊ နည်းတဲ့ ခရီးစရိတ်လား။ ဒီတော့ များတာက ယုတ္တိရှိပါတယ်။

ကျွန်တော်တို့ကို တစ်ရက်မှာ တိဘက်ဒေသမှာရှိတဲ့ CCTV ရုံးအကြီးအကဲက တိဘက်ရိုးရာ စားသောက်ဆိုင်မှာ ညစာနဲ့ တည်ခင်းဧည့်ခံပါတယ်။ စားပွဲဝိုင်းမှာ ရောက်လာတာတွေက တကယ်ကို ဈေးကြီးတယ်ဆိုတာ သိသာတဲ့ တိဘက်ရိုးရာ ဟင်းလျာတွေပါ။ နွားနောက်သားအတုံးကြီးက လက်သီးဆုပ်လောက်ရှိတယ်။ သိုးသားကလည်း အတုံးအကြီးကြီးပဲ။ ဘဲသား၊ ဝက်သားတွေ၊ ကြက်သားတွေ။ ဟင်းတွေချည်းပဲ။ ဒီတော့ ဘယ်သူမှ ကောင်းကောင်း မနှိုက်ကြတာလည်း ကျွန်တော်တို့ရဲ့ လျှာနဲ့ နည်းနည်း အစပ်အဟပ်ကွာတယ်။ စားနိုင်မလားဆိုပြီး ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး ထပ်ထပ်ချပေးတယ်။ ကျွန်တော်တို့တောင် အားနာယူရတယ်။ ကျွန်တော့်မှတ်ချက်ကတော့ တိဘက်လူမျိုးက မြန်မာနဲ့ ဧည့်ဝတ်ကျေပွန်မှုမှာ ယှဉ်လို့ရတယ်။ ကျွန်တော်တို့ထက်တောင် သာဦးမလားပဲလို့ ထင်မိတယ်။ ဟင်းစားမကောင်းပေမယ့် စေတနာကို စားသုံးခဲ့ရတယ်လို့ မှတ်ယူပြီး ဗိုက်ပြည့်ခဲ့ရပါတယ်။

တိဘက်တွေမှာ ထူးထူးခြားခြား သိခဲ့ရတာက အပျို့နဲ့ အိမ်ထောင်သည်ကို အလွယ်တကူ ခွဲခြားလို့ရတာပဲ။ အပျိုက လုံချည်ရှေ့ပိုင်းမှာ ခါးစည်းဖုံးမပါဘူး။ အိမ်ထောင်သည်ကတော့ ရှေ့မှာ အရောင်စုံရောယှက်နေတဲ့ ခါးစည်းဖုံး ပိတ်စပိုင်းကြီးပါတယ်။ လှတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ကရင်ပြည်နယ် လှိုင်းဘွဲ့ဘက်ကို ရောက်တုန်းက ကရင်တိုင်းရင်းသားဝတ်စုံဖြစ်တဲ့ သင်တိုင်းကို ကြည့်ပြီး အပျို၊ အိမ်ထောင်သည် အလွယ်တကူ ခွဲခြားလို့ရတယ်ဆိုတာ သိခဲ့ရဖူးတယ်။

ကိုဒင်ရေ. .

တိဘက်လူမျိုးတွေရဲ့ လူမှုစီးပွားဘဝနဲ့ ပတ်သက်ပြီး ကျွန်တော့် မှတ်ဉာဏ်ထဲက ဆွဲထုတ်မိသမျှလေးကို စာစီလိုက်တာပါ။ ။

■


ရေကန်တွေ၊ တံတားတွေ၊ ကျောက်တောင်တွေ၊ မိုးတိမ်တွေနဲ့ လာဆာ။

## ပြည်တွင်းရေးရာ

**✱ ရှေ့ဖုံးမှ**

၂၀၀ ပါဝင်သည့် အပန်းဖြေစခန်းတစ်ခုကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။

**ပြသထား**

ထို့ပြင် ဂျင်ဂစ်ခန်ရုပ်တုနှင့်တွဲဖက်၍ ရှေးဟောင်းသုတေသနဆိုင်ရာ မွန်ဂိုလီးယားလူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာများဖြစ်သည့် နေ့စဉ်အသုံးအဆောင်ပစ္စည်းများပြခန်းနှင့် ကြီးမြတ်သောခန်ခေတ်ဖြစ်သည့် ၁၃ နှင့် ၁၄ ရာစုကာလများအတွင်း အသုံးပြုခဲ့သည့် ရှေးဟောင်းရွှေထည်လက်ရာပစ္စည်းများကိုလည်း ပြသထားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဂျင်ဂစ်ခန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာလာရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာပြီး ရန်ကုန်မြို့သို့ ညပိုင်းတွင်ရောက်ရှိကြရာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့ရှိ ဂျင်ဂစ်ခန်ရုပ်တုကို သွားရောက်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီကိုယ်စားလှယ်အဖွဲ့တို့ ဇူလိုင် ၂၀ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ ဆက်လက်တွေ့ဆုံမည်

**ရန်ကုန် ဇူလိုင် ၁၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီနှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ(UNFC) ကိုယ်စားလှယ်အဖွဲ့တို့ ဇူလိုင် ၂၀ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်၌ ဆက်လက်တွေ့ဆုံသွားမည်ဖြစ်ပြီး ဩဂုတ်လဆန်းပိုင်းတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC)က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တို့သည် ရန်ကုန်မြို့တွင် တွေ့ဆုံနိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) ဥက္ကဋ္ဌ ဦးအင်ဘန်လတို့ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC ) ရန်ကုန်ရုံးခွဲတွင် တွေ့ဆုံအပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ဦးလှမောင်ရွှေက " Political Framework နိုင်ငံရေးဆိုင်ရာမူဘောင်ပြန်လည်ပြင်ဆင်တဲ့နေရာမှာ သူတို့တွေပါဝင်လာဖို့အတွက်လည်း ကျွန်တော်တို့ ဖိတ်ခေါ်ခဲ့ပြီးပါပြီ။ ဒါကြောင့်သူတို့အနေနဲ့ ပြန်စုဖွဲ့ပြီး ဆွေးနွေးဖို့ရှိသလို ကျွန်တော်တို့ဘက်က ကိုယ်စားလှယ်တွေကလည်း သူတို့ဆီကို ဒီရက်ပိုင်းမှာ သွားရောက်တွေ့ဆုံပြီးတော့ ဆက်တိုက်ညှိနှိုင်းနေမှာပါ။ ဇူလိုင် ၂၀ ရက်မှာ ကျွန်တော်တို့ ထိုင်းနိုင်ငံ ချင်းမိုင်မှာတွေ့ဖို့ တစ်ကြိမ်ရှိတယ်။ ဒါပြီးသွားရင်တော့ လဆန်းမှာလည်း တွေ့ဖို့ရှိတဲ့အတွက် ဩဂုတ်လမကုန်ခင်မှာ ညီလာခံကျင်းပဖို့အတွက် ဆက်ပြီးပြင်ဆင်နေပါတယ်။ အခုအချိန်အထိတော့ အခြေအနေက အများကြီး ပိုကောင်းလာပါတယ်" ဟုပြောသည်။

ယနေ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် UNFC ခေါင်းဆောင်များ၏ နှစ်နာရီကြာ မိသားစုပုံစံ တွေ့ဆုံဆွေးနွေးမှုတွင် ယုံကြည်မှုများပိုမိုရရှိခဲ့ပြီး ပင်လုံဆိုသည့် စိတ်ဓာတ်မျိုးဖြင့် ရှေ့ဆက်သွားရန်၊ NCAစာချုပ်လက်မှတ်ရေးထိုးခြင်းမပြုရသေးသည့် UNFC အဖွဲ့ဝင်များ ပါဝင်လာနိုင်ရန်အတွက် မည်သည့်ကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရန် စသည့်အမြင်သဘောထားများ ဖလှယ်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံရာတွင် ငြိမ်းချမ်းရေးအတွက် လမ်းစသစ်များကို ရှာဖွေနိုင်ခဲ့ကြောင်းကို ဦးလှမောင်ရွှေက "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့လည်း ပြီးခဲ့တဲ့ကိစ္စတွေအပါအဝင် အခုဆောင်ရွက်သင့်တဲ့ကိစ္စတွေကိုလည်း မိသားစုပုံစံ ဆွေးနွေးခဲ့တာရှိတဲ့အတွက် ကျွန်တော့်အမြင်ကတော့ ယုံကြည်မှုတွေ အများကြီးပိုရလာတယ်။ အဓိကဆွေးနွေးတာကတော့ မကြာမီကျင်းပတော့မယ့် ပင်လုံညီလာခံကို ပါဝင်နိုင်ဖို့အတွက် မရှင်းလင်းတဲ့ကိစ္စတွေကို မေးမြန်းတယ်။ အပြန်အလှန်အမြင်ဖလှယ်တယ်။ အများကြီး တာသွားပါတယ်။ UNFC ဘက်ကလည်း အဆိုပြုချက်လေးတွေ ပြောတာတော့ရှိပါတယ်။ ဒါတွေကို ဆောင်ရွက်ပြီးရင်တော့ UNFC ဘက်ကလည်း လက်မှတ်ထိုးနိုင်တဲ့အနေအထားကို ပြောတာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဆက်လက်ပြီး တိုးမြှင့်ဆောင်ရွက်ဖို့ရှိပါတယ်"ဟု ဆိုသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ညီညွတ်သောတိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ခေါင်းဆောင်များတွေ့ဆုံသည့် ယနေ့ဆွေးနွေးပွဲနှင့်ပတ်သက်၍ UNFC ဘက်မှ သတင်းထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။

**သတင်း-ရဲခေါင်ညွန့်၊ ဝင်းဝင်းမော်**



ကော်မတီအတွင်းရေးမှူး ဦးလှမောင်ရွှေ
ဓာတ်ပုံ-ဖိုးထောင်

## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပွဲစဉ်များ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုဒုတိယအဆင့်ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပလျက်ရှိသည်။

ညနေ ၃ နာရီခွဲတွင် အုပ်စု(ကက) မှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဘောလုံးအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ယှဉ်ပြိုင်ကစားကြရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဘောလုံးအသင်းက ၁၁ ဂိုး-သုံးဂိုးဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက် တစ်ဂိုးစီသရေဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ဇူလိုင် ၁၈ ရက်ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် အုပ်စု(ခခ)မှ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဘောလုံးအသင်းတို့သည် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

**✪ ရတနာပုံအသင်းမှ**

ပထမပိုင်းတွင် ဇွဲကပင်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်ခဲ့၍သာ ဂိုးမရှိ သရေကျနေခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် ရတနာပုံအသင်း ကစားအားမြှင့်လာခဲ့ပြီး ဇွဲကပင်အသင်းကလည်း သရေရလဒ်ကို ထိန်းရန်ကြိုးပမ်းခဲ့သည်။ ဒုတိယပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး အခွင့်အရေးကိုယ်စီရရှိခဲ့သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးကို နာကျင်အချိန်ပိုတွင် ဝင်းနိုင်စိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် လက်ကျန်လေးပွဲအလိုတွင် ချန်ပီယံဖြစ်သွားခဲ့ပြီး ချန်ပီယံဆုလေးကြိမ်ရထားသည့် ရန်ကုန်အသင်းနှင့် အောင်မြင်မှုစံချိန်ချင်း တူညီသွားခဲ့သည်။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရန်ကုန်အသင်းသည် ရခိုင်နှင့် ဂိုးမရှိသရေကျခဲ့သောကြောင့် ဒုတိယနေရာရယူနိုင်ခွင့် ဆုံးရှုံးခဲ့ရသည်။ တောင်ငူကွင်းပွဲတွင် Southern အသင်းက ဟံသာဝတီအသင်းကို အဝေးကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူကာ အဆင့်(၁၀)နေရာသို့ တက်လှမ်းလာနိုင်ခဲ့သည်။

ပွဲစဉ်(၁၈)အပြီးတွင် ရတနာပုံအသင်းက ရမှတ် ၄၇ မှတ်ဖြင့် လက်ကျန်လေးပွဲအလိုတွင် ချန်ပီယံဖြစ်ခဲ့ပြီး မကွေးအသင်းက ၃၂ မှတ်၊ ရန်ကုန်အသင်းက အမှတ် ၃၀၊ ဟံသာဝတီနှင့် ဧယျာဝတီရွှေမြေအသင်းတို့က ၂၉ မှတ်စီ၊ ရှမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်းတို့က ၂၈ မှတ်စီ၊ ဇွဲကပင်အသင်းက ၂၄ မှတ်၊ ချင်းယူနိုက်တက်အသင်းက ၁၉ မှတ်၊ Southern အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၂ မှတ်၊ Horizon အသင်းက ခြောက်မှတ်ရရှိထားသည်။

**သတင်းနှင့် ဓာတ်ပုံ (ရှိုင်းထက်ဇော်)**

◆

## အာဇာနည်နေ့ အကြိုဟောပြော

**ရန်ကုန် ဇူလိုင် ၁၇**

အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ ပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ (၆၉)နှစ်မြောက် အာဇာနည်နေ့အကြိုဟောပြောပွဲကို အင်းစိန်မြို့နယ်အတွင်းရှိ တည်းကုန်းရပ်ကွက် အထက(၇) အနော်ရထာခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ အင်းစိန်မြို့နယ်စာရေးဆရာများအသင်းမှ မောင်ပန်းဝေ(ညောင်တုန်း)၊ စာရေးဆရာမောင်နွယ်မြင့်(စာပေဗိမာန်)၊ အဖွဲ့ခေါင်းဆောင် စာရေးဆရာ ရန်မိုးအောင် (အင်းစိန်)တို့က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ဟောပြောကြသည်။ **ခရိုင်(ပြန်/ဆက်)**

# အေဆမ်သည် အာရှနှင့် ဥရောပပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသနှစ်ခုကြား အဖွဲ့၏ တက်ကြွမှုနှင့်ဆက်စပ်မှုကို သက်သေပြလျက်ရှိ

**အူလန်ဘာတာ ဇူလိုင် ၁၇**

(၁၁) ကြိမ်မြောက် ASEM ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌက ဇူလိုင် ၁၆ ရက်တွင် ASEM ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါထုတ်ပြန်ချက်တွင် 20 Years of ASEM: Partnership for the Future through Connectivity ဟူသော နှစ်(၂၀)မြောက် အေဆမ်၏ရည်မှန်းချက်နှင့်အညီ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အထိ မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၌ (၁၁)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ပါသည်။

အေဆမ်သည် လွန်ခဲ့သောနှစ် ၂၀ အတွင်းအချိန်ကာလ၏ စမ်းသပ်မှုကို အောင်မြင်စွာရပ်တည်နိုင်ခဲ့သည့်အတွက် ခေါင်းဆောင်များအနေဖြင့် ကျေနပ်အားရမှုရှိခဲ့ပါသည်။ အာရှနှင့် ဥရောပပြည်သူများ၏ အကျိုးစီးပွားနှင့် ဒေသနှစ်ခုကြားရှိ နယ်ပယ်အသီးသီးတွင် စိတ်ဝင်တစားပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခြင်းစသည်တို့မှာ အဖွဲ့၏ တက်ကြွမှုနှင့်ဆက်စပ်မှုကို သက်သေပြလျက်ရှိသည်ဟု နိုင်ငံ့ခေါင်းဆောင်များက မှတ်ချက်ချခဲ့ပါသည်။ အေဆမ်လုပ်ငန်းစဉ်များတွင် အကျိုးစီးပွားကိုခွဲဝေခြင်း၊ အပြန်အလှန်လေးစားမှုရှိခြင်း၊ တန်းတူညီမျှရှိခြင်းစသည်ဖြင့် ဒေသနှစ်ခုအတွင်း မိတ်ဖက်မှုကိုအလေးအနက်ထားရန် ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

ကမ္ဘာမြေနှင့် လူသားများ၏ အကျိုးဖြစ်ထွန်းစေမည့် အနာဂတ်တည်ဆောက်ရန် ရည်ရွယ်ထားသော သမိုင်းမှတ်တိုင်ဖြစ်သည့် ပါရီသဘောတူညီမှုနှင့် ဒုက္ခသည်လျှော့ချရေးအတွက် ပြုလုပ်ခဲ့သော ၂၀၃၀ လုပ်ငန်းစဉ်ဖြစ်သည့် Addis Ababa Action Agenda, the Sendai Framework ကို ၂၀၁၅ ခုနှစ်တွင် လက်ခံခဲ့သည့်အတွက်လည်း နိုင်ငံ့ခေါင်းဆောင်များက ဝမ်းမြောက်ဝမ်းသာရှိကြပါသည်။ အဆောတလျင်ဆုံးဖြတ်မှုများကို သည်းခံကာ လက်တွေ့ကျသောဆောင်ရွက်မှုများအဖြစ် အကောင်အထည်ဖော်ခြင်းဖြင့် လက်တွေ့ကျသော ကွဲပြားခြားနားမှုများကို လုပ်ဆောင်လာနိုင်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို အစိမ်းရောင်ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုအဖြစ် ပြောင်းလဲပေးပြီး ရာသီဥတုဒဏ်ခံ ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် ပြောင်းလဲနိုင်လိမ့်မည်ဖြစ်ပါသည်။ ထို့အပြင် ခေါင်းဆောင်များသည် နိုင်ငံတွင်း၊ ဒေသတွင်းနှင့် ကမ္ဘာ့အဆင့်ထိထားရှိသည့် ရည်မှန်းချက်များကို ပြည့်ဝစွာ အချိန်မီအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။

ရေရှည်ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန် မဟာဗျူဟာများဖန်တီးရေး၏အရေးပါမှုကို ၎င်းတို့က အသိအမှတ်ပြုခဲ့ကြပြီး မြင့်တက်လာသော ကမ္ဘာ့ပျမ်းမျှအပူချိန်ကို စက်မှုလုပ်ငန်းသုံးအဆင့်အထက် ၂ ဒီဂရီစင်တီဂရိတ်အောက်ရောက်ရှိရန်နှင့် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိကန့်သတ်ရန် ကြိုးပမ်းမှုများ ဆက်လက်လုပ်ဆောင်ရန်နှင့် ရာသီဥတုပြောင်းလဲမှု၏ ဘေးဖြစ်စေတတ်သော အကျိုးသက်ရောက်မှုများကို လိုက်ဖက်အောင်ပြင်ဆင်သည့် စွမ်းရည်မြင့်တက်လာစေရန် ပါရီသဘောတူညီချက်၏ လိုအပ်ချက်များဖြေရှင်းရာတွင် ဟန်ချက်ညီသောချဉ်းကပ်မှုတစ်ခုဖြစ်ပေါ်စေခဲ့ပါသည်။ Nationally Determined Contributions (NDCs) အကောင်အထည်ဖော်ဆောင်မှုနှင့် သဘောတူညီချက်အရ ပိုမိုရည်မှန်းချက်ကြီးမားသော လုပ်ဆောင်ချက်နှင့် ပံ့ပိုးမှုကို အဆင့်ဆင့်ရယူနိုင်မှုမှတစ်ဆင့် အသေးစိတ်စည်းမျဉ်းစည်းကမ်းများ ဖြစ်ပေါ်လာခြင်းအပါအဝင် သဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရာတွင် အပြည့်အဝထိထိရောက်ရောက်ပါဝင်ရန် ခေါင်းဆောင်များက ASEM မိတ်ဖက်နိုင်ငံများအား တိုက်တွန်းခဲ့ပါသည်။

ရေရှည်ထိန်းထားနိုင်ခြင်းမရှိသော စက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် သစ်တောဆိုင်ရာလုပ်ငန်းများအပါအဝင် မတူညီသောအရင်းအမြစ်များမှ ဖန်လုံအိမ်ဓာတ်ငွေ့များလျှော့ချရန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုလိုအပ်ပါသည်။ ဘဏ္ဍာရေး၊ နည်းပညာလွှဲပြောင်းမှုနှင့် သင့်လျော်အောင်စီစဉ်ရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ကဲ့သို့သော တိုးမြှင့်ပံ့ပိုးမှုနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲတိုင်းပြည်များအထိ ဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုကိစ္စရပ်များမှာ ထိုသဘောတူညီချက် အကောင်အထည်ဖော်ဆောင်မှု မြှင့်တင်ရာတွင် အရေးပါသည်ဟုလည်း ၎င်းတို့က အလေးထားခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုက အာတိတ်ဒေသတွင် ကြီးစွာသောအကျိုးသက်ရောက်မှုတစ်ရပ် ဖြစ်စေခဲ့ကြောင်း ခေါင်းဆောင်များက သဘောတူခဲ့ကြပြီး ထိုနယ်မြေအတွင်း နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ပန်ကြားလိုက်ပါသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအတွင်းက ပါရီမြို့တော်တွင် စတင်ဖွဲ့စည်းခဲ့သော နေရောင်ခြည်စွမ်းအင်ပေါကြွယ်ဝသောနိုင်ငံ ၁၂၂ နိုင်ငံပါဝင်သည့် အပြည်ပြည်ဆိုင်ရာ နေရောင်ခြည်စွမ်းအင် မဟာမိတ်နိုင်ငံများအုပ်စု (ISA)ကို ထိုနယ်ပယ်အတွင်း နိုင်ငံတကာအသိုင်းအဝိုင်း၏ သိသာထင်ရှားသော ဆောင်ရွက်မှုတစ်ရပ်အဖြစ် ခေါင်းဆောင်များက ကြိုဆိုခဲ့ပါသည်။

ကုန်းမြေ၊ ရေပြင်ရှိ သဘာဝအရင်းအမြစ်များကို မူဝါဒများဖြင့် စဉ်ဆက်မပြတ်သောစီမံခန့်ခွဲမှုဖြင့် ပေါင်းစည်းရန်လိုအပ်မှုကို ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ပါသည်။ သမုဒ္ဒရာများအခြေအနေကောင်းမွန်ရန်၊ သန့်ရှင်းစေရန်နှင့် ဘေးကင်းစေမှုကိုထိန်းသိမ်းရန် ရေရှည်နည်းလမ်းတစ်ရပ်အဖြစ် ပင်လယ်ရေကြောင်းဆိုင်ရာလှုပ်ရှားမှုများကို စီမံခန့်ခွဲရန်နှင့် အနာဂတ်မျိုးဆက်များအတွက် ၎င်းတို့ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ချက်ကို ခေါင်းဆောင်များက မီးမောင်းထိုးပြခဲ့ပါသည်။

သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးတွင် ASEM မိတ်ဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုယခုထက်ပိုမိုတိုးတက်လာစေရေးကို ခေါင်းဆောင်များက အားပေးခဲ့ပါသည်။ ဗဟုသုတမျှဝေခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း၊ သင့်လျော်အောင်စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုအစီအစဉ်များ၊ ကြိုတင်အချက်ပေးစနစ်များ၊ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးဆောင်ရွက်မှုများ၊ တီထွင်ဆန်းသစ်မှုနှင့် နည်းပညာအသုံးချမှုကဲ့သို့သော ကျယ်ပြောသော ပြည်သူဗဟိုပြုချဉ်းကပ်မှုအပေါ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းမှတစ်ဆင့် ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်မှု ခိုင်မာအားကောင်းလာစေရေး၏ အရေးပါမှုကို ခေါင်းဆောင်များက မီးမောင်းထိုးပြခဲ့ပါသည်။

ထို့အပြင် အဓိကကျသော သဘာဝဘေးအန္တရာယ်ဖြစ်ရပ်များတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် နိုင်ငံသားကာကွယ်စောင့်ရှောက်ရေးအကူအညီမှတစ်ဆင့် နိုင်ငံတကာစည်းလုံးညီညွတ်မှု၏ အရေးပါမှုကိုလည်း ၎င်းတို့က အသိအမှတ်ပြုခဲ့ပါသည်။

ခေါင်းဆောင်များအနေဖြင့် လုပ်ငန်းခွင်ဆိုင်ရာကျန်းမာရေး၊ လုံခြုံရေးစည်းမျဉ်းများနှင့်စပ်လျဉ်းပြီး အပြည်ပြည်ဆိုင်ရာလုပ်သားစံချိန်စံညွှန်းနှင့် ပြည်တွင်းဥပဒေများအား မြှင့်တင်ပေးကြပြီး ကုန်ထုတ်လုပ်ငန်းများ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးကိုလည်း ထည့်သွင်းစဉ်းစားကြပါသည်။ ယခုပြုလုပ်သောဆောင်ရွက်ချက်အရ ခေါင်းဆောင်များအနေဖြင့် ရွှေ့ပြောင်းလုပ်သားများအပါအဝင် လုပ်သားများအားလုံးအတွက် လုပ်သားအခွင့်အရေး မြှင့်တင်ပေးရန်နှင့် လုံခြုံသောလုပ်ငန်းခွင်များဖန်တီးပေးရန် လိုအပ်မှုကို အလေးထားခဲ့ကြပါသည်။ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများနှင့် အဆင့်အတန်းမမီ နိမ့်ကျသောလုပ်ငန်းခွင်တွင် လုပ်ကိုင်နေကြရသည့် လုပ်သားများအား အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းမှကာကွယ်ရန် အသိပညာပေးခြင်းနှင့် သုသေတနပြုခြင်း၏အရေးပါမှုကို အလေးထားခဲ့ကြပါသည်။

ခေါင်းဆောင်များအနေဖြင့် တရုတ်နိုင်ငံတွင် ၂၀၁၅ ခုနှစ် မေလက ကျင်းပသော အေဆမ်ဆက်သွယ်မှုဆိုင်ရာစက်မှုလုပ်ငန်းဆွေးနွေးပွဲ၏ရလဒ်များအား ကြိုဆိုကြပြီး ဆက်သွယ်မှုဆိုင်ရာလမ်းသစ်ရှာဖွေရေးအဖွဲ့အား နှစ်နှစ်သက်တမ်းဖြင့်ဖွဲ့စည်းရန် သဘောတူခဲ့ကြပါသည်။

ခေါင်းဆောင်များအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာဆိုင်ရာတံဆိပ်ခတ်နှိပ်ခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာတီထွင်ဖန်တီးခြင်း၊ တီထွင်ဆန်းသစ်ခြင်း၊ ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ၏ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုနှင့် အလားအလာများကို အသိမှတ်ပြုခဲ့ကြပါသည်။ ကျွမ်းကျင်သူများနှင့် အဖွဲ့အစည်းများအကြား ပညာရပ်နှင့် အတွေ့အကြုံများဖလှယ်ခြင်း၊ ပြည်သူအချင်းချင်းအပြန်အလှန်ဖလှယ်မှုအစီအစဉ်နှင့် ကွန်ရက်များခိုင်မာစေခြင်းတို့ကို ခေါင်းဆောင်များက အားပေးခဲ့ကြပါသည်။

တိုးတက်လျက်ရှိသော ကမ္ဘာကြီးတွင် ဖန်တီးမှုဆိုင်ရာလုပ်ငန်းများတိုးတက်စေရန် ယဉ်ကျေးမှုဆိုင်ရာမူဝါဒများဖြင့် ထောက်ပံ့သင့်ကြောင်း ခေါင်းဆောင်များက မီးမောင်းထိုးပြခဲ့ကြပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများ၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ ငွေကြေးထောက်ပံ့မှု၊ ဆုကြေးများ၊ စီးပွားရေးလုပ်ငန်းစွမ်းဆောင်မှုအရည်အသွေးများဆိုင်ရာကိစ္စရပ်များတွင် နည်းပညာအသုံးပြုမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များတွင် စုပေါင်းဆောင်ရွက်မှု၏ အကျိုးရလဒ်များ ခိုင်မာစေခြင်းတို့ကိုလည်း အားပေးခဲ့ပါသည်။

ခေါင်းဆောင်များသည် နိုင်ငံတကာ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုစသည်တို့ကို အပြင်းအထန်ခြိမ်းခြောက်နေသည့် အကြမ်းဖက်ဝါဒကို ဆန့်ကျင်တုံ့ပြန်ရန်၊ အမျိုးမျိုးသောအစွန်းရောက်အကြမ်းဖက်မှုများကိုကာကွယ်ရန်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ နိုင်ငံတကာဥပဒေနှင့်အညီ သိသာထင်ရှားစေရန်၊ နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဥပဒေ၊ ဒုက္ခသည်ဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးဥပဒေဆိုင်ရာကိစ္စရပ်ကို ထပ်လောင်းပြောကြားခဲ့ပါသည်။

မကြာသေးမီကဖြစ်ပွားခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များဖျက်ဆီးခံရမှုအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုများကို ပြင်းထန်စွာဝေဖန်ခဲ့ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၂၁၇၈ တွင် ဖော်ပြထားသည့် တိုင်းတစ်ပါးအကြမ်းဖက်တိုက်ခိုက်ရေးသမားများ မြင့်တက်လာသောဖြစ်စဉ်နှင့်အတူ လူ့ဘောင်အဖွဲ့အစည်းအတွင်း လူမျိုးရေးခွဲခြားမှုနှင့် အစွန်းရောက်အကြမ်းဖက်မှုများပျံ့နှံ့လာမှု၊ အကြမ်းဖက်မှုများ ကြီးထွားလာစေနိုင်သောအခြေအနေများကို ဖယ်ရှားရှင်းလင်းရန်နှင့် တုံ့ပြန်ရန်အတွက် အတူတကွပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း အလေးထားပြောကြားခဲ့ပါသည်။

ထို့ပြင် လူသားမျိုးနွယ်စု၊ ဘာသာရေးစသည်တို့နှင့် နှီးနွယ်ခြင်းမရှိသော အစွန်းရောက်အကြမ်းဖက်မှုများကို တုံ့ပြန်နိုင်သည့် ပြည့်စုံသောနည်းလမ်းကောင်းတစ်ခုလိုအပ်ကြောင်းလည်း အရေးပေးပြောကြားခဲ့ပါသည်။ အကြမ်းဖက်ဝါဒငွေကြေးထောက်ပံ့မှုများနှင့် အင်တာနက်အလွဲသုံးစားပြုနေမှုများလုပ်ဆောင်နေသည့် အကြမ်းဖက်အုပ်စုကို ချေမှုန်းရန် ထပ်လောင်းပြောကြားခဲ့ပါသည်။ ဓာတုဗေဒ၊ ဇီဝဗေဒနှင့် နျူကလီးယားအကြမ်းဖက်မှုများကို ကာကွယ်ရန်နှင့် လက်နက်များကုန်သွယ်စီးဆင်းမှုကို ထိန်းချုပ်ရန်လည်းအရေးကြီးကြောင်း ဆွေးနွေးခဲ့ပါသည်။

ခေါင်းဆောင်များအနေဖြင့် နိုင်ငံခြားသားများအားမုန်းတီးမှု၊ ဘာသာရေးကိုအခြေခံသော အမုန်းပွားမှုနှင့် အကြမ်းဖက်မှုများအား ရှုတ်ချပါသည်။ ပူးပေါင်းဆောင်ရွက်ရေး၊ ဘာသာအချင်းချင်းဆွေးနွေးပွဲများ၊ ယဉ်ကျေးမှုပေါင်းစည်းရေး၊ အပြန်အလှန်လေးစားရေး၊ ဘုံဝါဒ၊ ခန္တီစတရားတိုးမြှင့်ရေး ယဉ်ကျေးမှုနှင့်ဘာသာရေးမတူကွဲပြားမှုအား လေးစားရေးနှင့် နားလည်ရေးတို့၏အရေးပါမှုကို အလေးထားကြပါသည်။ အလယ်အလတ်လမ်းစဉ်အား ကျင့်သုံးခြင်းဖြင့် ကွဲပြားမှုများအား ပေါင်းစည်းစေပြီး အစွန်းရောက်မှုအား ကိုင်တွယ်နိုင်ကြောင်း ခေါင်းဆောင်များက အသိအမှတ်ပြုကြပါသည်။

တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားသည့် နိုင်ငံတကာဥပဒေနှင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ မူဝါဒများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ကမ္ဘာကြီး၏အစိတ်အပိုင်းအသီးသီးတွင် ဖြစ်ပေါ်နေသောအငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် ပဋိပက္ခပြေငြိမ်းမှုကို လွယ်ကူချောမွေ့စေခြင်းတို့ကို ဦးတည်ချက်ထားမှုနှင့်အတူ မြောက်ကိုရီးယားနှင့်ပတ်သက်သည့် လူ့အခွင့်အရေးများအခြေအနေ၊ ကိုရီးယားကျွန်းဆွယ်အခြေအနေ၊ အရှေ့အလယ်ပိုင်း၊ အာဖရိက၊ ယူကရိန်းတို့တွင်ဖြစ်ပေါ်နေသော စိုးရိမ်ပူပန်မှုများနှင့် ဘုံအကျိုးစီးပွားများနှင့်ပတ်သက်သော နိုင်ငံတကာနှင့်ဒေသတွင်းအရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် နည်းလမ်းများနှင့်ပတ်သက်၍ ခေါင်းဆောင်များက အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

ဒေသတွင်းနှင့် ဒေသအချင်းချင်းပေါင်းစည်းခြင်းဆီသို့ သိသာထင်ရှားသည့်ခြေလှမ်းတစ်ရပ်အဖြစ် ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းထူထောင်မှုကို ခေါင်းဆောင်များက ကြိုဆိုခဲ့ကြပါသည်။ ခေါင်းဆောင်များက ၂၀၂၅ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်အတွက် ၎င်းတို့၏ထောက်ပံ့မှုကို ထပ်လောင်းပြောကြားခဲ့ကြပြီး အာရှ-ပစိဖိတ်ဒေသတွင်းနှင့် ပြင်ပတို့တွင် ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် စည်ပင်သာယာဝပြောရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းနှင့် အပြန်အလှန်ဆွေးနွေးမှု တိုးမြှင့်ခြင်းတို့တွင် အာဆီယံ၏ အခန်းကဏ္ဍကို တန်ဖိုးထားကြောင်း ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့် လူ့အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာကြေညာချက်တို့နှင့်အညီ လူ့အခွင့်အရေးများကိုတိုးမြှင့်ရန်နှင့် ကာကွယ်ပေးရန် ခေါင်းဆောင်များက ၎င်းတို့၏ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ အတွေ့အကြုံနှင့် အကောင်းဆုံးလက်တွေ့ဆောင်ရွက်ချက်များကိုမျှဝေခြင်းဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အာရှ-ဥရောပထိပ်သီးအစည်းအဝေးတွင် ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးမြှင့်ရန် ၎င်းတို့၏ဆန္ဒကို ထပ်လောင်းပြောကြားခဲ့ကြပါသည်။

နယ်ပယ်အသီးသီးတွင် အမျိုးသမီးများ အပြည့်အဝတန်းတူညီမျှပါဝင်မှု၏အရေးပါမှုကို ခေါင်းဆောင်များက အသိအမှတ်ပြုခဲ့ကြပြီး အမျိုးသမီးများနှင့် မိန်းကလေးငယ်များ နိုင်ငံရေးနှင့်စီးပွားရေးနယ်ပယ်တွင် အပြည့်အဝတန်းတူညီမျှပါဝင်မှုကို အဟန့်အတားဖြစ်စေသည့် အတားအဆီးများကိုဖြေရှင်းရန် ကတိပြုခဲ့ကြပါသည်။

နေပြည်တော်၌ ၂၀၁၇ ခုနှစ် နှစ်လယ်တွင် (၁၃)ကြိမ်မြောက် ASEM နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး (ASEM FMM13)ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် မြန်မာနိုင်ငံ၏ဖိတ်ခေါ်မှုကို ခေါင်းဆောင်များက ကြိုဆိုခဲ့ကြပါသည်။

အူလန်ဘာတာတွင်ကျင်းပသော (၁၁)ကြိမ်မြောက်ASEM ထိပ်သီးအစည်းအဝေး၏ အောင်မြင်သောရလဒ်နှင့် အစည်းအဝေးသို့တက်ရောက်လာကြသူအားလုံးတို့အပေါ် နွေးထွေးပျူငှာသောဧည့်ဝတ်ကျေပွန်မှုတို့အတွက် ဥက္ကဋ္ဌနှင့် အိမ်ရှင်အဖြစ်ဆောင်ရွက်သော မွန်ဂိုလီးယားနိုင်ငံကို ခေါင်းဆောင်များက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပါသည်။

**(သတင်းစဉ်)**



# Best Bank in Myanmar 2016 ဆု မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်မှ တတိယအကြိမ်မြောက် (၃)နှစ်ဆက်ရရှိ




**ရန်ကုန် ဇူလိုင် ၁၇**
အင်္ဂလန်နိုင်ငံ လန်ဒန်အခြေစိုက် Euromoney အဖွဲ့အစည်းမှ ၂၀၁၆ ခုနှစ်အတွက် အာရှဒေသဆိုင်ရာ နိုင်ငံအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဘဏ်ဆု (Euromoney Awards for Excellence-2016) ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၄ ရက်တွင် ဟောင်ကောင်ရှိ Island Shangri-La Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်လီမိတက်မှ Best Bank in Myanmar 2016 ဆုကို တတိယအကြိမ်မြောက် သုံးနှစ်ဆက် ရရှိခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ကမ္ဘောဇဘဏ်မှ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညိုမြင့်နှင့် အကြီးတန်းအရာရှိကြီးများ၊ အာရှဒေသတွင်းရှိ နိုင်ငံ ၂၅ နိုင်ငံ၏ ကိုယ်စားပြုဘဏ်ပေါင်း ၄၈ ခုမှ ဘဏ်ဥက္ကဋ္ဌများ၊ CEO များ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိကြီး ၁၈၀ ကျော် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွက် အကောင်းဆုံးဘဏ်ဆု (Best Bank in Myanmar 2016 ဆု)ကို ကမ္ဘောဇဘဏ်လီမိတက်မှ အထွေထွေမန်နေဂျာများဖြစ်ကြသော ဒေါ်ခင်နှင်းယုနှင့် ဒေါ်ဝင်းဝင်းထိုက်တို့က လက်ခံရယူခဲ့သည်။

Euromoney အဖွဲ့အစည်းကြီးသည် ဘဏ်လုပ်ငန်းနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများတွင် ဩဇာကြီးမားသော လန်ဒန်အခြေစိုက်အဖွဲ့အစည်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတကာဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများကို အမြဲစောင့်ကြည့် သုံးသပ်အကဲဖြတ်နေသော အဖွဲ့အစည်းဖြစ်သည်။ ယင်းအဖွဲ့အစည်းမှ ကမ္ဘာတစ်ဝန်းရှိ ဘဏ်လုပ်ငန်းများ၏ လုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်မှုအပေါ် အခြေခံ၍ နိုင်ငံအလိုက် အကောင်းဆုံးဘဏ်ဆုများကို နှစ်စဉ်ရွေးချယ်ချီးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတကာ ဘဏ်များနှင့်ချိတ်ဆက်၍ နိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ အကောင်းဆုံးဆောင်ရွက်ပေးနိုင်ခြင်း၊ e-commerce နှင့် online ငွေပေးချေမှုများအတွက် မြန်မာနိုင်ငံတွင် ပထမဆုံး Electronic Payment Gateway ဝန်ဆောင်မှုကို စတင်နိုင်ခဲ့ကာ Mobile Banking, Internet Banking၊ Quick Pay ဝန်ဆောင်မှုများ၊ နိုင်ငံတစ်ဝန်းလုံး ATM စက်အများဆုံး ဖြန့်ကြက်ထားပြီး Debit Card များ၊ ပြည်တွင်း၊ ပြည်ပ သုံး Prepaid Card များ၊ Credit Card များဖြင့် ဝန်ဆောင်မှုပေးနိုင်ခြင်းအပါအဝင် နှစ်စဉ် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံးသယ်ပိုးထမ်းဆောင်နိုင်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအတွက် အများဆုံးပံ့ပိုးလှူဒါန်းခြင်းစသည်တို့ကြောင့် ဤဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ကမ္ဘောဇဘဏ်လီမိတက်သည် မြန်မာနိုင်ငံတွင် ပထမဆုံးအနေဖြင့် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်ခွင့်လိုင်စင်ရရှိထားပြီး နိုင်ငံတော်အတွက် ၂၀၁၁-၁၂ မှ ၂၀၁၄-၁၅ ထိ ပထမနေရာမှ လေးနှစ်ဆက် ဝင်ငွေခွန်အများဆုံးပေးဆောင်ထားသည်။ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM) သည် ၂၀၀၇ ခုနှစ်မှ ယနေ့အထိ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်အတွင်း ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်များ ကာကွယ်တားဆီးရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ၁၀၃ ဘီလီယံကျော် လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း သိရသည်။ **(၀၁၀)**

# ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန ပုသိမ်၌ ဖွင့်

**ပုသိမ် ဇူလိုင် ၁၇**
ပုသိမ်မြို့ကမ်းနားလမ်း ကျောက်ငူရပ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် International Organization For Migration (IOM) တို့ပူးပေါင်းဖွင့်လှစ်သော ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာန (Migrant Resource centre-MRC) ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံး၌ကျင်းပရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ (IOM)Chief of mission Mr-Kicran တို့က ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ရွှေ့ပြောင်းအလုပ်သမားများအတွက် လူ့ဂုဏ်သိက္ခာနှင့်အညီ စနစ်တကျရွှေ့ပြောင်းသွားလာလုပ်ကိုင်ခြင်းကို မြှင့်တင်ပေးသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်နိုင်ငံများသို့ အလုပ်သွားရောက်လုပ်ကိုင်ရာတွင် တရားဝင်သွားရောက်လုပ်ကိုင်မှသာ အလုပ်သမားများ၏ အခွင့်အရေးများ၊ ကာကွယ်စောင့်ရှောက်မှုများနှင့် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ ထောက်ပံ့ကူညီရေးဗဟိုဌာနကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြင့်ဟန် (ခရိုင်ပြန်/ဆက်)**



# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်း အမြန်ရေယာဉ်လိုင်းများ ဇူလိုင် ၁၇ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲ

**မုံရွာ ဇူလိုင် ၁၇**
ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၏ စိုးရိမ်ရေအမှတ်အထက်သို့ ရောက်ရှိနေသောကြောင့် မလိုလားအပ်သော ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် မုံရွာမြို့နယ် ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ ဇူလိုင် ၁၁ ရက်မှ စတင်ပြီး ခြောက်ရက်ကြာ အမြန်ရေယာဉ်များ ခရီးစဉ်ပြေးဆွဲခြင်းကို ယာယီရပ်နားထားရာ ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသဖြင့် အမြန်ရေယာဉ်အသင်းများ ယနေ့ နံနက် ၄ နာရီမှစ၍ ပုံမှန်ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေက ဒီနေ့ညနေပိုင်းမှာဆိုရင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနရဲ့ တိုင်းထွာချက်အရ မုံရွာမြို့ရဲ့ စိုးရိမ်ရေမှတ်ဖြစ်တဲ့ စင်တီမီတာ ၁၀၀၀ အောက် (၉၇၈)စင်တီမီတာကို ကျဆင်းသွားပြီဖြစ်တဲ့အတွက် ယာယီရပ်နားထားတဲ့ အထက်ချင်းတွင်းလိုင်းကို ပြေးဆွဲနေတဲ့ ကုန်တင်ရေယာဉ်နှင့် လူစီးရေယာဉ်တွေ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက စတင်ပြီး ပုံမှန်ပြန်လည်ပြေးဆွဲနေပါပြီ"ဟု ပုဂ္ဂလိကရေယာဉ်များစနစ်တကျ ပြေးဆွဲရေးကော်မတီမှ ဌာနမှူး ဦးသောင်းညွန့်က ပြောကြားသည်။

အဆိုပါ ချင်းတွင်းမြစ်ရေမြင့်တက်မှုကြောင့် မုံရွာမြို့မှ အထက်ချင်းတွင်းဒေသသို့ နေ့စဉ်ပုံမှန် ပြေးဆွဲလျက်ရှိသည့် ခရီးသည်တင်နှင့် ကုန်တင်အမြန်ရေယာဉ်အသင်းအားလုံး ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် မုံရွာဆိပ်ကမ်းမှ ခရီးစဉ်များ စတင်ထွက်ခွာကြပြီး မုံရွာမြို့ ချင်းတွင်းမြစ်ကမ်း တစ်လျှောက်ရှိ ရေကင်းချထားမှုများလည်း ပြန်လည်ရုပ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြန်မာနိုင်ငံတွင် အသက် (၁၀)နှစ်မှ (၁၇)နှစ်အတွင်းရှိ မြန်မာကလေးငယ် ငါးဦးအနက် တစ်ဦးအလုပ်လုပ်ကိုင်နေရပြီး အများစုမှာ လက်ဖက်ရည်ဆိုင်များတွင်ဖြစ်

**ရန်ကုန် ဇူလိုင် ၁၇**
မြန်မာနိုင်ငံတွင် အသက် (၁၀) နှစ်မှ (၁၇)နှစ်အတွင်းရှိ မြန်မာကလေးငယ် ငါးဦးအနက် တစ်ဦးမှာ အလုပ်လုပ်ကိုင်နေကြရပြီး အများစုမှာ လက်ဖက်ရည်ဆိုင်များတွင် လုပ်ကိုင်နေကြရကြောင်း မြန်မာနိုင်ငံ သန်းခေါင်စာရင်း (အလုပ်အကိုင်နှင့်လုပ်ငန်း) အစီရင်ခံစာအရ သိရသည်။

မြန်မာနိုင်ငံ၏ မြို့ပြများနှင့် လက်ဖက်ရည်ဆိုင်များတွင် အများဆုံးတွေ့ရှိနေသော ကလေးသူငယ် အလုပ်သမားခိုင်းစေမှုများကို ဖြေရှင်းရေးဆိုင်ရာအတွက် ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ တယ်လီနောမြန်မာလီမိတက် (တယ်လီနော)တွင် ကျင်းပခဲ့သည်။ အဆိုပါ ဆွေးနွေးပွဲတွင် ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (အိုင်အယ်လ်အို)က ဦးဆောင်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအတွင်း ကလေးသူငယ်များကို အလုပ်သမားအဖြစ် စေခိုင်းမှုများ လျော့နည်းပပျောက်စေရန် အားထုတ်မှုများတွင် ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

ယင်းဆွေးနွေးပွဲသို့ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းများ၊ Child Labour Platform(CLP) အဖွဲ့ဝင်ကုမ္ပဏီများနှင့် ၎င်းတို့ကို ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများ၊ အိုင်အယ်လ်အို၊ မြန်မာနိုင်ငံ ကုန်သွယ်မှုယူနီယံအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစိုက်ပျိုးရေးနှင့် တောင်သူလယ်သမားအဖွဲ့ချုပ်၊ အရပ်ဘက်အဖွဲ့အစည်းများမှ တက်ရောက်ခဲ့ကြသည်။ CLP သည် အိုင်အယ်လ်အိုက ဦးစီးဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကာ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများကို ထောက်ပံ့မှုလုပ်ငန်းစဉ်များ (Supply Chains) အတွက် ကလေးအလုပ်သမားဆိုင်ရာ အိုင်အယ်လ်အို ကွန်ဗင်းရှင်းကို အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ကျော်လွှားနိုင်မည့် လက်တွေ့နည်းလမ်းများ ဖော်ဆောင်ရန်နှင့် စုပေါင်းဖြေရှင်းနိုင်မည့် လုပ်ဆောင်ချက်များကို ဖော်ထုတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ အဆိုပါ CLP တွင် တယ်လီနောအနေဖြင့် တက်ကြွစွာပါဝင်သော ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

"ဒီစကားဝိုင်းဟာ ဒုတိယအကြိမ်ကျင်းပတာဖြစ်ပါတယ်။ ကလေးအလုပ်သမား ကိစ္စရပ်တွေကို စုစုစည်းစည်း အားထုတ်ကြိုးပမ်းဖြေရှင်းကြဖို့ အခွင့်အလမ်းတွေကို ဒီဆွေးနွေးပွဲက ဖော်ဆောင်ပေးပါတယ်"ဟု အိုင်အယ်လ်အို၏ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးစီမံချက် အကြီးတန်းအကြံပေးအရာရှိ စီလင်းဗနဲစာက ပြောသည်။

တယ်လီနောအနေဖြင့် Supply Chains လုပ်ငန်းစဉ်များတွင် ကလေးငယ်နှင့် အသက်ငယ်ရွယ်သေးသည့် အလုပ်သမားများ ခိုင်းစေမှုများကို လျော့နည်းပပျောက်စေရန်နှင့် မြန်မာနိုင်ငံတွင် အလုပ်ခွင်ဆိုင်ရာစံနှုန်းသတ်မှတ်မှု မြင့်မားစေရေး အားထုတ်မှုများကို တွန်းအားပေးရန် ဆောင်ရွက်မှုတစ်စိတ်တစ်ဒေသအဖြစ် မြန်မာရွှေ့လျားပညာရေးစီမံကိန်းဖြင့် ပူးပေါင်းကာ ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ တယ်လီနောအမှတ်တံဆိပ် လက်ဖက်ရည်ဆိုင်များတွင် အသက်ငယ်ရွယ်သေးသည့် အလုပ်သမားများအတွက် ကျောင်းပြင်ပပညာရေး ပို့ချပေးမှုများကို ဆောင်ရွက်လျက်ရှိသည်။ ယင်းအပြင် တယ်လီနောအတွက် ဆက်စပ်ပစ္စည်းနှင့် ဝန်ဆောင်မှုများပေးလျက်ရှိသည့် လုပ်ငန်းများသည် Supplier Conduct Principles ကို လက်မှတ်ရေးထိုးထားရပြီး လုပ်ငန်းများအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသက်(၁၅) နှစ်အောက် ငယ်ရွယ်သူများကို ခန့်အပ်စေခိုင်းမှုမပြုရန် တားမြစ်ထားသည်ဟု သိရပြီး ယင်းအချက်မှာ အိုင်အယ်လ်အို ကွန်ဗင်းရှင်း၏ သတ်မှတ်ချက်နှင့်အညီဖြစ်ကြောင်း သိရသည်။

တယ်လီနောအနေဖြင့် ဆောက်လုပ်သော တာဝါတိုင်လုပ်ငန်းများတွင် အသက် (၁၈) နှစ်နှင့်အထက်များကိုခန့်အပ်ရန် သတ်မှတ်ထားပြီး အိုင်အယ်လ်အိုကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံဥပဒေတို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်အလုပ်သမားစေခိုင်းမှုများကို အထူးသဖြင့် မြို့ကြီးများတွင် အများဆုံးတွေ့ရပြီး လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များတွင် အများဆုံးဖြစ်ကြောင်း သိရသည်။ **(၀၀၁)**

## ပျဉ်းမနားမြို့နယ်၌ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၇**
ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (စုပေါင်းရုံး)၌ တာဝန်ရှိသူများက ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ ဝင်ငွေခွန်၊ ကုန်သွယ်ခွန်၊ အထူးကုန်စည်ခွန်တို့နှင့်စပ်လျဉ်းသည့် အခွန်နှုန်းထားများ၊ သက်သာခွန်၊ ကင်းလွတ်ခွင့်များနှင့် ပြစ်မှုပြစ်ဒဏ်ပြဋ္ဌာန်းချက်များကို အခွန်ထမ်းပြည်သူ လုပ်ငန်းရှင်များအား အသေးစိတ်ရှင်းလင်းပြောကြားပြီး အခွန်ထမ်းပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**စိုးမိုး(ပြန်/ဆက်)**

# အတိတ်ကအမွေအနှစ်များအား လက်ဆင့်ကမ်းထိန်းသိမ်းခြင်းဖြင့် ယဉ်ကျေးမှုမြို့တော် မန္တလေးအဖြစ် ဆက်လက်ထင်ရှားစေနိုင်



**မန္တလေး ဇူလိုင် ၁၇**

မန္တလေးမြို့တော်သည် အတိတ်ကာလ၊ ပစ္စုပ္ပန်ကာလနှင့် အနာဂတ်ကာလများရှိသော မြန်မာ့ယဉ်ကျေးမှုအစုစုနှင့် ပေါင်းစုတည်ရှိရာ မြန်မာတို့၏ယဉ်ကျေးမှုမြို့တော် တစ်ခုဖြစ်သည်။ အတိတ်ကဘိုးဘွားအမွေဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ပစ္စုပ္ပန်ကာလတွင် ထိန်းသိမ်းရင်း အနာဂတ်တွင် မျိုးဆက်သစ်များလက်ဆင့်ကမ်းအမွေပေးခဲ့ရန်မှာ မန္တလေးပြည်သူတို့၏ သမိုင်းပေးတာဝန်ပင် ဖြစ်သည်။

လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုဆိုသည်မှာ ထိုလူမျိုးတို့မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုသည့်စကား၊ လူမှုဆက်ဆံရေးစနစ်၊ အတွေးအခေါ် အယူအဆ၊ ယုံကြည်ကိုးကွယ်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊ ရိုးရာဓလေ့ထုံးစံများနှင့် လက်မှုအနုသုခုမပညာတို့ကို ပေါင်းခြုံခေါ်ဝေါ်ခြင်းဖြစ်သည်ဟု မနုဿဗေဒပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ရိုးရာယဉ်ကျေးမှုကို ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုဟူ၍ နှစ်မျိုးခွဲခြားထားပြီး ထိတွေ့၍ရသောဒြပ်ရှိပစ္စည်းများဆိုင်ရာ ဘိုးဘွားတို့၏ အမွေအဖြစ်တည်ရှိခဲ့သော စေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ အဆောက်အအုံ၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေ အဆောက်အအုံ၊ ယင်းတို့တွင်ထုလုပ်ထားသည့် ပန်းပုရုပ်တု၊ ရေးဆွဲထားသည့်ပန်းချီ၊ ကမ္ပည်းကျောက်စာ၊ မော်ကွန်း၊ လမ်း၊ တံတား၊ ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါး၊ မုခ်ဝ၊ ကျုံး၊ ခံတပ်အစရှိသည်တို့သည် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများဖြစ်ကြပြီး ရှေးအစဉ်အဆက်ကတည်းက တည်ရှိခဲ့သော ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာ စာပေ၊ ဂီတ၊ သဘင်ဖန်တီးမှုအားလုံး၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊ ပွဲတော်များ၊ သဘာဝနှင့်စကြဝဠာဆိုင်ရာ အသိပညာ လုပ်ရိုးလုပ်စဉ်များ၊ မိရိုးဖလာလက်မှုပညာအစရှိသည်တို့သည် စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှုများအဖြစ် ပစ္စုပ္ပန်ကာလတွင် အထင်အရှားတည်ရှိနေသည်။

မန္တလေးမြို့ရှိ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များက မြို့တော်၏ဂုဏ်ကို တင့်တယ်စေပြီး ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များက မြို့သူ မြို့သားများ၏ ဂုဏ်ကို ပြသဖော်ဆောင်လျက်ရှိသဖြင့် ထိုယဉ်ကျေးမှု အမွေအနှစ်များစွာတို့သည် မန္တလေး၏ဂုဏ်၊ မြန်မာ့ဂုဏ်ကို တင့်တယ်စေသည်။

ယနေ့ခေတ်တွင် သတင်းအချက်အလက်နှင့် နည်းပညာများအရ ယဉ်ကျေးမှုများ ကူးလူးဆက်စပ်ပြောင်းလဲနေသော်လည်း မန္တလေးမြို့တော်တွင် မြန်မာ့ယဉ်ကျေးမှု ပြယုဂ်များစွာ ကျန်ရှိနေသဖြင့် ရေရှည်တည်တံ့ရန် မန္တလေးချစ်သူများက လိုလားလျက်ရှိကြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ထင်ရှားသောဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ အနေဖြင့် အောင်မြေသာစံမြို့နယ်တွင် မင်းရှင်စော၊ မင်းတုန်းမင်း၊ သီပေါမင်း၊ ကနောင်မင်းသားနှင့် မှူးမတ်တို့ ဆောက်လုပ်လှူဒါန်းခဲ့သည့်အဆောက်အအုံပေါင်း ၃၁ ခု၊ ချမ်းအေးသာစံမြို့နယ်တွင် အင်းဝခေတ် မိဖုရားရှင်ဘို့မယ်၊ မင်းရှင်စော၊ ဘကြီးတော်မင်း၊ ပုဂံမင်းနှင့် သီပေါမင်းတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ခြောက်ခု၊ မဟာအောင်မြေမြို့နယ်တွင် ဘိုးတော်(ဗဒုံမင်း)၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ မင်းတုန်းမင်း၊ စုဖုရားလတ်နှင့် မြို့စားများလှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ၁၀ ခု၊ ချမ်းမြသာစည်မြို့နယ်တွင် ဘိုးတော်(ဗဒုံမင်း)၊ ဘိုးတော်ဘုရားနှင့် မင်းညီမင်းသားများ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ခြောက်ခု၊ ပြည်ကြီးတံခွန်မြို့နယ်တွင် သာယာဝတီမင်းနှင့် မိဖုရားတို့ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ခြောက်ခုနှင့် အမရပူရမြို့နယ်တွင် ဘကြီးတော်(စစ်ကိုင်းမင်း)နှင့် မြို့စာရေးမောင်ပိန်တို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ၁၉ ခုတို့ကို လက်ဆင့်ကမ်းထိန်းသိမ်းခြင်းဖြင့် နောင်ကာလများစွာတိုင် ယဉ်ကျေးမှုမြို့တော်မန္တလေးအဖြစ် ဆက်လက်ထင်ရှားနေမည်သာဖြစ်သည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**



# ကမ်းပြိုရွှေ့ပြောင်းပြည်သူများအား ကူညီဆောင်ရွက်

**ရေစကြို ဇူလိုင် ၁၇**

ရေစကြိုမြို့ ခလရ (၂၅၆၊ ၂၅၇၊ ၂၅၈)တပ်ရင်းသုံးရင်းမှ တပ်ရင်းမှူးများဦးဆောင်မှုဖြင့် အရာရှိ၊ အကြပ်၊ စစ်သည်များသည် ဇရပ်နီကျေးရွာမှ ကမ်းပြို၍ ရွှေ့ပြောင်းလာသော လူနေအိမ် အဆောက်အအုံပစ္စည်းများကို ရေစကြိုဆိပ်ကမ်းမှတစ်ဆင့် အမှတ် (၇)ရပ်ကွက်သို့ရွှေ့ပြောင်းရာ ယာဉ်များဖြင့် သယ်ယူရွှေ့ပြောင်း ကူညီဆောင်ရွက်ပေးသည်။

"ကျွန်တော်တို့ ရေစကြိုတပ်နယ်မှ တပ်မတော်သားများက ချင်းတွင်းမြစ်ရေ ဝင်ရောက်တိုက်စားမှုကြောင့် ကမ်းပြိုနေတဲ့ ဇရပ်နီကျေးရွာက လူနေအိမ်အဆောက်အအုံ ပစ္စည်းတွေကို စက်လှေပေါ်ကချပြီး တပ်ရင်းက ကားပေါ်တင်ကာ သူတို့နေထိုင်မယ့် အမှတ်(၇)ရပ်ကွက်ကို ကူညီရွှေ့ပြောင်းပေးနေတာ ဖြစ်ပါတယ်။ ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်ရဲ့အကူအညီတောင်းခံမှုကြောင့် ရေစကြိုတပ်နယ်တပ်ရင်းသုံးရင်းက တပ်မတော်သား ၄၀ က အခုလို လာရောက်ကူညီရွှေ့ပြောင်းဆောင်ရွက်ပေးတာပါ" ဟု ခလရ (၂၅၆) မှ တပ်ရင်းမှူးက ပြောသည်။

ဆင်ခြေယာ ကျေးရွာအုပ်စု ဇရပ်နီကျေးရွာတွင် ချင်းတွင်းမြစ်ရေဝင်ရောက် တိုက်စားမှုကြောင့် စိုးရိမ်ဖွယ်အခြေအနေရှိသည့် လူနေအိမ်တွေ၊ နွားစာတိုက်တွေ၊ မီးဖိုချောင်တွေကို ဖျက်သိမ်းရွှေ့ပြောင်းနေကြရပါကြောင်း၊ ယခုလို အဆောက်အအုံတွေ ဖျက်သိမ်းရွှေ့ပြောင်းရာမှာ ရေစကြိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဖေ၊ မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူးအောင်ချိုဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူး ညီညီအောင်နဲ့ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယ တပ်ရင်းမှူး ကျော်ကျော်ခိုင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ဇူလိုင် ၁၀ ရက်မှ ၁၆ ရက်အထိ အဆောက်အအုံ ၃၁ လုံးကို ဖျက်သိမ်းရေး၊ ရွှေ့ပြောင်းရာမှာ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒေါ်မော်စီမှာ ရေစကြိုမြို့သို့ ရွှေ့ပြောင်းနေထိုင်လိုကြောင်း ပြောကြားသည့်အတွက် အဆောင်အအုံများကို စက်လှေဖြင့် ရေစကြိုမြို့သို့ သယ်ယူပေးပြီး ၎င်းနေထိုင်မည့် အမှတ်(၇) ငါးရာပြည့်ရပ်ကွက်သို့ ရွှေ့ပြောင်းရာတွင် ရေစကြိုတပ်နယ်ကို အကူအညီတောင်းခံရွှေ့ပြောင်းပေးခြင်းဖြစ်ကြောင်း ဆင်ခြေယာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကြည်ရွှင်က ပြောပြသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# လျှပ်စစ်အန္တရာယ်အသိပညာပေး မြေစိုက်ပိုစတာများစိုက်ထူ

**ပုလော ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ် အန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ယနေ့ နံနက် ၈ နာရီက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းမှကြီးမှူး၍ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး အသိပေးနှိုးဆော်မှုကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ လိုက်လံနှိုးဆော်ဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

လျှပ်စစ်အန္တရာယ် အစဉ်သတိပြုဖွယ်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် သတိထားဆောင်ရွက်ပါ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် သတိပြုရမည့်အချက်များ၊ လျှပ်စစ်ဓာတ်ကြိုးပြုတ်ကျခြင်း၊ လျော့ကျခြင်းကို တွေ့လျှင် ပြန်ပြောပါ စသည့် လျှပ်စစ်အန္တရာယ်အသိပညာပေး မြေစိုက်ပိုစတာများကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ လူစည်ကားရာ စာသင်ကျောင်းများ၊ လမ်းဆုံလမ်းခွများတွင် စိုက်ထူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်ဇနီးနှင့် ခင်ပွန်းတို့နှစ်ဦးအား ၎င်းတို့ပြန်လိုသည့်နေရာသို့ရောက်ရှိရန် ကူညီဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၄ ရက် ည ၁၀ နာရီခွဲခန့်က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ပိန်းဇလုပ်ဘူတာသို့အရောက် ဘူတာကြမ်းပြင်တွင် အိပ်စက်နေသူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အားတွေ့ရှိ၍ မေးမြန်းခဲ့သည်။

ထိုသို့မေးမြန်းရာ ၎င်းတို့သည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် နေထိုင်သူများဖြစ်ကြောင်း၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ ပန်းရန်အလုပ်လုပ်ကိုင်ပြီး မိန်းမတွင် ကိုယ်ဝန်နေ့စေ့လစေ့ဖြစ်လာ၍ အလုပ်မဆင်းနိုင်ဘဲ စရိတ်ကုန်လာသောကြောင့် ဇာတိမြေ မိတ္ထီလာသို့ပြန်ရန် ရထားဖြင့် ပဲခူးဘူတာမှ လိုက်လာခြင်းဖြစ်ကြောင်း၊ လက်မှတ်မပါရှိ၍ ပိန်းဇလုပ်ဘူတာတွင် ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရှိရ၍ တပ်ဖွဲ့ဝင်များက ၎င်းတို့အား ခရီးစရိတ်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**(ရဲပြန်ကြား)**

# လားရှိုး၌ ယာဉ်မောင်း ယာဉ်နောက်လိုက်များအား အသိပညာပေးဟောပြော

**လားရှိုး ဇူလိုင် ၁၇**

အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စု လားရှိုးမှ ရဲအုပ်စောဝင်းသည် ဇူလိုင် ၁၇ ရက်က လားရှိုးမြို့ အမှတ်(၄၁)ကားဝင်းရှိ ယာဉ်လိုင်းပေါင်းစုံကြီးကြပ်ရေးကော်မတီရုံးခန်းတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောသည်။

ထို့နောက် ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။။ **(သီပေါကိုလတ်)**

သင့်စီးပွားရေးလုပ်ငန်း အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# ဟောင်ကောင်ရွေးကောက်ပွဲတွင် ဒီမိုကရေစီအရေးဆန္ဒပြ ကျောင်းသားများပါဝင်မည်




**ဟောင်ကောင် ဇူလိုင် ၁၇**
စက်တင်ဘာ ၄ ရက်တွင် ကျင်းပမည့် ဟောင်ကောင် ရွေးကောက်ပွဲတွင် ၂၀၁၄ ခုနှစ်က ဒီမိုကရေစီအရေး ဆန္ဒပြတောင်းဆိုခဲ့သည့် ကျောင်းသားများဝင်ရောက် ရွေးကောက်ခံရန် စီစဉ်ထားကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရသိရသည်။

ရွေးကောက်ပွဲဝင်မည့်သူများအနေဖြင့် နာမည် စာရင်းတင်သွင်းမှုကို ဇူလိုင် ၁၆ ရက်မှ စတင်စာရင်းသွင်း နိုင်ပြီး နောက်ဆုံးစာရင်းသွင်းနိုင်သည့်ရက်ကို ဩဂုတ် ၂၉ ရက်အထိ သတ်မှတ်ထားကြောင်းသိရသည်။ ရွေး ကောက်ပွဲဝင်မည့်သူများသည် နာမည်စာရင်း တင်သွင်းပြီး မှသာ မဲဆွယ်ခြင်းများဆောင်ရွက်ရမည်ဖြစ်သည်။

ဥပဒေပြုလွှတ်တော်အမတ်နေရာ ၇၀ အနက် နေရာ ၃၀ ကို အခြားအဖွဲ့အစည်းများတွင် နေရာချမှတ်မည် ဖြစ်သည့်အတွက် တရုတ်ပြည်မကြီးထောက်ခံ ဥပဒေပြု လွှတ်တော်အမတ်များ၏အရေအတွက်သည် ယခင် အတိုင်းပင် ပိုမိုများပြားမည်ဟု မျှော်လင့်ရသည်။

တရုတ်ပြည်မကြီး၏ ဩဇာလွှမ်းမိုးမှုကို လက်ခံကျင့် သုံးသည့်ပါတီများက ယခုရွေးကောက်ပွဲတွင် ဥပဒေပြု လွှတ်တော်အမတ်နေရာ မည်မျှအနိုင်ရမည်ဆိုသည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။ ယခုအချိန်တွင် တရုတ် ပြည်မကြီး၏ဩဇာလွှမ်းမိုးမှုကို လက်ခံကျင့်သုံးသည့် ပါတီဝင်များက ဥပဒေပြုလွှတ်တော် အမတ်သုံးပုံတစ်ပုံ ကျော်ကို နေရာယူထားပြီးဖြစ်သည်။

၂၀၁၄ ခုနှစ်က 'ထီးစောင်းတော်လှန်ရေး'တစ်ရပ် တွင် ပါဝင်ခဲ့ကြသည့် ကျောင်းသားများက နိုင်ငံရေးပါတီ အဖွဲ့အစည်းများဖွဲ့စည်းပြီး ဥပဒေပြုလွှတ်တော် အမတ် နေရာများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါ ဆန္ဒထုတ်ဖော်မှုတွင် ကျောင်းသားများက နိုင်ငံအတွင်း တရုတ်ပြည်မကြီး၏လွှမ်းမိုးမှုမှ လွန်မြောက်စေပြီး ကိုယ်ပိုင်လွတ်လပ်ခွင့်ရရှိရန် တောင်းဆိုခဲ့ရာ လုံခြုံရေး အရာရှိများနှင့် အဓိကရုဏ်းဖြစ်ပွားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ဆန္ဒမဲပေးသူပြည်သူများအနေ ဖြင့် တရုတ်ပြည်မကြီး၏ ဩဇာလွှမ်းမိုးမှုကို လက်ခံကျင့်သုံး သည့် ပါတီဝင်များကို ထောက်ခံမဲများ ပေးနိုင်ချေရှိကြောင်း စောင့်ကြည့်လေ့လာသူများက သုံးသပ်ကြသည်။

**အင်န်အိတ်ချ်ကေ။**

❖



# ပြင်သစ်အကြမ်းဖက်မှု၏တရားခံမှာ အစွန်းရောက်ဝါဒသွတ်သွင်းခြင်း ခံထားရသူဖြစ်ကြောင်း ဝန်ကြီးချုပ်ဆို

**ပါရီ ဇူလိုင် ၁၇**
ပြင်သစ်နိုင်ငံ နိစ်မြို့တွင်ဖြစ်ပွားသော အကြမ်းဖက်မှု၏တရားခံမှာ မကြာ သေးမီက အစွန်းရောက်ဝါဒသွတ် သွင်းခြင်းခံထားရသူတစ်ဦးဖြစ်သည် ဟု ပြင်သစ်ဝန်ကြီးချုပ်က ပြောဆို လိုက်သည်။

ဆေးရုံတက်ရောက် ကုသမှုခံယူနေ ရသော ဒဏ်ရာရသူ ၁၈ဦးမှာ စိုးရိမ် ရသော အခြေအနေတွင်ရှိကြောင်း ဇူလိုင် ၁၇ ရက်ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါဖြစ်ရပ်တွင် လူ ၈၄ ဦး အနည်းဆုံး သေဆုံးခဲ့သည်။

ယခုတိုက်ခိုက်မှုသည် အနောက် ဥရောပတစ်ခုလုံးအား ခြောက်ခြား သွားစေပြီး နယ်စပ်ဝင်ပေါက်များမှ တစ်ဆင့် ဒုက္ခသည်အများအပြား ဝင်ရောက်လာခြင်းနှင့်အတူ အစွန်း ရောက်အကြမ်းဖက်မှုများ တစ်နေ့တခြား များပြားလာခြင်းနှင့် ပတ်သက်ပြီး ပြည်သူများက စိုးရိမ်ပူပန်လျက်ရှိကြ သည်။

တာဝန်ရှိသူများ၏ ဖော်ထုတ်ချက် အရ ရဲအရာရှိများ ပစ်ခတ်ဖမ်းဆီးခဲ့ သော တရားခံ တူနီးရှားလူမျိုး ထရပ် ကားမောင်းသမား မိုဟာမက်လာဟိုအီ သည် အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်မှု ရှိကြောင်း တွေ့ရှိရသည်။

'၎င်းအကြမ်းဖက်သမားဟာ အစွန်းရောက်ဝါဒကို လွယ်ကူစွာ သွတ်သွင်းခံထားရတာကို တွေ့ရှိရပါ တယ်'ဟု ဝန်ကြီးချုပ် မန်နရယ်ဗော လတ်စ်က ပြောသည်။

၎င်းတရားခံ၏ ဆွေမျိုးများနှင့် သူငယ်ချင်းများအား စစ်ဆေးချက် အရ ၎င်းသည် အရက်သောက်သုံးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းတို့ကို လုပ် ဆောင်လေ့ရှိပြီး စိတ်ကျန်းမာရေး ဆိုင်ရာပြဿနာကြောင့် ၂၀၀၅ ခုနှစ် က ပြင်သစ်မှ ထွက်ခွာပြီး ဆေးကုသမှု ခံယူခဲ့ရကြောင်း သိရသည်။

ပြင်သစ် နိုက်စ်မာတင်သတင်းစာ၏ ရေးသားချက်အရ ၎င်း၏အိမ်ခန်း အား ရှာဖွေရာတွင် အစွန်းရောက် အကြမ်းဖက်မှုပြုရန် အထောက် အထား တစ်စုံတစ်ရာ မတွေ့ရ ကြောင်း ဖော်ပြသော်လည်း ၎င်း၏ ဖုန်းနှင့်ကွန်ပျူတာကို ဆက်လက် စုံစမ်း ထောက်လှမ်းနေကြောင်း တာဝန်ရှိသူများက ပြောကြား သည်။

**ရိုက်တာ။**

# အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်၌ တောင်တရုတ်ပင်လယ်အရေးကို တိုက်ရိုက်မဖော်ပြ

**အူလန်ဘာတာ ဇူလိုင် ၁၇**
အာရှနှင့် ဥရောပ ခေါင်းဆောင်များ၏ ထိပ်သီးအစည်း အဝေးတွင် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ မတူကွဲပြားသော သဘောထားအမြင်များကို ဖလှယ်ခဲ့ကြ သော်လည်း အပြီးသတ် ပူးတွဲကြေညာချက်တွင်မူ တောင် တရုတ်ပင်လယ်ဆိုင်ရာ ပိုင်နက်နယ်မြေ အငြင်းပွားမှုနှင့် ပတ်သက်၍ တိုက်ရိုက်ဖော်ပြထားခြင်း မရှိကြောင်း သံတမန်များက ဇူလိုင် ၁၇ ရက်တွင် ပြောကြားကြ သည်။

တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်၍ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အနုညာတ ခုံရုံးက ဇူလိုင် ၁၂ ရက်တွင် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့သည်။ တောင်တရုတ်ပင်လယ်ပြင် တစ်ခုလုံးနီးပါးကို တရုတ်နိုင်ငံ က သမိုင်းကြောင်းအရ ပိုင်ဆိုင်ခွင့် တောင်းဆိုနိုင်သည် ဆိုခြင်းနှင့်ပတ်သက်၍ ယင်းခုံရုံးက ပယ်ချခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဦးတိုက်လျှောက်ထားချက်အရ အနု ညာတခုံရုံးက ကြားနာစစ်ဆေးခဲ့ရာတွင် တရုတ်နိုင်ငံက ပူးပေါင်းဆောင်ရွက်မှု မပြုလုပ်ခဲ့ပေ။ ခုံရုံး၏ ဆုံးဖြတ်ချက် အား လေးစားလိုက်နာရန် အနောက်အုပ်စု နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ တိုက်တွန်းချက်ကို တရုတ်နိုင်ငံက ဒေါသ တကြီး တုံ့ပြန်ပြောကြားခဲ့သည်။

အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး၌ တောင် တရုတ်ပင်လယ်ပြင်အရေးကို ဆွေးနွေးခြင်းမပြုကြရန် အစည်းအဝေးမကျင်းပမီ တရုတ်နိုင်ငံက ပြောကြားခဲ့ ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးသည် တောင်တရုတ် ပင်လယ်ပြင်အတွင်း ပိုင်နက်နယ်မြေအငြင်းပွားမှုကို ဆွေးနွေးရမည့် နေရာမဟုတ်ဟု တရုတ်အစိုးရတာဝန်ရှိ သူများက ပြောကြားကြသည်။

ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဘေးကင်းရေး၊ လွတ်လပ်စွာကူးသန်းသွားလာနိုင်ရေး၊ ပဋိပက္ခများ ဖြစ်ပေါ်ချိန်တွင် အင်အားသုံးဖြေရှင်းမှု မပြုလုပ်ကြရေး၊ နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရေးတို့နှင့် ပတ်သက်၍ အာရှနှင့် ဥရောပခေါင်းဆောင်များ၏ ကတိ ကဝတ်ပြုမှုကို ပူးတွဲကြေညာချက်တွင် ဖော်ပြထား သည်။

**ရိုက်တာ။**

# စက်တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှု အစီရင်ခံစာ တစ်စိတ်တစ်ဒေသကို အမေရိကန် ကွန်ဂရက်ထုတ်ပြန်

**ဝါရှင်တန် ဇူလိုင် ၁၇**
စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုကြီး မပေါ်ပေါက်မီ လေယာဉ်ပြန်ပေးဆွဲသူ အချို့နှင့် ဆော်ဒီအာရေဗျ တာဝန်ရှိသူများ အကြား ဆက်နွှယ်မှုရှိခဲ့ပုံရသည်ဆို သော အကြောင်းအရာ ဖော်ပြချက် ပါဝင်သည့် အစီရင်ခံစာ တစ်စိတ် တစ်ဒေသကို အမေရိကန် ကွန်ဂရက် လွှတ်တော်က ထုတ်ပြန်လိုက်ပြီဖြစ် ကြောင်း ဒေသဆိုင်ရာ သတင်းဌာန များက ဇူလိုင် ၁၇ ရက်တွင် သတင်း ထုတ်ပြန်သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုကြီးနှင့် ပတ်သက်၍ ၂၀၀၂ ခုနှစ်က စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပြီး အစီရင်ခံစာ၏ စာမျက် နှာ ၂၈ မျက်နှာပါ အခန်းတစ်ခန်းတွင် အကြမ်းဖက်သမားအချို့နှင့် ဆော်ဒီ အစိုးရအဖွဲ့ မသင်္ကာဖွယ် ဆက်နွှယ်မှု ရှိနေပုံကို ရေးသားဖော်ပြထားသည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှု စုံစမ်းစစ်ဆေးရေး အစီ ရင်ခံစာတွင်ပါရှိသော ဖော်ပြပါ အခန်းကို အမေရိကန် ကွန်ဂရက် လွှတ်တော်က ကာလကြာရှည်စွာ လျှို့ဝှက်ကန့်သတ်အဆင့်တွင် ထားရှိ ခဲ့ပြီးနောက် ဇူလိုင် ၁၅ ရက်တွင် အများပြည်သူတို့ သိရှိနိုင်စေရန် ထုတ်ပြန်ပေးလိုက်ခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က အကြမ်းဖက်သမားများက ခရီးသည် တင် လေယာဉ်များကို ပြန်ပေးဆွဲကာ နယူးယောက်မြို့ရှိ ကမ္ဘာ့ကုန်သွယ် ရေးဌာန အဆောက်အအုံ၊ ပင်တဂွန် စစ်ဌာနချုပ် စသည့် အထင်ကရ နေရာများကို ပစ်မှတ်ထား၍ အကြမ်း ဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ လူပေါင်း ၃၀၀၀ ခန့် သေဆုံးခဲ့ကြရ သည်။

စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုတွင် အကြမ်းဖက်သမား ၁၉ ဦး အနက် ၁၅ ဦးမှာ ဆော်ဒီနိုင်ငံ သားများ ဖြစ်ကြသည်။ **ရိုက်တာ။**

# အင်္ဂါဂြိုဟ်ဆင်းယာဉ် တည်ဆောက်ရန် နာဆာ အသင့်ရှိနေ

**ဝါရှင်တန် ဇူလိုင် ၁၇**
အင်္ဂါဂြိုဟ်ဆင်းယာဉ် တစ်စင်းအတွက် အပြီးသတ် ဒီဇိုင်းပုံစံထုတ်ခြင်းနှင့် တည်ဆောက်ခြင်း လုပ်ငန်းတို့ကို စတင်ရန်အသင့်ရှိကြောင်း အမေရိကန် အာကာသအေဂျင်စီ (နာဆာ)၏ ကြေညာချက်ပါ ဖော်ပြချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်သည်။

အင်္ဂါဂြိုဟ် ၂၀၂၀ ဟု အမည်ပေးထားသော ဂြိုဟ်ဆင်းယာဉ် တည်ဆောက်ရေးအတွက် နာဆာသိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသုံးသပ်လျက်ရှိကြကြောင်း နာဆာ၏ ကြေညာ ချက်တွင် ဖော်ပြထားသည်။

နာဆာ၏ အင်္ဂါဂြိုဟ်လေ့လာရေး အစီအစဉ်အရ ဘီးခြောက်ဘီးပါ စက်ရုပ် ဂြိုဟ်ဆင်းယာဉ်ကို ၂၀၂၀ ပြည့်နှစ် နွေရာသီတွင် လွှတ်တင်မည် ဖြစ်သည်။ အဆိုပါ ဂြိုဟ်ဆင်းယာဉ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အင်္ဂါဂြိုဟ်သို့ ရောက်ရှိမည်ဖြစ်ပြီး သိပ္ပံရေးရာ စူးစမ်းလေ့လာမှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**

# ပစ်မှတ်တိုင်းလွဲနေတဲ့ အာဆင်နယ်




မေလွဲ့သင်း

အာဆင်နယ်အသင်းဟာ လောလောဆယ်တော့ မိုချန်ဂလာဘတ်အသင်းက ဂျာကာကို ပြောင်းရွှေ့ကြေးယူရို ပေါင်သန်း ၃၀ နီးပါး အသုံးပြုခေါ်ယူထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် နွေဈေးကွက်အတွင်း နောက်ထပ်ထိပ်တန်းကစားသမား အများအပြားကို ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီ၊ နာပိုလီတိုက်စစ်မှူး ဟီဂူအင်၊ ရီးယဲလ်တိုက်စစ်မှူး မိုရာတာတို့၊ ဝုဖ်ဘတ်တောင်ပံတိုက်စစ်မှူး ဒရက်ဇ်လာတို့ဟာ ဝင်းဂါးရဲ့ အဓိကပစ်မှတ်ကစားသမားတွေဖြစ်ပါတယ်။

ဝုဖ်ဘတ်အသင်းကတော့ သူတို့ ကစားသမား ဒရက်ဇ်လာဟာ ဂျာမနီမြေမှာပဲ ဆက်ရှိနေမှာသေချာတယ်လို့ အကြောင်းပြန်ခဲ့ပြီး အာဆင်နယ်ရဲ့ ပေါင် ၅၅ သန်းနဲ့ ကမ်းလှမ်းမှုကို ပယ်ချခဲ့ပါတယ်။ ဒရက်ဇ်လာဟာ ဝုဖ်ဘတ်နဲ့ ၂၀၂၀ ခုနှစ်အထိ စာချုပ်သက်တမ်းရှိသူဖြစ်ပြီး အနည်းဆုံးနောက်ထပ်တစ်ရာသီအထိ လက်ရှိကလပ်အသင်းမှာပဲ ဆက်ရှိမှာသေချာတယ်လို့ ဝုဖ်ဘတ်အသင်း ဒါရိုက်တာ အယ်လ်လော့ဖ်က ဂျာမနီအားကစားရုပ်သံ Sports 1ကို ပြောကြားခဲ့ပါတယ်။

ဒီတော့ ဝင်းဂါးက ဇီဒန်းလက်ထက် နေရာပျောက်နေတဲ့ ရီးယဲလ်တောင်ပံတိုက်စစ်မှူး အစ္စကိုဆီကိုပြန်ပြီး ဘက်လှည့်စဉ်းစားလာပြန်ပါတယ်။ အစ္စကိုကလည်း သူ့ကိုကမ်းလှမ်းနေတဲ့ အသင်းတွေဟာ အာဆင်နယ်၊ မန်ယူတို့သာဖြစ်နေတော့ ဒီအသင်းတွေဆီ မပြောင်းလိုတာကြောင့် ရီးယဲလ်မှာပဲ နေရာတစ်နေရာအတွက် တိုက်ပွဲဝင်သွားမယ်လို့ မကြာမီရက်ပိုင်းကပဲ ဆိုခဲ့ပါတယ်။ ဒီလိုဆိုတော့ အစ္စကိုရဖို့လည်း မဖြစ်နိုင်တော့ပါဘူး။

ဒါ့အပြင် တိုက်စစ်ကစားသမားတွေဖြစ်တဲ့ လာကာဇက်တီ၊ ဟီဂူအင်နဲ့ မိုရာတာတို့ကို ခေါ်ယူဖို့ကြိုးပမ်းနေပေမယ့် ဒီသုံးဦးစလုံးဟာလည်း အာဆင်နယ်ကို ရောက်ဖို့မရှိဘူးလို့ ယေဘုယျ မှတ်ချက်ပြုရမှာပါ။ ဘာကြောင့်ပါလဲ။ ဟီဂူအင်ကို ခေါ်ယူဖို့ အသင်းရဲ့ တိုက်စစ်မှူး ဂီရော့ဒ်အပြင် ယူရိုသန်း၅၀နဲ့ ကမ်းလှမ်းခဲ့ပေမယ့် နာပိုလီဘက်က လက်မခံသလို ဟီဂူအင်ကလည်း အာဆင်နယ်ကိုလာဖို့ ဆန္ဒမရှိဘူးလို့ သိရပါတယ်။ လက်ရှိမှာ ဟီဂူအင်ဟာ ဂျူဗင်တပ်ကိုပြောင်းရွှေ့ဖို့ အနီးစပ်ဆုံးအခြေအနေကို ရောက်ရှိနေပြီဖြစ်ပါတယ်။

ဒီလိုပါပဲ။ လာကာဇက်တီနဲ့ မိုရာတာတို့အတွက် သက်ဆိုင်ရာကလပ်အသင်းတွေက လိုချင်တဲ့ ပြောင်းရွှေ့ကြေးကို အာဆင်နယ်ဘက်ကနေပေးဖို့ လက်တွန့်နေတာကြောင့် ဆွေးနွေးသမျှ အပြောင်းအရွှေ့တိုင်းက ပျက်နေခဲ့ရတာ ဖြစ်ပါတယ်။ မိုရာတာကို ချယ်လ်ဆီးက ပေါင် ၆၄ သန်းနဲ့ ကမ်းလှမ်းခဲ့ချိန်မှာ အာဆင်နယ်က ဆန်းချက်ဇ်အတွက် ဂျူဗင်တပ်ရဲ့ ပေါင် ၃၆ သန်းနဲ့ ကမ်းလှမ်းမှုကို ငြင်းပယ်ပြီး အသင်းရဲ့ လက်ရှိအင်အားထပ်ပြီး လျော့မကျဖို့ ထိန်းနေရတဲ့ အခြေအနေပါ။ လာကာဇက်တီအတွက်လည်း ဝင်းဂါးကပေါင်၃၃သန်း ထက်ပိုပြီး မသုံးချင်တော့ လိုင်ယွန်က ထွက်ချင်နေတဲ့ကစားသမားကိုတောင် ရအောင်မခေါ်နိုင်ဖြစ်နေတာ ဖြစ်ပါတယ်။

အခုတော့ ဘာစီလိုနာကနေ ထွက်မယ့် အာဒါတူရန်ကို ခေါ်ယူဖို့ ဆက်သွယ်နေပေမယ့် အာဒါတူရန်ကို မွေးရပ်ဇာတိ တူရကီကလပ် ဂါလာတာစာရေးနဲ့ ဂျာမနီကလပ် ဒေါ့မွန်တို့ကလည်း ခေါ်ယူဖို့ ကမ်းလှမ်းထားပြီးဖြစ်ပါတယ်။ တူရန်ကတော့ သူ့ရဲ့ကစားဟန်နဲ့ ကိုက်ညီတဲ့ အာဆင်နယ်ကို ရွေးချယ်လိုပေမယ့် ဂါလာစာရေးက ပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်းဝန်းကျင်အမြင့်ဆုံးနှုန်းထားနဲ့ ကမ်းလှမ်းခဲ့တယ်လို့ သိရပါတယ်။ တူရန်ဟာ အက်သလက်တီကိုမှာ ထိပ်တန်းခြေစွမ်းပြသနိုင်သူဖြစ်တာကြောင့် ဘာစီလိုနာက ပြောင်းရွှေ့ကြေး ပေါင် ၃၄ သန်းအထိ အသုံးပြုခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာမှာ ကစားသမားကောင်းတွေ အများအပြားရှိနေလို့သာ တူရန်နေရာမရတာဖြစ်ပြီး ဒီလို ကစားသမားကို ပေါင်၁၅သန်းအောက်သာ အသုံးပြုချင်တဲ့ အာဆင်နယ်ရဲ့ အပြောင်းအရွှေ့ မူဝါဒဟာ ပရိသတ်တွေအတွက်တော့ တကယ့်စိတ်ပျက်စရာဖြစ်ခဲ့ပါတယ်။ မနှစ်ကနွေဈေးကွက်ကလည်း ပီတာဆက်ချ်တစ်ယောက်ကိုသာ ခေါ်ယူခဲ့လို့ ပရိသတ်တွေဒေါသထွက် ဆန္ဒပြခဲ့ကြပါသေးတယ်။ ဒီလိုအခြေအနေတွေကို အသင်းက နာမည်ကြီးကစားသမားဖြစ်တဲ့ အိုဇေးလ်က စိတ်ပျက်နေပြီး ဝင်းဂါးအနေနဲ့ ရာသီသစ်အတွက် ထိပ်တန်းခြေစွမ်းရှိသူ ကစားသမားသုံးဦးလောက်ကို ဖြည့်တင်းသင့်တယ်လို့ အကြံပေးခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်ရဲ့ အားအနည်းဆုံးနေရာကတိုက်စစ်ပိုင်းဖြစ်ပြီး တိုက်စစ်ကို ဦးဆောင်ကစားတဲ့ ဂီရော့ဒ်၊ ဝဲလ်ကော့နဲ့ ဝဲလ်ဘတ်တို့သုံးဦးတည်းရဲ့ အင်အားနဲ့ မလုံလောက်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဂီရော့ဒ်နဲ့ ဝဲလ်ကော့တို့ နှစ်ဦးလုံး ခြေမမှန်ကြဘဲ ဝဲလ်ဘတ်က ဒဏ်ရာပြဿနာ မကြာခဏကြုံတွေ့နေသူဖြစ်ပါတယ်။ ဒါ့ကြောင့် တောင်ပံတိုက်စစ်နေရာကကစားတဲ့ ဆန်းချက်ဇ်နဲ့ ရမ်ဆေးတို့ ခြေစွမ်းမပြနိုင်ရင် ဂိုးရဖို့ ရုန်းကန်နေရပြီး ကွင်းလယ်နဲ့ တောင်ပံတိုက်စစ်သမားတွေဟာ သွင်းဂိုးတွေရဖို့ လိုတာထက်ပိုပြီး အားထည့်ကစားနေရတာ ဖြစ်ပါတယ်။

ဝင်းဂါးလိုချင်တဲ့ တိုက်စစ်ကစားသမားတွေဟာလည်း အာဆင်နယ်က ပေးချေချင်တဲ့နှုန်းထားနဲ့ရဖို့ မဖြစ်နိုင်ကြသလို အစဉ်အလာပိုင်း ကျဆင်းလာခဲ့တဲ့ အာဆင်နယ်ရဲ့ လက်ရှိအနေအထားကြောင့်လည်း အသင်းနဲ့ ပူးပေါင်းလိုစိတ်မရှိကြတာ ဖြစ်ပါတယ်။ ဥပမာဆိုရရင် ရီးယဲလ်တိုက်စစ်မှူး ဘင်ဇီမာနဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီတို့ကို ခေါ်မရတာဟာ အစဉ်အလာပိုင်းကြောင့် ဖြစ်ပါတယ်။ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်တို့ကို ကြိုက်တဲ့ကစားသမားခေါ်ယူလို့ရနေတာဟာလည်း အစဉ်အလာကြောင့်ပဲလို့ သုံးသပ်ရမှာဖြစ်ပါတယ်။

အာဆင်နယ်ရဲ့ ပရီမီယာလိဂ်ပြိုင်ဘက်တွေဖြစ်တဲ့ မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးတို့ ငွေသုံးကြမ်းနေချိန်မှာ အာဆင်နယ်ဟာ အခုထိလောက်လောက်လားလားရှိတဲ့ အပြောင်းအရွှေ့ကို မဖော်ဆောင်နိုင်ပါဘူး။ လက်စတာတိုက်စစ်မှူး ဂျေမီဗာဒီကိုလည်း ပေါင်သန်း ၂၀ နဲ့သာ ကမ်းလှမ်းခဲ့တာကြောင့် အပြောင်းအရွှေ့ မဖြစ်ခဲ့တာဖြစ်ပါတယ်။ မန်ယူဟာ ဂျူဗင်တပ်ကွင်းလယ်လူ ပေါ့ဘာတစ်ဦးတည်းအတွက်တောင် ပေါင်သန်း ၁၅၀ လောက်သုံးဖို့ ရှိနေသလို ချယ်လ်ဆီးကလည်း မိုရာတာ၊ ကန်တီနဲ့ ကူလီဘလီတို့ သုံးဦးအတွက် ပေါင်သန်း ၁၄၀ ကျော် ပေးချေမှာပါ။

အာဆင်နယ်ဟာ အရင်က အွန်နရီ၊ ဗီအဲရာ၊ ပီရက်ဇ်နဲ့ ပီတစ်တို့လို ထိပ်တန်းခြေစွမ်းရှိသူတွေကို ဈေးနှုန်းသိပ်မပေးရဘဲ ခေါ်ယူနိုင်ခဲ့တာရှိခဲ့ပေမယ့် လက်ရှိဘောလုံးလောကဟာ လွန်ခဲ့တဲ့ ၁၀ စုနှစ်ကျော်က အခြေအနေနဲ့ လုံးဝခြားနားသွားခဲ့တာကို သတိပြုရမှာဖြစ်ပါတယ်။ မန်ယူဆိုရင် အတွေ့အကြုံနုနယ်သေးတဲ့ မာရှယ်လ်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၃၆ သန်းကျော်တောင် အသုံးပြုခဲ့ပြီး ဒီပမာဏဟာ ဖီဂိုကို ဘာစီလိုနာကနေ ရီးယဲလ်ခေါ်ယူခဲ့တဲ့ တန်ဖိုးပမာဏ ရှိခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။

ဒါ့ကြောင့် အာဆင်နယ်အနေနဲ့ ပရီမီယာလိဂ် ချန်ပီယံဆုဖလားကို လိုချင်တယ်ဆိုရင် ရှိတဲ့ လူအင်အားအပေါ် ထပ်တိုးအစီအမံတွေ ပြုလုပ်သင့်ပါတယ်။ ဒီလိုမှ မဟုတ်ရင်တော့ နည်းပြကောင်းတွေခေါ်ယူပြီး ကစားသမားသစ်တွေအတွက် ငွေကြေးပုံအောသုံးစွဲနေတဲ့ အခြားပရီမီယာလိဂ်အသင်းတွေရဲ့ လက်ပြောင်းယူနေတဲ့ ပရီမီယာလိဂ်ဖလားကို ပြန်ရဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ပဲ ယူဆရမှာဖြစ်ပါတယ်။

# လုပ်အားခတောင်းရာမှ TUNA ငါးသေတ္တာစက်ရုံရှိမြန်မာလုပ်သားများ အလုပ်ဖြုတ်ခံရ

**မဟာချိုင် ဇူလိုင် ၁၇**
ထိုင်းနိုင်ငံ မဟာချိုင်မြို့ ဝပ်ကံရပ်ကွက်မှ TUNA ငါးသေတ္တာစက်ရုံမှ မြန်မာလုပ်သား ၁၀၀ နီးပါးခန့်သည် ဇူလိုင် ၁၃ ရက်က မောင်းထုတ်ခံခဲ့ရကြောင်း အဆိုပါစက်ရုံရှိ အလုပ်သမားများထံမှ သိရသည်။

"အလုပ်ရုံမှာ အလုပ်မရှိလို့ မောင်းထုတ်ခံရတာမဟုတ်ပါဘူး။ အလုပ်ရုံမှာ အလုပ်ရှိနေလျက်သားနဲ့ လုပ်အားခ ၄၅ ရက်စာ မရှင်းပေးလို့ သွားရောက်တောင်းဆိုတာကို လုပ်ငန်းရှင်က ၁၅ ရက်စာသာပေးပြီး အခုလို မောင်းထုတ်လိုက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအနေအထားတွေကို မြန်မာအလုပ်သမားဝန်ကြီးဌာန လက်ရှိနိုင်ငံတော်အစိုးရတို့က ထိုင်းအစိုးရဘက်ကို နည်းနည်းလေးဖိအားပေးပြီးဖြေရှင်းပေးစေချင်တယ်။ ရုတ်တရက် အလုပ်ဖြုတ်ခံလိုက်ရတဲ့ မြန်မာအလုပ်သမား ၁၀၀ နီးပါးခန့်ဟာ နေဖို့၊ ထိုင်ဖို့ ချက်ချင်းအဆင်မပြေနိုင်ပါဘူး။ ယခုအလုပ်ဖြုတ်ခံရတဲ့ လူမျိုးတွေထဲမှာ ကမ္ဘောဒီးယားလူမျိုး ၁၀၀ ကျော်လည်းပါဝင်ပါတယ်။ ကျန်တဲ့ လုပ်အားခတွေကို ဇူလိုင် ၂၁ ရက်မှာ လာယူရန် အဆိုပါစက်ရုံမှ ရက်ချိန်းပေးထားပါတယ်။ အလုပ်ထုတ်ခံရတဲ့ အလုပ်သမားတွေက အခြားစက်ရုံတွေမှာ အလုပ်ရရှိဖို့လည်း လောလောဆယ်အနေအထားမှာ မလွယ်ကူသေးပါဘူး။ အလုပ်သမား ၁၀၀ ကျော် အလုပ်ရဖို့ မလွယ်ကူသလို အလုပ်ရုံဘက်ကလည်း အလုပ်ထွက်ခွင့် စာတွေကျန်ပါသေးတယ်။ တရားဝင်ဖြစ်အောင် အခြားအဆင့်ဆင့် လုပ်ကိုင်ရဦးမှာပါ" ဟု မြန်မာသံရုံးအလုပ်သမားအရေးကူညီဆောင်ရွက်နေသူ ကိုရဲမင်းက ပြောသည်။

လက်ရှိဖြစ်နေတဲ့အနေအထားမှာ အလုပ်သမားအရေး ကူညီတဲ့အဖွဲ့တွေအနေနဲ့လည်း ကျွန်တော်တို့ AAC တစ်ဖွဲ့တည်း လွှတ်မထားဘဲ ကျန်တဲ့သူတွေလည်း လာရောက်ကူညီကြပါ။ ယခုမောင်းထုတ်ခံရတဲ့အလုပ်သမား လူ ၁၀၀ နီးပါး သွားစရာ၊ လာစရာ၊ နေစရာ မရှိဘူးဖြစ်နေပါတယ်။ ခုလောလောဆယ် AAC အဖွဲ့က သူတို့ကို နေရာချပေးဖို့ ကြိုးစားနေပါတယ်။ ကျွန်တော်တို့ AAC ရုံးခန်းကလည်း အဲလောက် အလုပ်သမားအများကြီးကို ထားလို့မဆံ့နိုင်တာကြောင့် AAC ရုံးကို အလုပ်သမားတချို့တစ်ဝက် ခေါ်ဆောင်သွားပြီး ကျန်အလုပ်သမားများကိုတော့ ထိုင်းဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းမှာ နေထိုင်နိုင်အောင် သွားရောက်လျှောက်ထားအပ်နှံထားမှာပါ။ အခုမောင်းထုတ်ခံရတဲ့ နေရာဟာ မဟာချိုင် ဝပ်ကံရပ် KL ဈေးနဲ့ နီးပါတယ်။ မဟာချိုင်က ကားပိုင်ရှင်တွေ ဖြစ်နိုင်ရင် ပစ္စည်းတွေကိုကူညီသယ်ပေးကြဖို့ မေတ္တာရပ်ခံပါတယ် "ဟု ယင်းကပြောသည်။

အဆိုပါ မောင်းထုတ်ခံရသည့် အလုပ်သမားများသည် နေထိုင်ခွင့်၊ ပန်းရောင်ကတ်၊ Passport များ အားလုံးရှိကြပြီး အလုပ်သက်တမ်း နှစ်နှစ်ကျော်၊ သုံးနှစ်ကျော်၊ ခြောက်နှစ်ကျော်၊ ၁၀ နှစ်ကျော်အထိ ရှိကြသူတွေလည်း ပါဝင်ကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

## ရဲလုပ်ငန်းဆိုင်ရာများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အသိပေးရှင်းလင်း

**ခင်ဦး ဇူလိုင် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေး ရှင်းလင်းပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက ရဲသူရိန်ရိပ်သာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ကျော်က ရက် ၁၀၀ စီမံချက်နှင့် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းဆိုင်ရာများကို အသေးစိတ် ရှင်းလင်းပြီး စီမံချက်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန် ချပြရှင်းလင်းခဲ့သည်။

**ခင်ဦးစိုးဝေ**

## ရေစီးရေလာကောင်းမွန်စေရေးနှင့် စည်းကမ်းမဲ့ ကွမ်းတံတွေး ထွေးမှုကျဆင်းပပျောက်ရေး အသိပညာပေး

**ဝါးခယ်မ ဇူလိုင် ၁၇**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် မြူရုံးလမ်း ပြည်သူ့ဆေးရုံရှေ့၌ အမှိုက်များကင်းစင်စေပြီး ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် ကွမ်းစားသုံးမှု၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ကျဆင်းပပျောက်ရေးအတွက် မြေစိုက်နံရံကပ် ပိုစတာများဖြင့် အသိပညာပေးခြင်းတို့ကို ဇူလိုင် ၁၄ ရက် ညနေက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက ဦးဆောင်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ရှိသူများက ကြီးကြပ်ကာ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ဆေးရုံဝန်းကျင်ရှိ အမှိုက်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ကွမ်းစားသုံးခြင်းကြောင့် ဖြစ်ပွားနိုင်သော ရောဂါများ၊ ဘေးထွက်ဆိုးကျိုးများ၊ စည်းကမ်းမဲ့ကွမ်းတံတွေး ထွေးမှုများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်ပေါ်စေနိုင်သည့်အတွက် ပြည်သူများ သိရှိလိုက်နာစေရန် ပြည်သူ့ဆေးရုံဝင်းရှေ့၌ မြေစိုက်ပိုစတာစိုက်ထူကာ အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



## မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဒီးမော့ဆို ဇူလိုင် ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေခြင်းဖြင့် ကျေးလက်ဒေသဆင်းရဲမှုနှုန်းကို လျော့ချရန်နှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေရန် ရည်ရွယ်ပြီး အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသော ဒေါ်တော်ကူးနှင့် ဒေါဆိုကလောကျေးရွာတို့သို့ ဇူလိုင် ၁၄ ရက်တွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးသိန်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းဦး၊ မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ကျေးရွာကော်မတီအဖွဲ့ဝင်တို့က ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသော ဒေါ်တော်ကူးကျေးရွာတွင် အိမ်ခြေ ၅၈ အိမ်၊ လူဦးရေ ၃၂၆ ဦးနှင့် ဒေါဆိုကလောကျေးရွာတွင် အိမ်ခြေ ၅၀၊ လူဦးရေ ၃၂၆ ဦးရှိပြီး ဒေါ်တော်ကူးနှင့် ဒေါဆိုကလောကျေးရွာမှ မြစိမ်းရောင်ချေးငွေ ချေးယူသူများမှာ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးနှင့် အရောင်းအဝယ်လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း ၉၀ အား ချေးငွေ ၃၂၄ သိန်း ထုတ်ချေးပေးခဲ့သည်။

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနမှ ချမှတ်သည့် မူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

**မြို့နယ်(ပြန်/ဆက်)**



## လူထုဗဟိုပြု စီမံကိန်းလုပ်ငန်း(ခွဲ)များဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**မိုးညို ဇူလိုင် ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်အဖွဲ့တို့ ပူးပေါင်း၍အကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဗဟိုပြုစီမံကိန်း (Community Driven Development Project) မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် စီမံကိန်းပထမနှစ်တွင် စီမံကိန်းလုပ်ငန်း (ခွဲ)များ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် အိုးဘိုကျွန်းကျေးရွာအုပ်စု အိုးဘိုကျွန်းကျေးရွာတွင် အုတ်ရိုးကာ၊ ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြစ်သာကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးနေမျိုးမင်း၊ မြို့နယ် နည်းပညာအကြံပေးအဖွဲ့ဝင်များနှင့် လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များအား အကြံပြုဆွေးနွေးခဲ့သည်။

**သူရအောင် (ပြည်)**

## ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း ဖွင့်လှစ်

**ကြံခင်း ဇူလိုင် ၁၇**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၉နာရီက ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ အုပ်ချုပ်ရေးစွမ်းရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်က အုပ်ချုပ်ရေးစွမ်းရည်မြင့်မားရေးသင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကို ဖွင့်လှစ်သင်ကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ကြံခင်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၃၅ ဦးနှင့် စာရေးဝန်ထမ်း ၄၈ ဦး စုစုပေါင်း ၈၃ ဦးတက်ရောက်ပြီး ဇူလိုင် ၁၁ ရက်မှ ၁၇ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည်။

**ဝတ်ရည်(ကြံခင်းပြန်/ဆက်)**

## စက်ရေတွင်း(တွင်းနက်) တူးဖော်ပြီးစီးမှု ကွင်းဆင်း ကြည့်ရှုစစ်ဆေး

**ရွှေဘို ဇူလိုင် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျားကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၄ ဒသမ ၃ သန်းဖြင့် နှစ်လက်မစက်ရေတွင်း အနက်ပေ ၄၅၀နှင့် ရေစက်ရုံ၊ ရေကန် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်း ဆောင်ရွက်ပြီးစီးမှုအား ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူးဦးမြင့်၊ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်သိန်းတို့က ဇူလိုင် ၁၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ဗိုလ်ချုပ်အောင်ဆန်း၏မှတ်သားထိုက်သောစကားများ

ခ မောင်သောင်းဝင်း(တမန်ဟောင်း)

မြန်မာ့လူမှုအသိုက်အဝန်းတွင် "သေသော သူကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင် တွေ့ဆိုသော"ဆိုရိုးစကားရှိခဲ့ပေသည်။ ထို စကားအရ ဖွဲလုံ့လဝီရိယစိုက်ထုတ်ပြီးရှာ ဖွေလျှင် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ပျောက် သောသူကို ရှာတွေ့ကောင်းတွေ့ရှိနိုင်သော် လည်း အချိန်ကာလမျှပင် ကြာညောင်းနေစေ ကာမူ ခေတ်အဆက်ဆက် မေ့မရနိုင်သည့် ပုဂ္ဂိုလ်ကြီးများ မြန်မာ့သမိုင်းတွင်ရှိခဲ့သည်။

ထိုပုဂ္ဂိုလ်ကြီးများကား အခြားသူများ မဟုတ်ချေ။ မျိုးချစ်စိတ်ဓာတ်ရှိသော မြန်မာ ပြည်သူအားလုံး သိရှိထားပြီးဖြစ်သည့် ဗိုလ် ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင် ကြီးများဖြစ်ကြသည်။ နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူများ၏ လက်ချက်ကြောင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ ကျဆုံးသွားခဲ့သည် မှာ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် (၆၉) နှစ်ပြည့်သွားပြီဖြစ်သည်။ တိုင်းရင်းသား ပြည်သူအားလုံးသည် နှစ်စဉ် ထိုနေ့၊ ထိုရက်၊ ထိုအချိန်ရောက်လေတိုင်း ယူကျုံးမရ၊ နှမြော တသ၊ ပူဆွေးသောက ရောက်ကြရသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ပုဂ္ဂိုလ်ကြီးများသည် တိုင်းပြည်လွတ်လပ်ရေး အတွက် ကြိုးပမ်းနေစဉ် အကြံပက်စက်သူ များ၏လက်ချက်ကြောင့် အချိန်မတိုင်မီကြွေ လွင့်ခဲ့ကြရသည်။ တိုင်းပြည်နှင့် လူမျိုးအတွက် အစားထိုး၍မရနိုင်သော ဆုံးရှုံးမှုကြီးပင်ဖြစ် သည်။ နယ်ချဲ့လက်ပါးစေများ မည်သို့ပင်ဟန့် တားနှောင့်ယှက်နေစေကာမူ အာဇာနည် ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ် ကျိုးမဖက် စွန့်လွှတ်အနစ်နာခံလျက် မြန်မာ့ လွတ်လပ်ရေးကို အသက်ပေးကာ ရယူပေးနိုင် ခဲ့သည်။

ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စွန့်လွှတ်အနစ်နာခံမှုကြောင့် စာရေးသူတို့ သည် လွတ်လပ်ရေးအသီးအပွင့်ကို ခံစားနိုင် ခြင်းဖြစ်သည်။ ထိုလွတ်လပ်ရေးသည် မျက်စိ တမှိတ်အတွင်း ဆုံးရှုံးသွားနိုင်သဖြင့် ထာဝရ ထိန်းသိမ်းစောင့်ရှောက်သွားရန်သည် ပြည်သူ အားလုံး၏ တာဝန်ဖြစ်သည်။

ဗိုလ်ချုပ်သည် ငယ်စဉ်ကတည်းက အခြား သူများနှင့်မတူ ထူးချွန်ထက်မြက်သော ပုဂ္ဂိုလ် ပင်ဖြစ်သည်။ ကျောင်းနေနောက်ကျသော် လည်း ၁၉၃၂ ခုနှစ်တွင် ရေနံချောင်း အမျိုး သားကျောင်းမှ ၁၀ တန်းအောင်မြင်ပြီး နောက် ရန်ကုန်တက္ကသိုလ်၌ ပညာဆက်လက် ဆည်းပူးခဲ့သည်။ တက္ကသိုလ်ကျောင်းသား ဘဝတွင် ကျောင်းစာကို အပတ်တကုတ် ဆည်း ပူးသင်ယူခဲ့သည့်အပြင် ပြည်တွင်း၊ ပြည်ပ နိုင်ငံရေးအခြေအနေများကိုပါ စဉ်ဆက် မပြတ် လေ့လာပြီးနောက် သူ့ကျွန်ဘဝတွင် ကျောင်းသားများကို ဦးဆောင်စည်းရုံးဆောင် ရွက်နိုင်ခဲ့သည်။ ထို့အပြင် ကိုလိုနီနယ်ချဲ့ လက် အောက်တွင် ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် ကြီးကို တည်ထောင်ခဲ့သည့်အပြင် ကိုလိုနီ တက္ကသိုလ်ဥပဒေကိုလည်း ပြင်ဆင်နိုင်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။

ထို့နောက် မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်ဖွဲ့စည်းနိုင်ရန် ၁၉၄၀ ခုနှစ်တွင် နိုင်ငံခြားသို့ တိတ်တဆိတ်ထွက်ခွာခဲ့ရသည်။ ၁၉၄၁ ခုနှစ်တွင် မြန်မာ့လွတ်လပ်ရေးအတွက် စီမံကိန်းတစ်ရပ်ကို ကိုယ်တိုင်ရေးဆွဲကာ မြန်မာနိုင်ငံသို့ ပြန်လာပြီး မျိုးချစ်စိတ်ဓာတ် ထက်သန်သော လူငယ်များကို တိတ်တဆိတ် စည်းရုံးခေါ်ဆောင်သွားခဲ့သည်။ ထိုလူငယ် များသည် နောင်တွင် ရဲဘော်သုံးကျိပ်ဝင်များ ဖြစ်လာခဲ့သည်။ ဟိုင်နန်ကျွန်းတွင် စစ်ပညာ သင်ယူပြီးနောက် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ဘန်ကောက်မြို့၌ ဗမာ့ကာ ကွယ်ရေးတပ်မတော် (Burma Independence Army-BIA)ကို စတင်ဖွဲ့စည်းနိုင်ခဲ့သည်။ ထို တပ်မတော်ကြီးဖွဲ့စည်းခဲ့ပြီးနောက်ပိုင်း မြန်မာ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းစဉ်ကာလ တစ်လျှောက်တွင် ဗိုလ်ချုပ် ပြောကြားခဲ့သည့် မိန့်ခွန်းများအနက်မှ မျိုးဆက်သစ်များ မှတ် သားထိုက်သော သြဝါဒများကို ကောက်နုတ် တင်ပြသွားလိုပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဖက်ဆစ်ဂျပန် တို့က မြန်မာနိုင်ငံအား ပေးခဲ့သည့် လွတ်လပ် ရေးအတုအယောင်နှင့် တိုင်းရင်းသားပြည်သူ များအပေါ် ပြုမူသည့် ရက်စက်ကြမ်းကြုတ်မှုများ ကိုမခံနိုင်သဖြင့် ဖက်ဆစ်တို့အား တော်လှန် ရန် ၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ရွှေတိဂုံဘုရားအနောက်မြောက်ဘက်ရှိ ကွင်းပြင်ကြီး (ယခု တော်လှန်ရေးပန်ခြံနေရာ) ၌ စစ်ထွက်မိန့်ခွန်းပြောကြားခဲ့သည်။

ထိုမိန့်ခွန်းမှအချို့ကို ကောက်နုတ်ဖော်ပြ ရလျှင် "ရဲဘော်တို့ အကျယ်ချဲ့ပြီး ရှည်ရှည် မပြောချင်ဘူး၊ အခုစစ်မြေပြင်ကိုထွက်ရမယ်။ ဆင်းရဲမယ်။ ငတ်မယ်။ အခက်အခဲတွေနဲ့ ရင် ဆိုင်ရမယ်။ မြန်မာပီပီ မြန်မာ့သွေးကိုပြပါ။ အထက်ဗိုလ်များရဲ့ အမိန့်ကိုနာခံကြပါ။ အထက်ဗိုလ်တွေကလည်း သာတူညီမျှ ရဲဘော်စိတ်ထားပါ။ ရဲဘော်တို့ကို ကတိပေး ထားတဲ့အတိုင်း ကျုပ်ကိုယ်တိုင် ရဲဘော်တို့နဲ့ အတူ ချီတက်မယ်။ မြန်မာ့ရန်သူကိုချေမှုန်းကြ။ အနီးကပ်ဆုံး ရန်သူကိုချေမှုန်းကြ။ ဒါပဲ. . . ။" ဆိုပြီး ကျစ်လျစ်သိပ်သည်း တည် ကြည်လေးနက်ပြတ်သားစွာဖြင့် ပြောကြား သွားသည်မှာ မျက်မှောက်ခေတ် တပ်မတော် အတွက် တန်ဖိုးမဖြတ်နိုင်သော မိန့်ခွန်းပင် ဖြစ်သည်။ စစ်မြေပြင်တာဝန်ထမ်းဆောင် ရာတွင် တွေ့ကြုံရမည့် အခက်အခဲများ၊ မြန်မာ တို့၏ ရဲစွမ်းသတ္တိကိုပြသရန်၊ အထက်နှင့် အောက် သာတူညီမျှ ရဲဘော်ရဲဘက်စိတ်ထား ရှိရန်နှင့် ၎င်းကိုယ်တိုင်ပင်လျှင် စစ်မြေပြင် ထွက်ခွာမည်ဆိုသော စကားများမှာ ခွန်အား များဖြစ်စေပြီး လက်ရှိအချိန်အထိ မေ့မရနိုင် သော စကားများပင်ဖြစ်သည်။



ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော မြန်မာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်တို့ အား မြန်မာ့မြေပေါ်မှ တိုက်ထုတ်ရာ၌ အောင် မြင်မှုများ စဉ်ဆက်မပြတ်ရရှိနေချိန်တွင် ဗြိတိသျှတပ်များကလည်း မြန်မာနိုင်ငံ အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသည်။ ထိုအချိန်တွင် မြန်မာ့တပ်မတော်မှ အချို့ သောအရာရှိများသည် အင်္ဂလိပ်တပ်များ ရောက်ရှိလာခြင်းကို အမေကျော် ဒွေးတော် လွမ်းဖြစ်ကာ တပ်မတော်၏ လုပ်ငန်းစဉ်များ ကို မေ့လျော့လာသဖြင့် ဗိုလ်ချုပ်သည် ၁၉၄၅ ခုနှစ် မေလ ၁၁ ရက်တွင် သရက်ချောင်းရွာ၌ တပ်စခန်းချနေသော အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများအား မိန့်ခွန်းပြောကြား ခဲ့သည်။

ထိုမိန့်ခွန်းမှ အချို့ကို ကောက်နုတ်ဖော် ပြရလျှင် "ရဲဘော်တို့ ပွဲဦးထွက် တော်လှန် ရေးအောင်ပွဲလေးတွေကိုရခဲ့ပြီး အဲဒီ အောင် ပွဲလေးတွေ ဆင်နွှဲခဲ့နိုင်တာလောက်ကို တကယ့်အောင်ပွဲကြီးတွေလို့ထင်ပြီး အဲဒီ အောင်ပွဲတွေအပေါ်မှာ မိန်းမောနေတာကို တွေ့ရတယ်။ ကိုယ့်ကိုယ်ကိုယ်အထင်ကြီး ပြီး ဘဝင်မြင့်နေတာတွေ တွေ့ရတယ်။ ရဲဘော် တို့ . . . ဒီလိုမိန်းမောနေရင်၊ အထင်ကြီး နေရင် မှားမယ်လို့ ရဲဘော်တို့ကို တိတိကျကျ ပြောရဲတယ်။ . . . ရန်သူကိုအထင်မကြီး သော်လည်း အထင်မသေးသင့်ဘူးဆိုတာ အစဉ်သတိချပ်စေချင်တယ်။ အင်္ဂလိပ်အုပ် ချုပ်ရေးကိုမျှော်ပြီး အတွေးလွန်မနေကြနဲ့။ နားအလည်လွယ်ဆုံး ပြောလိုက်မယ် အခု ဂျပန်တွေက ကျုပ်တို့တစ်တွေနဲ့ တိုင်းရင်းသား အားလုံးကို . . . သွားပေမယ့် ဆီဆွတ်လို့ တော်သေးတယ်။ အင်္ဂလိပ်လာရင် ဆီမဆွတ် ဘဲ . . . လိမ့်မယ်။ ဒါပဲကျုပ်ပြောခဲ့မယ်" ဟု စစ်ခေါင်းဆောင်ပီပီ အရှည်မျှော်တွေးလျက် လက်အောက်ငယ်သားများကို ဂရုဏာ ဒေါသောဖြင့် ပြောကြားသွားသည်မှာ နားဝင် မချိုသော်လည်း မှတ်သားထိုက်သည့် ထိမိလှ သော မိန့်ခွန်းပင်ဖြစ်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဖက် ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ်(ဖဆပလ)၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ပြည်သူများသိရှိ ထောက်ခံ လာစေရန်အတွက် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် နေသူရိန်အစည်းအဝေးကြီး ၌ ဗိုလ်ချုပ်ပြောကြားခဲ့သည့် မိန့်ခွန်းမှ အချို့ ကိုကောက်နုတ်ဖော်ပြရလျှင် "ကျုပ်တင်လား၊ ကျုပ်ခေါင်းဆောင်တဲ့ တပ်မတော်သားတွေ ကအစ ဒီလောက်အပင်ပန်းခံတိုက်နေတာ။ လခလည်းတစ်ပြားမှမရဘူး။ အဝတ်အစား လည်းချို့တဲ့တယ်။ ဆေးဝါးလည်း ကောင်း ကောင်းမလုံလောက်ဘူး။ လက်နက်ခဲယမ်း မီးကျောက်လည်း မပြည့်စုံဘူး။ အနားဆို လို့လည်းမရဘူး။ . . . အဲဒီလောက် အပင်ပန်းခံပြီး ကျုပ်တို့တစ်တပ်လုံးတိုက် နေတာဟာ . . . လူတစ်စုတည်းကောင်းစား ဖို့လည်းမဟုတ်ဘူး။ ကျုပ်တို့ ကိုယ်ရေးကိုယ် တာ ကောင်းစားမှုအတွက်လောက်သာလည်း မဟုတ်ဘူး။ ကျုပ်တို့တိုက်နေတာဟာ တိုင်း ပြည်ရဲ့လွတ်လပ်ရေးနှင့် တိုင်းပြည်၏ လူထု ကြီး ကောင်းစားရေးကိုသာရည်ရွယ်ပြီး တိုက် တယ်ဆိုတာ တစ်ထစ်ချသိစေချင်တယ်။"ဟူ ၍ ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် အသက် စွန့်ဆောင်ရွက်သွားမည်ဆိုသော ခိုင်မာပြတ် သားသည့် သန္နိဋ္ဌာန်စိတ်ကို ပြည်သူများသို့ လှစ်ဟပြသခဲ့သည်မှာ အတုယူဖွယ်ရာပင် ဖြစ်သည်။

ထို့အပြင် ဂျပန်တော်လှန်ရေးပြီးဆုံးချိန် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် နိုင်ငံရေး အဖွဲ့အစည်းအသီးသီးနှင့် ပါတီခေါင်းဆောင် များအကြား သွေးစည်းညီညွတ်ကြရန်အတွက် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် နိုင်ငံရေး ခေါင်း ဆောင်များအား ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏ မိန့်ခွန်းမှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "ကျွန်တော်တို့ မြည်မာပြည်ရဲ့အရေးဟာ မြန်မာပြည်သူပြည်သားတွေ၊ ခေါင်းဆောင် တဲ့လူတွေ ညီညွတ်စွာနှင့် လုပ်တတ်မယ်။ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီး မြောက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော် ခေါင်းဆောင်နေတဲ့ တပ်မတော် ကလည်း ယုံကြည်တယ်။" ဟုဆိုကာ တိုင်းရင်း သားစည်းလုံးညီညွတ်ရေး အရေးကြီးပုံကို နိုင်ငံသို့ သတိပေးပြောကြားခဲ့သည့် မိန့်ခွန်း ဖြစ်ပြီး လက်ရှိပကတိ အခြေအနေနှင့် ကိုက် ညီလျက်ရှိသည်။

၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ရွှေတိဂုံဘုရားအလယ်ပစ္စယံ၌ ဗိုလ်ချုပ်ပြော ကြားခဲ့သော မိန့်ခွန်းမှ အရေးကြီးသည့် အချက်အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "နိုင်ငံရေးမည်သည် ယုတ်မာညစ်ထည်း သည်ဟု ဆိုရမည်လော။ စင်စစ်မှာ နိုင်ငံရေး ဟာ ယုတ်မာညစ်ထည်းတာမဟုတ်။ နိုင်ငံရေး ကို ညစ်ထည်းအောင် လုပ်သူတွေသာလျှင် ယုတ်မာခြင်းဖြစ်ပါတယ်။ . . . နိုင်ငံရေး ဆိုတာ လူ့ကိစ္စလို့ဆိုရမယ်။ ကျွန်တော်တို့ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစုစုဟာ နိုင်ငံရေးပဲဖြစ်တယ်။" ဟုဆိုကာ နိုင်ငံရေးသည် လူသားအားလုံး၏ အရေးကိစ္စ ဖြစ်ကြောင်းနှင့် နိုင်ငံတော်တည်ဆောက်ရေး တွင် မိမိနှင့်မသက်ဆိုင်ဟု ယူဆထားသူများ အား သတိပေးပြောကြားခဲ့ခြင်းသည် မျက် မှောက်နိုင်ငံရေးအခြေအနေနှင့် ထင်ဟပ် လျက်ရှိသည်။

တော်လှန်ရေးခေါင်းဆောင် ဗိုလ်ချုပ်သည် ၁၉၄၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ တွင် ရွှေတိဂုံဘုရားအနောက်မုခ်၌ ကွန်မြူနစ် ပါတီအား (ဖဆပလ)အဖွဲ့ကြီးမှ ထုတ်ပစ်ရ သည့်အကြောင်းကို ပြောကြားခဲ့ရာ ၎င်းမိန့် ခွန်းမှ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် "သတ္တိချင်းစမ်းမယ်ဆိုရင်တော့ မြန်မာ့လွတ် လပ်ရေးအတွက် တကယ်တမ်းလုပ်တမ်း ဆိုရင် ထွက်ခဲ့ပါ။ မဟိန်းတမ်း၊ မဟောက် တမ်း၊ တကယ်လုပ်တမ်းပြိုင်ရဲပါတယ်။ ကျုပ် အကြောင်းတွေလည်း ခင်ဗျားတို့ သိတန် သလောက် သိကြမှာပဲ၊ ဒါပေမယ့် အကုန်တော့ ဘယ်သူမှ သိကြမှာမဟုတ်ဘူး။ ကျုပ်ကလည်း မကြွားချင်ပါဘူး။ ကျုပ်နိုင်ငံရေးလုပ်လာတာ ကြွားချင်လို့လည်း လုပ်နေတာမဟုတ်ပါဘူး။ မြန်မာပြည်လွတ်လပ်ရေး ရစေချင်လို့၊ မြန်မာ တွေကောင်းစား စေချင်လို့လုပ်တာပါ။ ကျုပ် က နိုင်ငံရေးမလုပ်ရလို့ ထမင်းငတ်သွားမယ့် လူမျိုးမဟုတ်ပါဘူး။ နိုင်ငံရေးလုပ်တာ ကျုပ် အဖို့မယ် မြတ်တယ်လို့ကိုမထင်ဘူး။ အရှုံး ကြီးနဲ့ချည်းလုပ်နေရတာပဲ။" ဆိုပြီး၎င်း၏ ရပ်တည်ချက်ကို ပြတ်သားစွာ ပြောကြားသွား သည်မှာ နှောင်းလူတို့ အတုယူထိုက်ပါပေ သည်။

ဆက်လက်ဖော်ပြပါမည်။

တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သားလူထု ညီညွတ်ရေး၊ အဲဒီ ညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး၊ ဒီတိုင်းပြည်ဟာ လွတ်လပ်ပင် လွတ်လပ် သော်ငြားလည်း ဘယ်ပါတီတက်တက်၊ ဘယ် အစိုးရလုပ်လုပ်။ . . . တိုင်းပြည်ဖြစ်နေမှာပဲ လို့ ကျွန်တော်ပြောချင်တယ် . . .

## ပွင့်ဖြူမြို့နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်လှစ်

**ပွင့်ဖြူ ဇူလိုင် ၁၇**

ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေဘေးသင့်ကျေးရွာဖြစ်သည့် လက်ခုပ်ကျေးရွာအုပ်စု သာစည်ကျေးရွာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ ဆိုင်ကယ်စက်ပြင်သင်တန်းကို ဇူလိုင် ၁၄ ရက် နံနက် ၁၁ နာရီက ကျေးရွာဓမ္မာရုံ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းဆရာနှင့် ကျေးရွာမှ သင်တန်းသားများအား မိတ်ဆက်ကာ ဆိုင်ကယ်ပြင်သင်တန်းအား စတင်၍ လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်စက်ပြင် သင်တန်းသို့ သာစည်ကျေးရွာမှ သင်တန်းသား ၁၀ ဦး တက်ရောက်ပညာသင်ကြားခဲ့သည်။

သင်တန်းကာလမှာ ဇူလိုင် ၁၄ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

## လားရှိုး၌ ရှမ်းပြည်နယ်မြောက်ပိုင်း၏ ဒုတိယအကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ညှိနှိုင်းစည်းဝေး

**လားရှိုး ဇူလိုင် ၁၇**

မြန်မာနိုင်ငံဆရာဝန်များအသင်း အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်မြောက်ပိုင်း၏ ဒုတိယအကြိမ်မြောက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်းသိရသည်။

ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာထင်လင်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ပထမအကြိမ် လုပ်ငန်းဆောင်ရွက်မှုရလဒ်များကို ပြန်လည်သုံးသပ် ဆွေးနွေးကြပြီး လုပ်ငန်းညှိနှိုင်းဆောင်ရွက်မည့် အစီအစဉ်များတွင် ပါဝင်ပူးတွဲဆောင်ရွက်ကြသော NGO၊ INGO များ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပရဟိတအဖွဲ့များ၊ ဆရာဝန်အဖွဲ့များမှ မိုင်းအန္တရာယ်ပညာပေးလုပ်ငန်းများအကြောင်း၊ SCHOOL FEEDING နှင့် AREA SECURITY နှင့်ပတ်သက်၍လည်းကောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဌာနမှ အဖွဲ့ခေါင်းဆောင်ဆရာဝန်များက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များအားလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဆောင်ရွက်သည့် နေရာဒေသများ၊ လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဇူလိုင် ၁၆ ရက်အထိ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဟန်ဇွေး(လားရှိုး)**

## တာချီလိတ်မြို့နယ်ရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်မှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



**တာချီလိတ် ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် မြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ကျေးရွာ ၃၁ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်နေမှုကို ရှမ်းပြည်နယ်ရုံးခွဲ(ကျိုင်းတုံ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ရုံးခွဲဦးစီးမှူး ဦးမျိုးအောင်၊ မြို့နယ်ဦးစီးမှူး ဦးတင်ဝင်းမောင်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၁၃ ရက်က ကျေးရွာတစ်ရွာလျှင် အရင်းမပျောက် လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်နေသည့် မိုင်းဟဲကျေးရွာအုပ်စုရှိ ကာနကျေးရွာ၊ ပန်နယ်ကျေးရွာနှင့် ရန်းခေါင်ကျေးရွာတို့သို့ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စီမံကိန်း အကောင်အထည်ဖော်မှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## မြိုင်မြို့၌ ပုံကျဈေးသည်များအား စတုတ္ထအကြိမ် ထောက်ပံ့ငွေပေးအပ်

**မြိုင် ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး မြိုင်မြို့စည်ပင်သာယာရေးရုံးခန်းမ၌ စည်ပင်သာယာရေးဈေး ပုံကျဈေးသည်များအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြိုင်မြို့ စည်ပင်သာယာဈေးတွင် ပုံကျရောင်းချနေသော ဈေးသည်များအား စတုတ္ထအကြိမ်မြောက် ထောက်ပံ့ငွေများကို တစ်ဦးလျှင်ကျပ် ၅၀၀၀ နှုန်းဖြင့် ဈေးသည် ၁၅၅ ဦးတို့ကို မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဟန်မြင့်က ပေးအပ်ခဲ့သည်။

ထောက်ပံ့ကြေးပေးအပ်ပွဲတွင် ဈေးကော်မတီဝင်များက ဈေးသည်များအား တစ်ဦးချင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**

## မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများ၌ ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများ ရွေးချယ်ဖွဲ့စည်း

**ဟသ်ာတ ဇူလိုင် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများတွင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများ ရွေးချယ်ဖွဲ့စည်းခြင်းအခမ်းအနားကို ဇူလိုင် ၁၀ ရက်က ပေါက်ကုန်းသဲဖြူကြီး(သေး) ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက မိတ်ဆက်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်က မြစိမ်းရောင်စီမံကိန်းအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်လွင်က ကော်မတီရွေးချယ်မှုဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်မြစိမ်းရောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ခံဝန်ထမ်းများက ဒူးယားတိုက်နယ် သဲဖြူအုပ်စု၊ သဲဖြူကြီးကျေးရွာ၊ သဲဖြူပေါက်ကုန်းကျေးရွာ၊ ဒူးယားအုပ်စု အုတ်ဖိုချောင်ကျေးရွာ၊ လယ်တီအုပ်စု လယ်တီကုန်းကျေးရွာတို့တွင် ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများ ရွေးချယ်ဖွဲ့စည်းခဲ့ရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုးသန်း၊ ခရိုင်ဦးစီးမှူး ဦးအောင်သက်ရှည်နှင့် မြို့နယ်ဦးစီးမှူးတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ဟသ်ာတ၊ပြန်/ဆက်)**

## တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ရေးမြို့နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**ရေး ဇူလိုင် ၁၇**

တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၏ စီမံဆောင်ရွက်မှုဖြင့် တပ်မတော်ဆေးရုံများမှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့်အတူ ခွဲစိတ်ခန်း ယာဉ်၊ ဓာတ်ခွဲယာဉ်၊ ဓာတ်မှတ်ရိုက်ယာဉ်များနှင့် လိုအပ်သော ဆေးဝါးများဖြင့် စုဖွဲ့၍ ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ရေးတပ်နယ်ခန်းမ လမိုင်းမြို့၊ ခေါဇာမြို့တို့တွင် ရဟန်းရှင်လူပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့တွင် ပါဝင်သော ပါရဂူများမှာ ပြည်သူ့ကျန်းမာရေးပါရဂူ ငါးဦး၊ ဆေးကုသမှုပါရဂူ လေးဦး၊ ခွဲစိတ်မှုပါရဂူ လေးဦး၊ အရိုးပါရဂူ နှစ်ဦး၊ သွားဖွားနှင့် မီးယပ်ပါရဂူ တစ်ဦး၊ ကလေးပါရဂူ တစ်ဦး၊ နားနှာခေါင်းလည်ချောင်း ပါရဂူ တစ်ဦး၊ မျက်စိပါရဂူ လေးဦး၊ သွားဖက်ဆိုင်ရာခွဲစိတ်ဆရာဝန် နှစ်ဦး၊ အထွေထွေဆရာဝန်ရှစ်ဦး၊ သူနာပြု ၂၀ ပါဝင်သော အဖွဲ့ဝင်များသည် အခြေပြုအဖွဲ့ (၁)၊ နယ်လှည့်ဆေးကုသမှုအဖွဲ့ (၂)၊ နယ်လှည့်ဆေးကုသမှုအဖွဲ့(၃) စသည်ဖြင့်အဖွဲ့များခွဲ၍ ကွင်းဆင်း အခမဲ့ကုသပေးနေလျက်ရှိကြောင်း သိရသည် ။

အဆိုပါ နယ်လှည့်အထူးကု ဆေးအဖွဲ့သည် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူများအား ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ လူနာပေါင်း ၄၂၄၇ ဦးကို အခမဲ့ ကုသပေးနိုင်ခဲ့ပြီး ဆက်လက်၍ သထုံမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာနေ ပြည်သူများကိုလည်း ဇူလိုင် ၁၉ ရက်မှ ၂၂ရက်အထိ အခမဲ့ကွင်းဆင်းကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**



## စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်လှုပ်ရှားမှုများ ကွင်းဆင်းဆောင်ရွက်

**ဆားလင်းကြီး ဇူလိုင် ၁၇**

ဆားလင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် တိုင်းရင်းဆေးပညာဦးစီးဌာန မြို့နယ်တိုင်းရင်းဆေးကုဌာန မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများ ပူးပေါင်း၍ စာကြည့်တိုက်များ အဆင့်မြှင့်တင်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်လှုပ်ရှားမှု ဆောင်ရွက်ခြင်း လုပ်ငန်းများနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ဆေးကုသခြင်းလုပ်ငန်းများကို ဇူလိုင်၁၄ရက် မွန်းတည့် ၁၂နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆားလင်းကြီးမြို့နယ် ပြန်ဆက်ဦးစီးဌာနမှ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်ဓာတ်ပုံများပြသခြင်းနှင့် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများအား မြို့နယ်ဦးစီးမှူးက အာဇာနည်နေ့နှင့်ပတ်သက်သည့် သိကောင်းစရာများအကြောင်း ရှင်းလင်းပြောကြားခြင်း၊ အသိပညာဗဟုသုတတိုးပွားရေးအတွက် စာအုပ်စာပေများဖတ်ရှုကြရန်နှင့် စာအုပ်စာပေဖတ်ရှုခြင်းအားဖြင့် မူးယစ်ဆေးဝါးအလွဲသုံးမှုမှ ကာကွယ်နိုင်ခြင်း၊ လူကုန်ကူးမှုရန်မှ ကာကွယ်နိုင်ခြင်းစသော အကျိုးကျေးဇူးများ ရရှိနိုင်သလို တောင်သူဦးကြီးများအနေဖြင့် အသိပညာဗဟုသုတများ ရရှိစေကြောင်း ဟောပြောခဲ့သည်။

ယင်းနောက်ကံကြီးကျေးရွာ စာကြည့်တိုက်အတွက် စာအုပ်စာစောင်များနှင့် စူဠာကျေးရွာစာကြည့်တိုက်အတွက် စာအုပ် စာစောင်များနှင့် မီဒီယာပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

ဆားလင်းကြီးမြို့နယ် ပြန်ဆက်ဦးစီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်အရ ဧပြီလမှစ၍ ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျေးရွာ ၁၈ ရွာသို့ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဥမ္မာခိုင်(ပြန်/ဆက်)**

# ကလေးမြို့ စည်ပင်သာယာမြို့မဈေးအတွင်းရှိ စားသောက်ကုန် ပစ္စည်းများကို ကွင်းဆင်းစစ်ဆေး



**ကလေး ဇူလိုင် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ စည်ပင်သာယာမြို့မဈေး အတွင်းရှိ စားသောက်ကုန်ပစ္စည်းဖြစ်သော ဝက်သား၊ အမဲသား၊ ငါး၊ ဆိတ်သားဆိုင်များတွင် စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားသောဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ၊ ပိဿာ အလေးချိန်မှန်ကန်မှု ရှိ၊ မရှိနှင့် ကုန်မာ၊ ကုန်ခြောက်ဆိုင်များတွင်လည်း FDA မှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော စားသုံးဆီနှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချမှု ရှိ၊ မရှိကို တာဝန်ရှိသူများက လိုက်လံစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့စစ်ဆေးရာတွင် ကလေးခရိုင် စားသုံးသူရေးရာဌာနမှ ခရိုင်ဦးစီးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးငြိမ်း၊ မိတ်ဖက် အဖွဲ့အစည်းများဖြစ်ကြသော ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစန်းအောင်ထွေး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်ဘုန်းဝင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးမှူး ဒေါ်သန်းထိုက်အောင်၊ ကျန်းမာရေးဌာနမှ ဒေါ်ခင်မာကြည်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့မဈေးတာဝန်ခံနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၁၁ ဦးတို့က မြို့မဈေးအတွင်းရှိ စားသောက်ကုန်များကို လိုက်လံစစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

မြို့မဈေးအတွင်း ရောင်းချသည့် စားသောက်ကုန်ပစ္စည်းများကိုလည်း စစ်ဆေးကြပြီးနောက် တာရှည်ခံဆေးများ အသုံးမပြုကြရန်၊ အရောင်တင်ဆိုးဆေးများ အသုံးမပြုကြရန်၊ တားမြစ်ဆိုးဆေးများနှင့် တာရှည်ခံဆေးများသည် ကင်ဆာရောဂါကိုဖြစ်ပွားစေနိုင်သဖြင့် စားသုံးသူများကို အန္တရာယ်ပြု ထိခိုက်နစ်နာစေနိုင်သောကြောင့် တာရှည်ခံဆေးနှင့် ဆိုးဆေးများပါဝင်သော အစားအသောက်ကုန်ပစ္စည်းများကို နောက်နောင်တွင် ထပ်မံရောင်းချခြင်း မပြုကြရန်လည်း ယင်းဈေးအတွင်းရောင်းချနေသောဈေးသူ၊ ဈေးသားများအား ပညာပေးဆွေးနွေးခဲ့ကြသည်။

ယင်းအပြင် မုန့်မျိုးစုံရောင်းချသည့် ဆိုင်များသို့ စစ်ဆေးခဲ့ရာ ခွင့်ပြုချက် အမှတ်တံဆိပ်မပါသော၊ FDA ထောက်ခံချက်မရှိသော၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပတ်မပါရှိသော၊ ဓာတ်မတည့်ကြောင်း ဖော်ပြချက်ကို မြန်မာဘာသာနှင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ ဖော်ပြထားခြင်းမရှိသောမုန့်များ၊ သက်တမ်းလွန်၊ ရက်စွဲလွန်မုန့်များကို စစ်ဆေးခဲ့ကြပြီး နောက်နောင်တွင် ရောင်းချခြင်းမပြုကြရန် ပညာပေးဆွေးနွေးခဲ့သည်။

**ချင်းတွင်းသား**

## မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် မြန်မာ့ရိုးရာ သိုင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မုံရွာ ဇူလိုင် ၁၇**
မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲ ဆုပေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ၌ ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

နိုင်ငံ့ဂုဏ်ဆောင်နှင့် တိုင်းဒေသကြီး ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရန်၊ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများတွင် အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်စေရန်အတွက် ခရိုင်အဆင့် လူရွေးပွဲအဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ ချောင်းဦး အရာတော်နှင့် ဘုတလင်မြို့နယ်တို့မှ မုံရွာခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်သို့ အသင်းလေးသင်းမှလည်းကောင်း၊ မြန်မာရိုးရာသိုင်းပြိုင်သို့ ပြိုင်ပွဲဝင် ၂၀ တို့မှလည်းကောင်း ဇူလိုင် ၁၃ ရက်မှ ၁၅ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ်(၄၅-၄၉)ကီလိုတန်းအဖြစ်၊ မယုမွန်ကျော်(အရာတော်မြို့နယ်) နှင့် မရှန်ဒီ (ချောင်းဦး)တို့ ယှဉ်ပြိုင်ရာ မယုမွန်ကျော်(အရာတော်မြို့နယ်)ကလည်းကောင်း၊ (၄၉-၅၃)ကီလိုတန်းအဖြစ် မသိန်းလဲ့မော် (မုံရွာမြို့နယ်)နှင့် မဖြိုးသန္တာ (ဘုတလင်မြို့နယ်)တို့ ယှဉ်ပြိုင်ကစားကြရာ မသိန်းလဲ့မော် (မုံရွာမြို့နယ်)ကလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ယင်းနောက်ဆုပေးပွဲကျင်းပရာ မြန်မာ့ရိုးရာသိုင်းပြိုင်ပွဲ အမျိုးသားပြိုင်ပွဲများဖြစ်သော (၄၅-၄၉) ကီလိုတန်း၊ (၄၉-၅၃)ကီလိုတန်း၊ (၅၃-၅၇)ကီလိုတန်း၊ အမျိုးသမီးပြိုင်ပွဲများ ဖြစ်သော (၄၅-၄၉)ကီလိုတန်း၊ (၄၉-၅၃)ကီလိုတန်း ပြိုင်ပွဲများတွင် ဆုရရှိကြသော အားကစားသမားများအားလည်းကောင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒုတိယဆုရ မုံရွာမြို့နယ်အသင်းနှင့် ပထမဆုရ ချောင်းဦးမြို့နယ်အသင်းတို့အားလည်းကောင်း၊ တံခွန်စိုက်ဆုရချောင်းဦးမြို့နယ်အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မင်းဝေ (မုံရွာ)**

## မြို့နယ် ကျေးလက်ဦးစီးဌာန၏ လုပ်ငန်းများကွင်းဆင်းစစ်ဆေး

**ဖယ်ခုံ ဇူလိုင် ၁၇**
ရှမ်းပြည်နယ် တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မူလမွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများကို တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်နှင့် အင်ဂျင်နီယာများ ယမန်နေ့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်၌ မြို့နယ်အတွင်း မူလမွမ်းမံရန်ပုံငွေဖြင့်ဆောင်ရွက်သော လုပ်ငန်းများဖြစ်သည့် စည်ကား(၂)-သစ်ယာကုန်းကျောက်ချောလမ်းပြုပြင်ခြင်းလုပ်ငန်း သုည ဒသမ ၄ မိုင် ခွင့်ပြုရန်ပုံငွေကျပ် ကိုးသန်းဖြင့်လည်းကောင်း၊ ခေါင်းအိကျေးရွာအုပ်စု ကာလရွာ၊ အလယ်ကယန်းကျေးရွာအုပ်စု ဟန်ဖြူရွာနှင့် ရီနွဲ့ကျေးရွာအုပ်စု တိုတန်ကျေးရွာများတွင် ရေပေးရေးလုပ်ငန်းများမှ စိမ့်စမ်းရေပိုက် လဲလှယ်ပြုပြင်ခြင်းလုပ်ငန်းခွင့်ပြုရန်ပုံငွေကျပ် ၃ ဒသမ ၂၈ သန်းနှုန်းဖြင့် တစ်မိုင်စီတို့ကိုလည်းကောင်း၊ နောင်လိုင် ကျေးရွာအုပ်စု လဝုံနှင့် ကွမ်လုံကျေးရွာတို့တွင် ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်းစီဖြင့် လက်တူးတွင်းတူးဖော် ခြင်းလုပ်ငန်းတို့ကိုလည်းကောင်း စစ်ဆေးခဲ့ကြသည်။

၎င်းလုပ်ငန်းများကို တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေထက်ရှိန်နှင့် ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သီသီအေး၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ပန်းဖူးခိုင်တို့ လိုက်ပါ၍စစ်ဆေးခဲ့ကြပြီး ဖယ်ခုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး နှင့် အငယ်တန်း အင်ဂျင်နီယာ(၄) တို့က ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ရှင်းလင်း ပြသခဲ့ကြပြီး ခရိုင်ဦးစီးအရာရှိက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ကိုထွေး**

## ဝါးခယ်မမြို့နယ်တွင် ယာဉ်မတော်တဆမှုများ ကျဆင်းပပျောက်စေရေး အသိပညာပေး

**ဝါးခယ်မ ဇူလိုင် ၁၇**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေကျော်ရပ်ကွက် စည်ပင်သာယာဈေးအနီးတွင် ခရီးသွားပြည်သူများ၊ ယာဉ်မောင်းများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဆောင်ရွက်မှုကို ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ဦးထက်အောင်ဖြိုး၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ယာဉ်စည်းကမ်းစစ်ဆေးရေးဆပ်ကော်မတီမှ တာဝန်ရှိသူများက ဇူလိုင် ၁၅ ရက် နံနက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို စနစ်တကျ လိုက်နာသိရှိစေရန် ရည်ရွယ်ပြီး ပညာပေးကာလ အနေဖြင့် ဇွန် ၂၁ ရက်မှ ဇူလိုင် ၂၀ ရက်အထိ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေးခေါ်ယူစစ်ဆေးခြင်း တို့ကိုဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ဇူလိုင် ၂၁ ရက်မှစတင်ကာ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများဖြင့် စတင်အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ အသိပညာပေးဆောင်ရွက်မှုတွင် မြို့နယ်အတွင်းသို့ သုံးတန်ကျော်ယာဉ်ဝင်ရောက်မှုမရှိစေရန်၊ ဆိုင်ကယ်စီးနင်းပါက ဦးထုပ်ဆောင်းရန်နှင့် မေးသိုင်းကြိုး တပ်ဆင်ရန်၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုရန်၊ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းသူတိုင်း ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်ရှိစေရန် ပညာပေးစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ယာဉ်မတော်တဆမှုဖြစ်ပါက ဖြစ်မှုဖြစ်ဒဏ်များ၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများ သိရှိစေရန် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို မြို့နယ်အတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ဇန်းမောက်မြို့ဟဲထန်–နားယကာဆည်အတွင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စိုက်ထည့်

**ဇန်းမောက် ဇူလိုင် ၁၇**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ငါးမျိုးပြန့်ပွားရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေးတို့အတွက် ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ဟဲထန်ဆည် နားယကာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာသို့ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကိုလတ်၊ ကသာခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ် ဦးဘမောင်နှင့် အလုပ်အမှုဆောင်များ၊ ဇန်းမောက်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးငြိမ်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO အဖွဲ့များ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပြီး ဟဲထန်နားယကာဆည်အတွင်းသို့ ရွှေဝါငါးမြစ်ချင်းသားပေါက် ၂၅၀၀၀၊ နားယကာ ဆည်အတွင်းသို့ ၂၅၀၀၀ စုစုပေါင်း ငါးသား ပေါက်ကောင်ရေ ၅၀၀၀၀ တို့အား စုပေါင်းစိုက်ထည့်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ကသာခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက မံအင်မင်းကုန်းအုပ်စု အရှေ့ကုန်းကျေးရွာတို့၌ ငါးမျိုးသားပေါက်များ စိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာ (ပြန်/ဆက်)**



## စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းအဖြစ် ပုံပြောနှင့် ပန်းချီစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**သံဖြူဇရပ် ဇူလိုင် ၁၇**
မြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက် ဝန်ဆောင်မှုမြှင့်တင်ရေးလုပ်ငန်းတွင် စာဖတ်ရှိန်မြှင့်မားရေးအဖြစ် သံဖြူဇရပ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူး၍ (၆၉)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ကျောင်းသား၊ ကျောင်းသူများ ပုံပြောပြိုင်ပွဲ ကျင်းပခြင်းနှင့် ပန်းချီစွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်က မြို့နယ်ရုံးစာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ သံဖြူ ဇရပ်မြို့ပေါ်ရှိ ကျောင်းသုံးကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများကို မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသီနှင့် ပြိုင်ပွဲကြီးကြပ်သူ ဆရာမများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# မုံရွာမြို့တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေး အဆင့်မြှင့်တင်မှုများ လုပ်ဆောင်

**မုံရွာ ဇူလိုင် ၁၇**

မုံရွာမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာများတွင် နေထိုင်ကြသော ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေး အတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် အဆင့်မြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ပြည်သူများ လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေး အတွက် ဆောင်ရွက်ရာတွင် ထရန်စဖော်မာများတိုးချဲ့တပ်ဆင်ခြင်း၊ သစ်သားဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ ပြောင်းလဲစိုက်ထူပေးခြင်း၊ လျှပ်စစ်သွယ်တန်းကြိုးများ အဆင့်မြှင့်တင်ခြင်း၊ ဓာတ်အားခွဲရုံအသစ်တည်ဆောက်ခြင်းလုပ်ငန်းများ ပါဝင်ကြောင်း သိရသည်။

"လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုမဖြစ်ပေါ်စေရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေနဲ့ အဆင့်မြှင့်တင်မှုတွေ လုပ်ဆောင်ပေးတာပါ။ အဆင့်မြှင့်တင်မှုလုပ်ငန်းတွေ ပြီးစီးသွားရင်တော့ မုံရွာမြို့ပေါ် ရပ်ကွက်တွေမှာ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာနဲ့ ဓာတ်အားအပြည့်အဝ သုံးစွဲခွင့်ရမှာပါ"ဟု မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် လိုအပ်သော ၁၁/သုညဒသမ ၄ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ ၁၀ လုံးတပ်ဆင်ခြင်း၊ ၄၀၀ ဗို့အားလိုင်းသစ်သား ဓာတ်တိုင် ၂၂၄၀ တိုင်နေရာတွင်လည်းကောင်း၊ ၁၁ ကေဗွီအေလိုင်း သစ်သားဓာတ်တိုင် ၈၇ တိုင်နေရာတွင်လည်းကောင်း ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးစိုက်ထူခြင်းများဆောင်ရွက်လျက်ရှိသည်။

သံလက်တန်းများလဲလှယ်ခြင်း၊ ၄၀၀ဗို့အားလိုင်းကြိုးအသေး ၃၁ ကီလိုမီတာ အရှည်အား ABC ကေဘယ်ကြိုးများလဲလှယ်ခြင်း၊ ၄၀၀ ဗို့အားလိုင်းကြိုးအသေး ၈ ဒသမ ၈ မိုင်အားHDBC NO.4,6 ကြိုးများလဲလှယ်ခြင်း၊ မုံရွာစက်မှုဇုန်ရပ်ကွက်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအား ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေသို့ အဆင့်မြှင့်တင်တည်ဆောက်ခြင်း၊မုံရွာမြို့နယ် မြေနဲကျေးရွာတွင် ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**



# ဆိပ်ဖြူမြို့နယ်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးပွဲကျင်းပ

**ဆိပ်ဖြူ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ကလေးသူငယ်အခွင့်ရေးဆိုင်ရာ အသိပညာပေးအခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းက အနောက်ပိုင်းရပ်ကွက် အခြေခံမူလတန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ကလေးသူငယ်အခွင့်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ Work Vision Internatonal Myanmar ဆိပ်ဖြူဒေသဖွံ့ဖြိုးရေးရုံးမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကလေးကိုယ်စားလှယ်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ ကလေးသူငယ်အခွင့်ရေးဆိုင်ရာကော်မတီဝင်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကလေးသူငယ်အခွင့်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားခဲ့ကြသည်။

ယင်းနောက် Work Vision Internatonal Myanmar ဆိပ်ဖြူမြို့နယ်ဒေသဖွံ့ဖြိုးရေး မန်နေဂျာ ဒေါ်မူယာမျိုးတင့်က ကလေးသူငယ်အခွင့်ရေးဆိုင်ရာ အကြောင်းအရာများကို ပြောကြားခဲ့ပြီး တက်ရောက်လာသည့် ကလေးကိုယ်စားလှယ်များက ကလေးသူငယ်အရေးများကို တင်ပြခဲ့သည်။ ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသည့် ဧည့်သည်များက ကလေးသူငယ်အရေးများကို အကြံပြုဆွေးနွေးခဲ့ကြသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# အခြေခံ ဝါးလက်မှုထည်ထုတ်လုပ်နည်း အထောက်အကူပြုသင်တန်းဆင်း

**လှိုင်းဘွဲ့ ဇူလိုင် ၁၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ ဝင်းစိန်ကျေးရွာအုပ်စု ဝင်းစိန်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သည့် အခြေခံဝါးလက်မှုထည်ထုတ်လုပ်နည်းအထောက်အကူပြုသင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းစိုးက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူး ဒေါ်အိကလျာနိုင်က သင်တန်းမှရရှိသည့် အကျိုးကျေးဇူးများနှင့် မိသားစုများအား တစ်ဖက်တစ်လမ်းကဝင်ငွေများ ရှာဖွေပေးနိုင်ခြင်းများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူ ၂၅ ဦးအား သင်တန်းဆင်းလက်မှတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု နေ့စဉ်ဖြစ်ပေါ်နေ



**ညောင်လေးပင် ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့အတွင်းရှိ ရန်ကုန်-မန္တလေးလမ်းနှင့် ရန်ကုန်-မန္တလေးမီးရထားလမ်း ဖြတ်သန်းရာ သံလမ်းဂိတ်တွင် နေ့စဉ် နံနက်ပိုင်းနှင့် မီးရထားဖြတ်သန်းချိန်များတွင် ယာဉ်ပိတ်ဆို့မှုဆိုးရွားစွာဖြစ်နေကြောင်း သိရသည်။

ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ရွှေကျင်မဒေါက်လမ်းဆုံရာဖြစ်သော ညောင်လေးပင်မြို့တွင် မြို့နေလူဦးရေ နှစ်သိန်းလေးသောင်းကျော်နှင့် မူလွန်ကျောင်းခြောက်ကျောင်း၊ အ. ထ. က(ခွဲ) တစ်ကျောင်း၊ အ. ထ. က နှစ်ကျောင်းရှိပြီး ကျောင်းတက်ချိန်၊ ဈေးစည်ကားချိန်ဖြစ်သော နေ့စဉ်နံနက် ၈ နာရီနှင့် ၁၀ နာရီအတွင်း ရထားဖြတ်သန်း ဂိတ်ပိတ်ချိန်တွင် ညောင်လေးပင်မြို့အတွင်း ရန်ကုန်-မန္တလေးကားလမ်းတစ်လျှောက် ယာဉ်တန်းရှည်တစ်မိုင်ခန့်ထိ ရပ်တန့်ပိတ်ဆို့သွားတတ်ပြီး အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရသည်။

ယင်းအပြင် စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်ထိခိုက်၊ မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း၊ ကျောင်းသူ၊ ကျောင်းသားနှင့် အများပြည်သူ ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ရန်ကုန်-မန္တလေးလမ်းဟောင်းတစ်လျှောက် ကုန်စည်စီးဆင်းမှုချောမွေ့စေရေး သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် မြို့သူ၊ မြို့သားများမှ လိုလားကြကြောင်း သိရသည်။

**ပိန်းဇလုပ်သိန်းညွန့်**

# မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ကျန်းမာရေး အသိပညာပေးဟောပြောပြီး တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးကုသ

**ဝါးခယ်မ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ရပ်ကွက်၊ ကျေးရွာများအရောက် ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် အခမဲ့ကွင်းဆင်းဆေးကုသမှုကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက စံပြရွာသစ်ကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဒုတိယဦးစီးမှူး ဒေါ်ဖြိုးပပ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးဒေါ်မြင့်မြင့်ကြည်နှင့် ဆေးကုသရေးအဖွဲ့မှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်တင်တင်နုတို့က တက်ရောက်လာကြသော ကျေးရွာအတွင်းမှ ပြည်သူများအား ကွမ်းစားသုံးခြင်း၊ စည်းကမ်းမဲ့ ကွမ်းတံတွေးထွေးမှု ကျဆင်းပပျောက်ရေး၊ ကွမ်းစားခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများ၊ ဥတုရာသီအလိုက် ဖြစ်ပွားတတ်သောရောဂါများ၊ ကာကွယ်စောင့်ရှောက်မှုများ၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြင့် ကျန်းမာအောင်နေထိုင်မှုများကို အသိပညာပေးဆွေးနွေး ပြောကြားကာ ပြည်သူများ၏ အထွေထွေရောဂါများ၊ မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ မူးဝေ၊ လေးဘက်နာရောဂါ၊ ဒူးနာ၊ ခါးနာ အစရှိသည့် ရောဂါဝေဒနာများကို စမ်းသပ်စစ်ဆေးပေးပြီး တိုင်းရင်းဆေးပညာဖြင့် ဆေးကုသခြင်းလုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးခဲ့ရာ ကျေးရွာမှ လူနာ ၅၀ ကျော် ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။ **လွှမ်းသီဟ(ဝါးခယ်မ)**

# ပုလဲမြို့နယ်တွင် (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲများပြုလုပ်

**ပုလဲ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ဇူလိုင် ၁၅ ရက် ညနေ ၃ နာရီ မိနစ် ၃၀ က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ် ညောင်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးချစ်ဆန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက ၁၉ ဇူလိုင်မမေ့နိုင် ခေါင်းစဉ်ဖြင့်ဟောပြောခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအတွက် ခဲဆစ်ဖောင်တိန်ရှစ်ဒါဇင်နှင့် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင် ၁၀၀ အုပ်ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ကြီးက လက်ခံရယူခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့် ဓာတ်ပုံပြဘုတ်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၃၆ ဦးက လေ့လာကြည့်ရှုခဲ့သည်။

အလားတူ ပုလဲမြို့နယ် ရွာသာ-လိန်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ဇူလိုင် ၁၄ ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်ရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၂၂၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပုလဲမြို့နယ်(ပြန်/ဆက်)**

## (၆၉)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် ရေနံချောင်းမြို့ဓာတ်ပုံပညာရှင်များနှင့်ပူးပေါင်း၍ နံရံကပ်စာစောင်၊ဓာတ်ပုံနှင့်စာအုပ်စာစောင်ပြပွဲပြုလုပ်

**ရေနံချောင်း ဇူလိုင် ၁၇**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီမှစတင်၍ (၆၉) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲကို ရေနံချောင်းမြို့ ဓာတ်ပုံပညာရှင်များအဖွဲ့နှင့် မြို့ နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါနံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲကို ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်တိုင်တိုင် ကျင်းပပြုလုပ်သွားခဲ့ပြီး အာဇာနည်နေ့အကြောင်းကို ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများ ပိုမိုသိရှိစေရန်နှင့် စာကြည့်တိုက်ကိုအသုံးပြု၍ အသိပညာဗဟုသုတ များစွာရရှိနိုင်ကြောင်းကို နောင်လာနောက်သား လူငယ်ကလေးများသိရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ ပြပွဲများပြုလုပ်ရခြင်းဖြစ်ကြောင်း မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးမွန်မွန်ထွန်းက ပြောသည်။

"သမီးတို့ ကျောင်းသူ၊ ကျောင်းသားများအတွက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မွေးရပ်ဇာတိ၊ မွေးသက္ကရာဇ်နှင့် မိဘအမည်များကို အလွယ်တကူ သိရှိနိုင်ပါတယ်။ အာဇာနည်နေ့အကြောင်း၊ အာဇာနည်နေ့ဖြစ်ပေါ်လာပုံတို့ကို သိရှိရခြင်း၊ ရေနံချောင်းမြို့ ရှုခင်းများကို တစ်နေရာထဲတွင်ကြည့်ရှုနိုင်ခြင်းနှင့် ကျောင်းဘာသာရပ်အတွက် စာစီစာကုံးများရေးသားမည်ဆိုပါက ပြည်သူ့စာကြည့်တိုက်တွင် စာအုပ်များ အခမဲ့ငှားရမ်း၍ ရှာဖွေပြုစုရေးသားနိုင်တာတွေကို လေ့လာသိရှိရပါတယ်" ဟု ပြပွဲသို့လာရောက်ကြည့်ရှုလေ့လာသူ ခုနှစ်တန်းကျောင်းသူတစ်ဦးက ပြောသည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

# ဆိပ်ဖြူမြို့နယ်တွင် အကျိုးဆောင်တောင်သူကြီးများအား စိုက်ပျိုးရေးပညာသင်တန်းဖွင့် လှစ်သင်ကြား

**ဆိပ်ဖြူ ဇူလိုင် ၁၇**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အမေရိကန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးရန်ပုံငွေ (USAID) ၏ အထောက်အပံ့ဖြင့် ရှေ့သို့စီမံကိန်းချက်စဗွီ (CESVI) မှ စီမံချက်ဝင်ကျေးရွာ ၁၆ ရွာမှ အကျိုးဆောင်တောင်သူကြီးများအား စိုက်ပျိုးရေးပညာသင်တန်းကို ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်ထိ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။



စိုက်ပျိုးရေးပညာသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ငွေငွေအေးက စပါး၊မြေပဲ၊ နှမ်း၊ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာများ၊ တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြုံတွေ့ရသော ပြဿနာများဖြေရှင်းနည်းများကိုလည်းကောင်း၊ ရှေ့သို့စီမံကိန်းချက်စဗွီ (CESVI) မှ မြို့နယ်ညှိနှိုင်းရေးမှူး ဦးမျိုးမင်းအောင်က မြေဆီလွှာ ရာသီဒဏ်ခံနိုင်သော စိုက်ပျိုးရေးနည်းလမ်းကောင်းများကိုလည်းကောင်း၊ ရှေ့သို့စီမံကိန်း ချက်စဗွီ (CESVI) ရုံးမှ စိုက်ပျိုးရေးတာဝန်ခံ ဦးအောင်ခိုင်ဦးက သီးနှံဖျက်ပိုးနှင့် ရောဂါကာကွယ်ရေး အကြောင်းအရာများကို သင်ကြားပို့ချခဲ့သည်။

ယင်းနောက် ဇူလိုင် ၁၅ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီဌာနမှ ပဲတီစိမ်း ရေဆင်း (၁၁)၊ ရေဆင်း(၁၄)၊ အိန္ဒိယမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းကို သွားရောက်လေ့လာခဲ့ကြသည်။

ယင်းသို့လာရောက်လေ့လာသော အကျိုးဆောင်တောင်သူကြီးများအား မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် စိုက်ကွင်းတာဝန်ခံ ဦးထွန်းအောင်တို့က စိုက်ပျိုးနည်းစနစ်၊ ရောဂါကာကွယ်ဆိုင်ရာများရှင်းလင်းပြောကြားခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# စိတ်ဖိစီးမှုများ တစ်နည်းတစ်ဖုံလျှော့ချနိုင်ကြစေရန်အတွက် စနစ်ကျသော အသက်ရှူခြင်းအတတ်ပညာ သင်တန်းပို့ချ



**ရန်ကုန် ဇူလိုင် ၁၇**
လူမှုဘဝအတွင်းနေ့ စဉ်ကြုံတွေ့နေရသည့် စိတ်ဖိစီးမှုများအား တစ်နည်းတစ်ဖုံလျှော့ချနိုင်ကြစေရန်အတွက် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၂ နိုင်ငံတွင် သင်ကြားပြသပေးနေသည့် Sudarshan Kriya (စနစ်ကျသောအသက်ရှူခြင်းအတတ်ပညာ) သင်တန်းအား THE ART OF LIVING MYANMAR (ဘဝရှင်သန်ခြင်းအနုပညာ) အဖွဲ့ အစည်းမှ ဆူးလေရှန်ဂရီလာဟိုတယ်ရှိ Bago Hall ၌ ဇူလိုင် ၁၅ ရက် ည ၆ နာရီမှ ၉ နာရီထိပို့ချခဲ့ရာ သင်တန်းသား၊ သင်တန်းသူ ၁၀၀ နီးပါး တက်ရောက်ခဲ့ကြသည်။

အဆိုပါ HAPPINESS PROGRAM ဖြစ်သည့် စနစ်ကျသော အသက်ရှူခြင်းအတတ်ပညာအပါအဝင် ယောဂ (Yoga)၊ ပရားဏာရာမ်း (Pranayama) နှင့် တရားရှုမှတ်ခြင်း (Meditation) တို့ကို အိန္ဒိယနိုင်ငံမှ ဝါရင့်ဆရာဖြစ်သော THE ART OF LIVING MYANMAR (ဘဝရှင်သန်ခြင်းအနုပညာ) ၏ Internationally Faculty မှ ဆရာ Samir Jolly က ပို့ချပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူများအတွက် စိတ်ပိုမိုကြည်လင်မှုကိုရရှိစေခြင်း၊ အကောင်းအဆိုးဖြစ်ပျက်မှုများအပေါ် တည်ငြိမ်အေးချမ်းစွာ တုံ့ပြန်နေထိုင်နိုင်ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုနှင့် စိတ်အားထက်သန်မှု တိုးလာခြင်း၊ မိမိ၏ကိုယ်ပိုင်စွမ်းအားကို ဖော်ထုတ်နိုင်ခြင်းနှင့် ဘဝ၏တန်ဖိုးကို သိရှိလာနိုင်စေခြင်း အကျိုးရလဒ်များရရှိလာနိုင်စရာအကြောင်းရှိကြောင်းတို့ကို ထိုသင်တန်းမှသိရကြောင်း သင်တန်းတက်ရောက်သူများက ပြောသည်။

THE ART OF LIVING MYANMAR မှ Volunteer မရှိလာက "အဓိကတော့ ဒီသင်တန်းမှာ သင်တန်းသားများအတွက်အသက်ရှူလေ့ကျင့်ခန်းကို ပို့ချပေးတာပါ။ ဒီလိုလေ့ကျင့်ခြင်းအားဖြင့် စိတ်ကို တည်ငြိမ်လာစေပါတယ်။ ကိုယ့်ရဲ့ စိတ်၊ ခန္ဓာကိုယ်နဲ့ အသက်ရှူမှုကို တစ်ထပ်တည်းဖြစ်စေပါတယ်။ ပြီးတော့ တစ်ခုခုလုပ်မယ်ဆိုရင် ဆုံးဖြတ်ချက်တစ်ခုကိုလည်း သေချာချနိုင်သွားပြီး အလုပ်တွေကိုလည်း အာရုံစိုက်လုပ်နိုင်လာကြပါလိမ့်မယ်၊ ဒီ့အပြင် ကျန်းမာရေးအရလည်း ဆီးချိုနဲ့ သွေးတိုးအပါအဝင် အခြားရောဂါများကို သက်သာစေနိုင်ပါသေးတယ်။ ကျွန်မတို့ ဘဝရှင်သန်ခြင်းအနုပညာကနေ သင်တန်းသားများ အိမ်မှာကိုယ်တိုင်လေ့ကျင့်လို့ရအောင်လည်း ပို့ချပေးနေပါတယ်" ဟု ရှင်းပြသည်။

အဆိုပါသင်တန်းအား ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တွင်လည်း နံနက် ၇ နာရီမှ ၁၀ နာရီထိ ပို့ချသွားမည်ဖြစ်ကြောင်း၊ THE ART OF LIVING MYANMAR (ဘဝရှင်သန်ခြင်းအနုပညာ) အဖွဲ့ အစည်း၏ ရုံးချုပ်မှာ အိန္ဒိယနိုင်ငံရှိ ဘန်ဂလိုမြို့တွင်တည်ရှိကြောင်း၊ ရန်ကုန်မြို့ရှိHAPPINESS PROGRAM ဖြစ်သည့် စနစ်ကျသောအသက်ရှူခြင်းအတတ်ပညာသင်တန်းမှာ ၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့ကြောင်း၊ အပတ်စဉ်ပုံမှန် အင်္ဂါနေ့မှ တနင်္ဂနွေနေ့ထိကို သင်တန်းအပတ်စဉ်တစ်ခုအနေဖြင့် သတ်မှတ်ထားကြောင်း လေ့ကျင့် သင်ကြားကြလိုပါက ဖုန်းနံပါတ် ၀၉၂၅၀၃၁၇၃၂၃ နှင့် ၀၉၉၇၂၅၃၈၈၆၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

## လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက် အသိပေးဆွေးနွေး

**တောင်ကြီး ဇူလိုင် ၁၇**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက်အကြောင်း အသိပေးဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က အဖွင့်စကားပြောကြားရာတွင် မသန်စွမ်းသူများသည် နိုင်ငံအတွက်၊ မိသားစုအတွက် အခက်အခဲများဖြစ်သည့် စိတ်အားငယ်မှုခံစားနေရခြင်းမှ ကင်းဝေးစေရန် ဤစီမံချက်က ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဤစီမံချက်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံအုပ်ကြီးမှ စီမံချက်မန်နေဂျာအဖြစ်ဆောင်ရွက်ပြီး တောင်ကြီးမြို့နယ် စဝ်စံထွန်းဆေးရုံ အကြော၊ အဆစ် ပြန်လည်သန်စွမ်းရေးဌာနမှူး လုပ်ငန်းအရာရှိ (အကြောကျွမ်းကျင်)တို့ ပူးပေါင်း၍ လုပ်ဆောင်ကြမည်ဖြစ်ရာ ဤဒေသမှ မသန်စွမ်းသူများအတွက် အလွန်ကောင်းမွန်သော စီမံချက်ဖြစ်ကြောင်း၊ စီမံချက်အောင်မြင်၍ မသန်စွမ်းသူများသည် မသန်သော်လည်း စွမ်းဆောင်ရည်ရှိစေသူများဖြစ်ကြောင်း၊ မိမိကိုယ်မိမိ အမှီအခိုကင်းပြီး ရပ်တည်နိုင်သောသူများဖြစ်ရန် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပြည်သူလူထုအားလုံးမှာလည်း ပူးပေါင်းပါဝင် ကူညီကြရန်လိုကြောင်းလည်း ဒေါက်တာအောင်သန်းမောင်က ယင်းနေ့၌ ထည့်သွင်းပြောကြားပေးခဲ့သည်။

အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာနွယ်နွယ်သိန်းက စီမံချက်အကြောင်း ရှင်းလင်းတင်ပြခဲ့သည်။ လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေး စီမံချက်လုပ်ငန်းအရာရှိ ဒေါ်အေးအေးမာက စီမံချက်မှ လုပ်ငန်းဆောင်ရွက်မည့်ရည်ရွယ်ချက်အကြောင်း တင်ပြခဲ့သည်။

လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက်အကြောင်း အသိပေးဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံမှဆေးရုံအုပ်ကြီး ဒေါက်တာနွယ်နွယ်သိန်း၊ လူထုအခြေပြု မသန်စွမ်းမှုကာကွယ်ရေးစီမံချက်လုပ်ငန်းအရာရှိ ဒေါ်အေးအေးမာ၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ် ၂၁ မြို့နယ်မှ ဆရာဝန်များ၊ စဝ်စံထွန်းဆေးရုံမှ ဆရာဝန်များ၊ ကလေးဆေးရုံမှ ဆရာဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မိုးအဆက်မပြတ်ရွာသွန်း၍ဆွာမြို့နှင့်ဝန်းကျင်ဒေသများ ရေဝင်နစ်မြုပ် တံတားတစ်စင်းကျိုးပျက်ကာ အထက်တန်းကျောင်းပိတ်ခဲ့ရ

**ရေတာရှည် ဇူလိုင် ၁၇**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းကစတင်၍ ညပိုင်းအထိ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဆွာမြို့ရှိ လူနေရပ်ကွက်များ ရေဝင်နစ်မြုပ်ခြင်းနှင့် ရန်ကုန်-မန္တလေးကားလမ်းများ ရေကျော်ခြင်းအပြင် ရွာသာယာကျေးရွာနှင့် ငါးကြီးကွေ့ရွာသွားလမ်းရှိ ကွန်ကရစ်အုတ်ခုံတံတားတစ်စင်း ရေစီးကြောင့် ကျိုးပျက်ကာ ထောက်ကြန့်ကျေးရွာ၊ ရေနီးကျေးရွာအကြား လမ်း၌ ရေအမြင့် ၃ ပေခန့်အထိ ဖြတ်ကျော်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၄ ရက် ည ၁၁ နာရီ ၄၅ မိနစ်ခန့်က ဆွာမြို့တောင်ဘက် နှစ်မိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်းမိုင်တိုင်အမှတ် ၂၀၀/၀ နှင့် ၂၀၀/၁ အကြားတွင် ရေအမြင့် ၄ လက်မခန့်၊ ဆွာမြို့အထက်တန်းကျောင်းရှေ့ ရန်ကုန်-မန္တလေးကားလမ်းတွင် ရေအမြင့် ၄ လက်မခန့် ဖြတ်ကျော်ခဲ့ပြီး အထက်တန်းကျောင်းဝင်းအတွင်း ရေ ၃ ပေခန့်အထိ ဝင်ရောက်ခဲ့သည်။

ထို့အတူ ဆွာမြို့တောင်ပိုင်းရပ်ကွက်ရှိ အမှတ်(၂)ရပ်ကွက်၊ ကွက်သစ်ပိုင်း၊ ဆွာမြို့ အမှတ်(၃) ရပ်ကွက်၊ ဆွာမြို့မြောက်ပိုင်း၊ အမှတ်(၅)၊ အမှတ်(၆)ရပ်ကွက်များတွင် ရေအမြင့် ၃ ပေခန့်အထိ ဝင်ရောက်ခဲ့သည်။

ဆွာမြို့မှ အရှေ့မြောက်ဘက် ရွာသာယာကျေးရွာနှင့် ငါးကြီးကွေ့ကျေးရွာသွားလမ်းပေါ်ရှိ အုတ်ခုံကွန်ကရစ်တံတားမှာ ရေစီးအားကြောင့် ညပိုင်း ၁၂ နာရီခန့်၌ ကျိုးပြတ်သွားခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး စည်ပင်ဝန်ထမ်းများနှင့် တွေ့ဆုံကာ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပေါက် ဇူလိုင် ၁၇**
မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးဇော်မင်း၊ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးသန်းနှင့်အဖွဲ့သည် ပေါက်မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို မြို့နယ်စည်ပင်ခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီးက မြို့နယ် စည်ပင်ဝန်ထမ်းများနှင့် မိတ်ဆက်အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးညွှန်ကြားရေးမှူးက မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ မြို့တွင်းရေစီးရေလာကောင်းမွန်ရေး၊ လမ်း၊ တံတားများ ကောင်းမွန်ရေး၊ အခွန်အခများ အပြည့်အဝကောက်ခံရရှိရေးနှင့် ယင်းသို့ ကောက်ခံရာတွင် ပြည်သူလူထုသိရှိလိုသည်များကို ပြန်လည်ရှင်းပြနိုင်ရမည်ဖြစ်ပြီး ကိုယ်ကျိုးအတွက်မလုပ်ဘဲ ပြည်သူ့အကျိုးအတွက်ဖြစ်အောင် အားလုံးဝိုင်းဝန်းလုပ်ဆောင်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ပေါက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်က အစိုးရသစ်ပထမ ရက် ၁၀၀ စီမံချက်ကာလအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လမ်း၊ တံတား၊ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို (Power Point)ဖြင့် ရှင်းလင်းတင်ပြရာတွင် ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးတို့က လိုအပ်သည်များကို ဖြည့်စွက်အကြံပြု လမ်းညွှန်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရက် ၁၀၀ ကာလအတွင်း ဆောင်ရွက်ထားရှိသော အောင်တံခွန်ရပ်ကွက်ပန်းခြံလမ်း ကျောက်ချောခင်းခြင်း၊ ဆင်ဇာချောင်းတံတားချဉ်းကပ်လမ်း မြေထိန်းနံရံပြုလုပ်ခြင်း၊ တံတားအောက်ဘက် ရေထိန်းနံရံပြုလုပ်ခြင်းနှင့် အောင်တော်မူရပ်ကွက် ဒေါ်ထပ်ကြီးလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့က လိုက်လံရှင်းလင်း တင်ပြခဲ့ကြောင်း သိရသည်။**ပေါက်မြို့နယ်(ပြန်/ဆက်)**

# ချင်းတွင်းမြစ်ရေနစ်မြုပ်သွားခဲ့သည့် ဗိုလ်ချုပ်လမ်းမကြီး အမြန်ဆုံး အသုံးပြုသွားလာနိုင်ရန် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**မော်လိုက် ဇူလိုင် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်တွင် ဇူလိုင် ၁၃ ရက်မှစ၍ ချင်းတွင်းမြစ်ရေသည် ကျဆင်းနေပြီဖြစ်ရာ ရေနစ်မြုပ်သွားခဲ့ရသည့် ဗိုလ်ချုပ်လမ်းမကြီးအား ဒေသခံများ အမြန်ဆုံး ပြန်လည်အသုံးပြုသွားလာနိုင်ရေးအတွက် လမ်းမကြီးပေါ်တွင် တင်ကျန်နေခဲ့သည့် ရွှံ့ညွန်များ၊ အမှိုက်များရှင်းလင်းခြင်းကို ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီတွင် မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ကျန်နစ်မြုပ်နေသေးသည့် ပညာလမ်းမကြီးနှင့် မြစ်ကမ်းဘေးတစ်လျှောက်ကိုလည်း ချင်းတွင်းမြစ်ရေကျဆင်းပြီးသွားချိန်တွင် သန့်ရှင်းရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။ **မော်လိုက်သားလေး**

# မြို့နယ်စည်ပင်သာယာမှ သီရိမြိုင်ကမ်းခြေတစ်လျှောက် ပင်လယ်ကဗွီးပင်များစိုက်ပျိုး



**ကော့သောင်း ဇူလိုင် ၁၇**
ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက်ကမ်းခြေတစ်လျှောက် ကော့သောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဇူလိုင် ၁၅ ရက် ညနေပိုင်းက ပင်လယ်လေကာပင်အဖြစ် ပင်လယ်ကဗွီးပင်များ စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

အဆိုပါရပ်ကွက်သည် ပင်လယ်ပြင်အားမျက်နှာမူရာ အနေအထားဖြစ်သဖြင့် မိုးတွင်းအချိန်ရာသီဥတုဆိုးရွား၍ လေပြင်းတိုက်ခတ်ပါက ပင်လယ်သို့ မျက်နှာမူတည်ဆောက်ထားသည့် ရပ်ကွက်ပြည်သူတို့၏ အိုးအိမ်များ အမိုးလန်ကာပျက်စီးမှုများဖြစ်ပေါ်လေ့ရှိသဖြင့် ကမ်းခြေတစ်လျှောက် ပင်လယ်လေကာပင်များအဖြစ် ပင်လယ်ကဗွီးပင်များအား ကမ်းခြေပိုမိုစိမ်းလန်းစိုပြည်သာယာလှပစေရေးနှင့် ရပ်ကွက်ပြည်သူ အိုးအိမ်များ ပျက်စီးဆုံးရှုံးမှု လျော့နည်းရေး ရည်ရွယ်ချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် စုပေါင်းစိုက်ပျိုးကြခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ပြန်/ဆက်)**

# မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်

**ညောင်လေးပင် ဇူလိုင် ၁၇**
မြို့တော်သန့်ရှင်းသာယာလှပရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့်မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါဘေးမှ ကင်းဝေးစေရန်အတွက် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မြို့မ ၁ ရပ်ကွက် ကန်တော်ဦးမင်းလမ်း လမ်းဘေးဝဲ၊ ယာတစ်လျှောက်၌ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းနေထိုင်ကြသောဒေသခံပြည်သူများစုပေါင်း၍ ကန်တော်ဦးမင်းလမ်း လမ်းဘေးဝဲယာရှိ ရေမြောင်းများအား ပြန်လည်တူးဖော်ခြင်း၊ အမှိုက်များနှင့် အညစ်ကြေးများရှင်းလင်းဖယ်ရှားခြင်း၊ ချုံနွယ်မြက်သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းခြင်းများကို ဆောင်ရွက်ခဲ့ကြပြီး ရပ်ကွက်နေပြည်သူများ မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေးတို့ကို စီစဉ်ဆောင်ရွက်ပေးကာအသိပညာပေးခြင်းများကိုပါဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# ပြည်သူ့ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းများကို ဆောင်ရွက်

**ခင်ဦး ဇူလိုင် ၁၇**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေး မှူးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ရဲတပ်ဖွဲ့မှ ဇူလိုင် ၁၅ ရက်က ပြည်သူများ ယာဉ်ထိခိုက် အန္တရာယ်လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မောင်းနှင့် ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ခင်ဦးမြို့နယ်ရဲတပ်ဖွဲ့အနေဖြင့် ရက် ၁၀၀ စီမံချက်ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ကျောင်းတက်၊ ကျောင်းဆင်းချိန်တွင် လမ်းရှင်းဆောင်ရွက်ပေးခြင်း၊ လူစည်ကားသော မီးရထားဘူတာ၊ ဈေး၊ လမ်းဆုံ၊ လမ်းခွများတွင် တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးအတွက် နေ့၊ ည လှည့်ကင်းများ၊ရပ်ကင်းများချကာ ဆောင်ရွက်ပေးနေကြောင်း ရဲမှူးမျိုးသန့်က ပြောသည်။ **ခင်ဦးစိုးဝေ**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကျင်းပ

**ဘုတ်ပြင်း ဇူလိုင် ၁၇**
မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့မှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲတစ်ရပ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းက အ. ထ. က ဘုတ်ပြင်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိန်းလှိုင်က ကျောင်းသားလူငယ်များ လူကုန်ကူးမှုနှင့်ပတ်သက်သည့် ဗဟုသုတများ၊ ကာကွယ်နိုင်မည့်နည်းလမ်းများ၊ ပူးပေါင်းတိုက်ဖျက်ရေးနည်းလမ်းများအား ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှ ယာယီရဲမှူး ခင်မောင်ဖြူက လူကုန်ကူးခြင်း၊ လူမှောင်ခိုခြင်း၊ လူကုန်ကူးမှုဖြစ်စဉ်များအား ကြိုတင်ကာကွယ်နိုင်မည့်နည်းလမ်း အသိပညာများ၊ မြို့နယ်ဥပဒေအရာရှိ ဦးချမ်းငြိမ်းလွင်က လူကုန်ကူးခြင်းနှင့်ပတ်သက်သည့် ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ဘုတ်ပြင်းမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသီးသီး အသိပညာပေး ဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဝေငှကြသည်။

အဆိုပါ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့သည်။ **ဘုတ်ပြင်း(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်

**ဒီးမော့ဆို ဇူလိုင် ၁၇**
ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအဖွဲ့မှ ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့ အဝင်/အထွက် ငုပလော့စစ်ဆေးရေးဂိတ်၌ ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်ရာတွင် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းကြီးကြပ်ရေးကော်မတီအဖွဲ့မှ ဒီးမော့ဆိုမြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမိုးနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဦးရန်မျိုးကျော်နှင့် မီးသတ်ဦးစီးဌာနမှ ဒုတပ်ကြပ်မောင်မောင်နှင့် တာဝန်ရှိသူများက သဲတင်ယာဉ် ၂၅ စီး၊ ခရီးသည်တင်ယာဉ် ၉ စီး၊ အိမ်စီးယာဉ်ငယ် ၃၂ စီးနှင့် မော်တော်ဆိုင်ကယ် ၄၈ စီးတို့ကို စစ်ဆေးဆောင်ရွက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး ပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
Facebook ကို MPT ဖြင့် အခမဲ့
အသုံးပြုလိုက်ပါ
အချိန်တိုင်း အချင်းချင်း
အဆက်အသွယ်မပြတ် ရှိနေနိုင်မယ့်
ဝန်ဆောင်မှုအသစ်
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

GUSTO International College
School of Computing & ICT

UK မှ တိုက်ရိုက် ချီးမြှင့်မည့် Computer ဒီပလိုမာ၊ ဒီဂရီ ဘွဲ့သင်တန်းများ



လူဦးရေ ကန့်သတ်ထားသောကြောင့်
JULY Intake
မိုလိုပါက အမြန်ဆုံး စုံစမ်းအပ်နှံရန် လိုအပ်ပါသည်။

- HND Diploma in Computing (UK)
- BSc (Hons) Computing (UK)

- GUSTO ၌ ၂နှစ် တက်ရောက်ပြီးပါက UK ၏ အကြီးမားဆုံး ပညာရေးအဖွဲ့အစည်း ဖြစ်သည့် Pearson/ Edexcel မှ ချီးမြှင့်မည့် HND Diploma ကို ရရှိမည်ဖြစ်သည်။
- နောက်ဆုံးနှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, US, Australia, Singapore စသည့် နိုင်ငံများရှိ တက္ကသိုလ်များ၌ဖြစ်စေ တက်ရောက်ပြီး BSc (Hons) Computing ကို ရယူနိုင်သည်။
- တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတိုင်း လျှောက်ထားနိုင်ပြီ (အမှတ်ကန့်သတ်ချက်မရှိပါ)။
- ထူးချွန်ကျောင်းသား အမြောက်အမြားကို မွေးထုတ်ပေးနိုင်ခဲ့သောကြောင့် မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းသား ကျောင်းသူ အများအပြား GUSTO ၌ တက်ရောက်သင်ကြားလျက်ရှိပါသည်။

အမှတ် (၂၈၉ - အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Call Now! (09) 862 8806, (09) 789 888 222, (01) 504632

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ/ ငွေဆောင်
Ph: 01 707062, 09 799100100
01 703790, 09 797100100

ချောင်းသာ -77000 ks
ဗီယက်နမ် - 490 $
ဝန်ကောက်-ကဗျွာဒီးယား 580 $
ဘန်ကောက်-ပတ္တရား-320$
09-43178718 /254257922

ODYSSEY
09 73070193, 09 73187799

GLOBAL PHOENIX
REAL ESTATE
ပြင်ဆင်ပြီး ကွန်ဒိုအခန်း၊ လုံးချင်းအိမ်များကို ငှားရမ်းလိုသော နိုင်ငံခြားသားစည့်သည်များ ရှိနေပါသည်။ Global Phoenix သို့ ပိုင်ရှင်များ အမြန်ဆက်သွယ်ပေးပါ။
09 - 260 2600 29 / 59
No. 153, 1st Fl, Anawrahta Road, Corner of 47th St, Botahtaung Tsp.
globalphoenix.realestate@gmail.com

KSS နတ်သုဒ္ဓါဒ်ပေါက်
နတ်သုဒ္ဓါဒ်ပေါက်တစ်ပွဲ လိုက်ပွဲပါဝင်ပြီး + ချဉ်ပေါင်ဟင်းချို ဘာလချောင်ကြော် သဘွားသီးချဉ် + သစ်သီးစုံရေခဲမုန့် = 2700 Ks
ISO 9001:2008 & HACCP Certified Company
CALL US
09 421 060311
09 518 2919
တိုက် (၃)၊ အမှတ် (၁၀၁)၊ စက်ရုံလမ်း၊ ဘာသာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း - ၀၁ - ၂၀၃၃၂၀၊ ၂၀၃၂၈၉၊ ၂၅၃၂၈၉၊ ၅၀၀၀၇
ပွဲ(၁၀၀)နှင့်အထက် မှာယူသူတိုင်း အသဲအမြစ်ဟင်း လက်ဆောင်ပေးနေပါသည်။

Home
Since 1996
ဝါဆိုပွဲတော် ကာလအထူး
၁ ကျင်းဝယ် → ၁ ကျင်း လက်ဆောင်
Buy Floor Get Wall



READY MADE FLOOR
ပါကေးအစားထိုး ကြမ်းခင်း
ဝယ်ယူသည့် ကျင်းအလိုက် လက်ဆောင် ပစ္စည်းများကို စီစဉ်ထားပါသည်



** Selected items only
** Terms & conditions applied
Branch Showroom > No.11, မင်းကြီးလမ်း၊ အင်းစိန်ဈေးရုံဘေး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့
09 79 700 7074
09 79 700 7084

အသားအရေထိန်းသိမ်းမှုကို ဂရုစိုက်ပါ
မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း



အရေပြားရောဂါအမျိုးမျိုး၊ အလှအပပြဿနာများ၊ ဝက်ခြံ၊ ဆားဝက်ခြံ၊ အသီးပြန့်ခြင်း၊ ဝက်ခြံအမာရွတ်၊ အညိုအမည်းကျခြင်း၊ နေလောင်ကွက်၊ အရေးအကြောင်းထခြင်း၊ အသားဖြူဆေး ...
အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသပေးပါသည်။
အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း (အထက်)၊ (အမေရိကန်ဒွိဂျင်းမျက်မှန်ဆိုင်နှင့် မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း-၁၀၂၄၄၁၊ ၂၅၆၀၄၅
နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

ရေတားဆေး (Waterproofing)
Guard P2 Guard K11

- လျှော့ဒက်စ်နိုင်ခြင်း။
- ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လျှင် အာမခံ (Warranty) ပါရှိခြင်း။
- ဈေးနှုန်းအထူးသက်သာခြင်း။
- အိမ်သုတ်ဆေးများကဲ့သို့ပင် လွယ်ကူစွာ သုတ်လိမ်းနိုင်ခြင်း။
- မြို့နယ်အလိုက် အိမ်သုတ်ဆေးအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ခြင်း။

- ကိုယ်စားလှယ်မှာယူလိုသူများ။
- ဝန်ဆောင်မှုနှင့်တကွဆောင်ရွက်လိုသူများ။
- ဆောက်လုပ်ရေးလုပ်ငန်းများ (Construction) များ ဆက်သွယ်စုံစမ်းနိုင်ပါသည်။




Myanmar Int'l FAC SYSTEM Co.,Ltd. ကန်တော်ကြီးတာဝါ၊ အခန်း (၁၁-၀၄)၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၉၆၉၉၂၆၀၊ ၀၉-၂၆၃၁၂၈၂၄၀၊ ၀၉-၂၆၃၁၂၈၂၄၃၊ Email; inquiry@fac-system.com, Web; waterproofing.fac.system.com

ရွှေမန္တလေး
အိမ်ခြံမြေ/ အိမ်ရှေ့ဝန်ဆောင်မှုလုပ်ငန်း
ကားနှင့် လုပ်သားအပ်
Ph: 09-770639155
09-770639166

ဒဂုံမြို့သစ်
အရှေ့ပိုင်း
အိတ်တမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

(မြို့လယ်ကျောင်း) အမှတ်(၁၃၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

**BASIC ENGLISH SPEAKING**
3:30 - 5 (Mon ~ Thurs) 26 Jul
1 - 2:30 (Mon ~ Thurs) 1 Aug
10-11:30 (Mon ~ Thurs) 8 Aug
3:30 - 5 (Mon ~ Thurs) 16 Aug
9 - 12:00 (Sat + Sun) 20 Aug

**BASIC FOUR SKILLS ENGLISH**
7:30 - 9 (Mon ~ Thurs) 25 Jul
6 - 7:30 (Mon ~ Thurs) 25 Jul
1 - 2:30 (Mon ~ Thurs) 26 Jul
1 - 4:00 (Sat + Sun) 30 Jul
10-11:30 (Mon ~ Thurs) 1 Aug
3:30 - 5 (Mon~Thurs) 8,30 Aug

**BASIC WRITING**
1 - 4:00 (Sat + Sun) 28 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
1 - 2:30 (Mon ~ Thurs) 1 Aug
3:30 - 5 (Mon ~ Thurs) 8 Aug
10-11:30 (Mon ~ Thurs) 15 Aug
7:30 - 9 (Mon ~ Thurs) 29 Aug

**INTERMEDIATE (ACADEMIC ENGLISH)**
10-11:30 (Mon ~ Thurs) 18 Jul
1 - 2:30 (Mon ~ Thurs) 1 Aug
7:30 - 9 (Mon ~ Thurs) 8 Aug
1 - 4:00 (Sat + Sun) 13 Aug

**VOCAB ENRICHMENT**
12 - 3:00 (Sat + Sun) 30 Jul
9 - 12:00 (Sat + Sun) 20 Aug
1 - 2:30 (Mon ~ Thurs) 30 Aug

**BASIC GRAMMAR**
10-11:30 (Mon ~ Thurs) 9 Aug
3:30 - 5 (Mon ~ Thurs) 23 Aug

**BASIC ENGLISH SPEAKING**
3:30 - 5 (Mon ~ Thurs) 26 Jul
10-11:30 (Mon ~ Thurs) 1 Aug
7:30-10:30 (Sat + Sun) 6 Aug
7:30 - 9 (Mon ~ Thurs) 16 Aug

**BASIC FOUR SKILLS ENGLISH**
9 - 12:00 (Sat + Sun) 30 Jul
3:30 - 5 (Mon ~ Thurs) 1 Aug
10-11:30 (Mon ~ Thurs) 9 Aug
2 - 5:00 (Sat + Sun) 13 Aug

**IELTS (Preparation)**
7:30-9:30 (Mon~Thurs) 11 Jul
1 - 3:30 (Mon~Thurs) 1 Aug

**IELTS (Speaking + Vocab)**
7:30 - 9 (Mon~Thurs) 18 Jul

**IELTS (Reading + Vocab)**
1 - 3:00 (Mon~Thurs) 18 Jul

**BASIC GRAMMAR**
7:30 - 9 (Mon ~ Thurs) 1 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
9 - 12:00 (Sat + Sun) 20 Aug

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon ~ Thurs) 25 Jul
4:30-7:30 (Sat + Sun) 27 Aug

**IELTS (Preparation)**
4:30-7:30 (Sat + Sun) 24 Sep

**IELTS (Writing + Grammar)**
12:30-3:30 (Sat + Sun) 24 Sep

**IELTS (Grammar + Vocab)**
10-11:30 (Mon~Thurs) 22 Aug

**IELTS (Writing+Grammar)**
7:30 - 9 (Mon~Thurs) 26 Sep


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့နေ ဒေါက်တာ ဦးဝင်းဆွေဦး+သုခမ္မသီရိ ဒေါ်ခင်စန်းလွင် (ချစ်ဆွေ ပရိဘောဂနှင့် ချစ်ဆွေ ဧည့်ရိပ်မွန်) တို့၏ သားကြီး

**ဗိုလ်ကြီးကျော်နိုင်ထွန်း**
**M.B;B.S(DSMA) M.Med. Sc (Health Care Management)**

နှင့်

ရန်ကုန်မြို့နေ ဦးခိုင်အောင်(အငြိမ်းစားအတွင်းဝန်၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန)+ဒေါ်အေးသန်း တို့၏ သမီးလတ်

**မသက်စုမွန်**
**B.C.Sc (Hons:) , ACCA (Part-III)**

တို့သည် ၁၇-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် "မြရိပ်ညို ရှိုင်ရယ် ဟိုတယ်"၌ နှစ်ဖက်သော မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးကျော်နိုင်ထွန်း-မသက်စုမွန်**

**မွေးသက္ကရာဇ် အမှန်**

ခရမ်းမြို့နယ်၊ ပန်းတောချောင်ကျေးရွာနေ အဖ ဦးဝိုင်း၏ သား မောင်ရန်လင်းဗိုလ်[၁၂/ခရန(နိုင်)၁၁၆၁၂၉]၏ မွေးသက္ကရာဇ် အမှန်မှာ ၂၉-၅-၁၉၉၆ ဖြစ်ပါကြောင်း။

**မောင်ရန်လင်းဗိုလ်**

**ဖခင် အမည်မှန်**

အထက၊ သုဝဏ္ဏ၊ ဒသမတန်း(H)မှ မောင်ပြည့်ဖြိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း[၁၂/မဘန(နိုင်)၁၃၈၇၇၇] ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဝင်း**

**အမည် ပြောင်း**

ဦးဇော်ဝင်း[၁၂/ကမရ(နိုင်)၀၄၉၄၇၁]၏သား ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း GRADE -9(C)မှ မောင်ကောင်းခန့်ဇော်အား မောင်မြတ်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မြတ်ကောင်းခန့်**
















# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းသွားရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၁၇-၆-၂၀၁၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၉-၇-၂၀၁၆ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့ လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက် မတိုင်မီပြန်လည် တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁/၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းများအား Digital သတင်းစာများအဖြစ် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယနေ့ခေတ်ကာလတွင် လူအများ အလွယ်တကူသုံးစွဲလျက်ရှိသည့် အဆင့်မြင့် Mobile Phone၊ Tablet၊ iPad အစရှိသည့် IT Devices ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် Digital Newspaper များအဖြစ်သို့ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ နေ့စဉ်ထုတ်သတင်းများကို Digital သတင်းစာအဖြစ် ထုတ်လွှင့်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်မည့်ကုမ္ပဏီများကို စိတ်ပါဝင်စားမှု အဆိုပြုလွှာများ ပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၁၅-၈-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ၁၆း၃၀နာရီ အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၁၅-၇-၂၀၁၆ ရက်မှ ၁၅-၈-၂၀၁၆ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက် ထုတ်ယူနိုင်ပါသည်-

| **အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ** | **အဆိုပြုလွှာတင်သွင်းရန်လိပ်စာ** |
|---|---|
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈** | **ရုံးအမှတ်(၇)၊ နေပြည်တော်** |
| | **ဖုန်း-၀၆၇-၄၁၂၃၂၀** |




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး (စိုက်ပျိုးရေး ဦးစီးဌာန)တွင် အောက်ဖော်ပြပါအတိုင်း အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါများကို တင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| (၁) တိုင်းဒေသကြီး-မျိုးစေ့ | ပေ(၅၀×၃၀×၁၁) | ခေတ်ခွဲခန်းဆောက်လုပ်ခြင်း |
| (၂) တိုင်းဒေသကြီး- သီးနှံ | ပေ(၅၀×၄၈×၁၁) | ခေတ်ခွဲခန်းဆောက်လုပ်ခြင်း |
| ကာကွယ်ရေးနှင့်မြေအသုံးချ | | |
| (၃) ငပုတောမြို့နယ် | ပေ(၆၀×၃၀×၁၂) | ၂ခန်းတွဲဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း |
| (၄) တိုင်းဒေသကြီးဦးစီးမှူးရုံး | ပေ(၈၀×၃၅×၁၀) | ၄ခန်းတွဲဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း |
| (၅) ပုသိမ်ခရိုင်ဦးစီးမှူးရုံး | ပေ (၈၀×၃၅×၁၀) | ၄ခန်းတွဲဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း |
| (၆) ဖျာပုံခရိုင် | ပေ(၃၆×၃၀×၂၅) | ၃ခန်းတွဲဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း |
| (၇) လပွတ္တာခရိုင် | ပေ(၃၀×၄၀) | ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း |
| (၈) မော်ကျွန်းမြို့နယ် | ပေ (၁၅၀×၁၅၀) | မြို့နယ်ရုံးဝင်းခြံစည်းရိုးကာရံခြင်း |
| (၉) သာပေါင်းမြို့နယ် | ပေ(၃၀×၂၀×၁၄) | မြို့နယ်ရုံးပြုပြင်ခြင်း |
| (၁၀) အောက်ကွင်းကြီးခြံ-ဖျာပုံ | ပေ(၇၀×၆၀×၂၁) | ခြံအဝင်တံတားပြုပြင်ခြင်း |
| (၁၁) ရွှေလောင်းခြံ(၁)ဝါးခယ်မ | ပေ(၁၂၀×၁၁×၂၀) | ခြံအဝင်တံတားပြုပြင်ခြင်း |

| | |
|---|---|
| တင်ဒါပုံစံရရှိနိုင်သောနေရာ- | စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး |
| တင်ဒါပုံစံများတင်သွင်းရမည့်နေရာ | -စိုက်ပျိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး |
| တင်ဒါစတင်ရောင်းချမည့်ရက် | -၁၆-၇-၂၀၁၆ရက်နေ့ နံနက် ၉း၀၀နာရီ |
| တင်ဒါပိတ်မည့်ရက် | -၁၆-၈-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ |
| တင်ဒါဖွင့်မည့်ရက် | -၂၀-၈-၂၀၁၆ရက်၊ နံနက် ၁၀း၀၀နာရီ |

တင်ဒါပုံစံနှင့်ပတ်သက်သော လိုအပ်သည့် စည်းကမ်းချက်များ၊ အသေးစိတ်အချက် အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဧရာဝတီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးတွင် ၁၆-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင် ပါသည်။

**စိုက်ပျိုးရေးဦးစီးဌာန**
**ဧရာဝတီတိုင်းဒေသကြီး**
**ပုသိမ်မြို့**

Mandalay
U-PVC Co.,Ltd.
U-PVC တံခါး/ပြတင်းပေါက် ကျည်းခွေ၊ ကျည်းဘောင် နှင့် စပ်ဆက်ပစ္စည်း ထုတ်လုပ်ဖြန့်ချိရေး
လမ်း60၊ (B)လမ်း၊ဗိုးချုပ်အောင်ဆန်းကာလရောင်မှန်သားမြို့နယ်၊ စက်မှုဇုန်(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ (ချ)ရပ်ကွက်(H-188)
09-960932288, 09-960932299

၂၀၁၆ - ၂၀၁၇ စာသင်နှစ်အတွက်
ဦးညာဏ်လွင် B.Sc(Phy),M.Sc(Thesis)
၉ တန်း နှင့် ၁၀တန်း
ဘာသာစုံဝိုင်းများ
ရူပဗေဒ သီးသန့်တန်းများ
ကျောင်းအပ် လက်ခံပြီ
အမှတ်(၁၈၆)၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ☎:01-253205, :09-420737118

## ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ်(၅၀)ဟုခေါ်တွင်သော (အလျားပေ ၁၂၀× အနံ ၇၅ပေ)ရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်ကြိုတင် သတိပေးတားမြစ်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ်-၄(က)နေ ဦးဝင်းဇော်[၁၂/မဂဒ(နိုင်)၀၇၇၉၉၆]၏ လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြိုတင်သတိပေးတားမြစ် ကြေညာ အပ်ပါသည်။

၁။ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ သဇင်မြိုင်လမ်း၊ အမှတ် (၅၀)ဟုခေါ်တွင်သော (အလျားပေ ၁၂၀× အနံ ၇၅ပေ) အကျယ်ရှိ မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဇော်က မူလပိုင်ရှင် ဒေါ်ကျော့ရန် (CA-၀၃၉၁၆၅) ထံမှ ၂၀၀၅ခုနှစ် အတွင်းကပင် စာချုပ်ချုပ်ဆိုဝယ်ယူ၍ တစ်ဦးတည်းပိုင်ဆိုင် လက်ရှိထား စီမံ ခန့်ခွဲမှု ပြုလုပ်နေခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

၂။ ကျွန်ုပ်မိတ်ဆွေ ဦးဝင်းဇော်ပိုင် မြေကွက်အတွင်းသို့ ဦးဝင်းဇော်၏ ခွင့်ပြု ချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ မြေတူးခြင်းအဆောက် အအုံဆောက်လုပ်ခြင်းများမပြုရန် ကြိုတင်၍အများသိစေရန် တားမြစ် သတိပေးအပ်ပါသည်။

၃။ ဤကြေညာချက်သတင်းစာတွင် ပါပြီးနောက်ပိုင်း ဦးဝင်းဇော်ပိုင် မြေကွက်အတွင်း ဝင်ရောက်၍ ကျူးကျော်နှောင့်ယှက်သူ မည်သူ့ကိုမဆို တည် ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်ထွန်းစံ(စဉ်-၅၅၄၅)**
**B.Sc(Chem), H.G.P, R.L, D.A, D.M.A**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅၈-B) ၃-လွှာ၊ ၃၈-လမ်း၊ ကျောက်တံတားမြို့နယ်၊**

San brotherhood
"စစ်ဆေး စမ်းသပ် (အခမဲ့)"
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက် များကို ပြုပြင် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်း များကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း (၃နှစ်အာမခံ)
အဝတ်လျှော်စက် 185,000Ks
အဝတ်ခြောက်စက် 220,000Ks
အဝတ်လျှော်စက် 140,000Ks
Air-Con 210,000Ks
တပ်ဆင်ပြီးဈေးနှုန်း 1HP 250000Ks
ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
FMI City (လှိုင်သာယာ) 706193,09-5084831,682445(Ext)1421
သုနန္ဒာလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383,09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 703684, 09-43130068
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
